اَلْقُرْءَانُ يُفَسِّرُ الْقُرْءَانَ

# စူရာဟ်ယာစီးန်

## မြန်မာဘာသာပြန်
## နှင့်
## အကျယ်ဖွင့်ဆိုချက်များ

[ ကုရ်အာန်က ကုရ်အာန်ကို ဖွင့်ဆိုရှင်းလင်းသောနည်းဖြင့် ပြန်ဆိုထားသည် ]

ဘာသာပြန်ဆိုသူ
မုဖ်သီ ဦးစန်းအောင်(B.Sc)

ဟစ်ဂျရီ ၁၄၂၉ ခုနှစ်၊ ရမသွာန်လပြတ် ဓမ္မဒါန

ကုရ်အာန်က ကုရ်အာန်ကို ဖွင့်ဆိုရှင်းလင်းသည့်နည်းဖြင့်

ဘာသာပြန်ဆိုထားသော

# စူရာဟ်ယာစီးန်

## မြန်မာဘာသာပြန်

## နှင့်

## အကျယ်ဖွင့်ဆိုချက်များ

ဘာသာပြန်ဆိုသူ

**မုဖ်သီဦးစန်းအောင် (B.Sc)**

ကုရ်အာန်အသိပညာပြန့်ပွားရေးကော်မတီ

ဆူတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်

မှ

ဂျမာအသ်သားများအတွက် (ကန့်သတ်) ဓမ္မဒါန

# ဘာသာပြန်သူ၏အမှာ

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

ကျွန်တော်တို့ ''ကုရ်အာန်အသိပညာပြန့်ပွားရေးကော်မတီ'' အနေဖြင့် မကြာခဏဆိုသလို အမေးခံရသောမေးခွန်တစ်ခုရှိပါသည်။ ယင်းမေးခွန်းက ''ခင်ဗျားတို့ကော်မတီရဲ့ ကုရ်အာန်ဘာသာပြန် ဘယ်တော့ထွက်မလဲတဲ့'' အလွန်မတန်မေးသင့်သော မေးခွန်းတစ်ရပ်ပင်တည်း။

ကုရ်အာန်ဘာသာပြန်ကျမ်းများ အမြောက်အများရှိပေသည်။ မြန်မာဘာသာပြန်ဆိုလျှင် ''ကုရ်အာန်အလင်းပြကျမ်း''မှာ ထင်ရှားလှပေသည်။ အင်္ဂလိပ်ဘာသာပြန် (၄)မျိုးခန့်သည်လည်း မြန်မာစာဖတ်ပရိသတ်နှင့် လက်တစ်ကမ်းတွင်သာရှိလေသည်။ သို့သော်ငြားလည်း မြန်မာစာဖတ်ပရိသတ်က''ကုရ်အာန် အသိပညာပြန့်ပွားရေးကော်မတီ''မှ ဘာသာပြန်ဆိုသော ကုရ်အာန်ဘာသာပြန်ကျမ်းကို အဘယ်ကြောင့် ထပ်မံတောင်းဆိုနေရသနည်း။

''ကုရ်အာန်အသိပညာပြန့်ပွားရေးကော်မတီ'' ကို(၁၉၉၆)ခုနှစ် မတ်လ(၂၈)ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်ရှိ (၅၉)လမ်း၊ ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်တွင် အခြေစိုက်ခဲ့လေသည်။ ရည်ရွယ်ချက်က ကုရ်အာန်ဆိုင်ရာအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်ရေးအတွက် ဖြစ်သည်။ အမှန်တကယ်ပင် ''ကုရ်အာန်အသိပညာပြန့်ပွားရေးကော်မတီ''အနေဖြင့် ကုရ်အာန်၏ အသိပညာများကို တစ်စိုက်မတ်မတ် ဦးလည်မသုန် ဖြန့်ချိခဲ့ရာ အစပိုင်းတွင် အချို့သောမွတ်စလင်မ်တို့၏ မျက်စောင်းထိုးမှုကိုပင် ခံခဲ့ရလေသည်။ သို့သော် (၅၉)လမ်းဗလီအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ''ကုရ်အာန်အသိပညာပြန့်ပွားရေးကော်မတီဝင်များနှင့် (၅၉)လမ်းဂျမာအသ်ဝင် မိသားစုတို့က မိမိတို့၏မူလဦးတည်ချက်၊ ရည်ရွယ်ချက်အပေါ် မျက်ခြည်မပြတ်ဘဲ၊ ကြံ့ကြံ့ခံရပ်တည်ခဲ့ကြသည်။

ကောင်းပြီ။ . . အများက တောင်းဆိုသလို ကုရ်အာန်ဘာသာပြန်လုပ်ငန်းကို စကြမယ်။ . . ဘယ်ကစပြီး ဘယ်လိုလုပ်ကြမလဲ။ ကော်မတီဝင်တွေအကြားတိုင်ပင် ညှိနှိုင်းကြလေပြီ။ ရေပန်းစားတဲ့ "စူရာဟ်"တွေက စကြရအောင်။ . . စဆိုရင် "စူရာဟ်ယာစီးန်"က စကြရအောင်။ . . အားလုံးသဘောတူကြသည်။ သို့နှင့် "စူရာဟ်ယာစီးန်"ကိုစပြီး ဘာသာပြန်တော့သည်။

ကျွန်တော် 'စူရာဟ်ယာစီးန်'ကို စတင်ဘာသာပြန်သည်။ အပိုင်းအလိုက် ပြန်ဆိုပြီး သောကြာခုတ္တဗာဟ်တွင် ဂျမာအသ်ကိုတင်ပြသည်။ အမြည်းသဘောမျိုး ဖြစ်သည်။ ဂျမာအသ်က အတော်ပင်ကြိုက်နှစ်သက်သည်။ ဂျမာအသ်၏ ကြိုက် နှစ်သက်မှုက ကျွန်တော့်အတွက် အားဆေးတစ်ခွက်ပင် ဖြစ်သည်။

ကျွန်တော်တို့၏ ဘာသာပြန်ဆိုချက်က ရှိပြီးသားဘာသာပြန်များနှင့် ဝေါဟာရအရလည်းကောင်း၊ စကားလုံးအသုံးအနှုန်းအားဖြင့် လည်းကောင်း၊ မြန်မာစာတည်ဆောက်ပုံအရလည်းကောင်း၊ စကားလုံးဖလှယ်ပြီး မြန်မာမှုပြုရာ၌ လည်းကောင်း၊ အနည်းနှင့်အများဆိုသလို ကွဲပြားခြားနားမှုများ ရှိနိုင်ပေသည်။ ကျွန်တော်တို့၏ ဘာသာပြန်ဆိုချက်က ကုရ်အာန်၏အလိုသဘောအနက်သဘောကို ဦးတည်ရည်ညွှန်းသည်။ မူရင်းအရဗီအသုံးအနှုန်းများကို အနှစ်သာရမပျောက်စေဘဲ လွတ်လပ်စွာပင် မြန်မာမှုပြုပါသည်။ ဤသည်က "ကုရ်အာန်အသိပညာ ပြန့်ပွားရေး ကော်မတီ"၏ကုရ်အာန်ဘာသာပြန်ဆိုခြင်းဆိုင်ရာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

ဘာသာပြန်ဆိုခြင်းဆိုင်ရာ ပညာရပ်နှင့် ပတ်သက်၍ ပညာရှင်တစ်ဦးဖြစ်သူ ***DR.EUGENE A NIDA*** ၏အကြံပေးချက်(၂)ရပ်သည် အလွန်မှတ်သားဖွယ် ကောင်းလှပေသည်။ သူကအောက်ပါအတိုင်း အကြံပြုထားလေသည်။

***The translators must have a thorough knowledge of both languages: the text language and native language.***

''ဘာသာပြန်ဆိုသူတို့သည် မူလဘာသာပြန်ဆိုသည့် ဘာသာစကားကိုရော၊ ဘာသာပြန်ခံ အမိဘာသာစကားကိုပါ ကျွမ်းကျင်နှံ့စပ်စွာ သိရှိထားရန်လိုအပ်ပေသည်။''

***The translator must be a word -hunter .***

''ဘာသာပြန်ဆိုသူသည် တောလိုက်မုဆိုးတစ်ယောက်ကဲ့သို့ ဝေါဟာရများကို ခြေရာခံပြီးအမြဲတမ်းလိုက်လံရှာဖွေစုဆောင်းနေသူ ''ဝေါဟာရမုဆိုး'' တစ်ယောက်ဖြစ်ရမည်။''

အမှန်တကယ်၌မူ ကျွန်တော်အနေနှင့် ''စူရာဟ်ယာစီးန်''ကို မြန်မာဘာသာပြန်ဆိုခြင်းဆိုသည်ထက် မြန်မာမှုပြုခြင်းဆိုသည်က ပို၍မှန်ကန်ပေသည်။ မြန်မာစာဖတ်ပရိသတ်ကို အလေးထား၍ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ တစ်ဆက်တည်းဆိုသလိုပင်''အာယသ်''တစ်ခုချင်းစီ၏အကျယ်ဖွင့်ဆို ရှည်ညွှန်းချက်များကိုလည်းလိုအပ်သည်နှင့်အညီရေးသားပြုစုဖော်ပြထားပါသည်။ ထိုသို့ဖွင့်ဆိုချက် (တဖ်ဆီရ်)အပိုင်းမှာ ကျွန်တော်၏အယူအဆတစ်ရပ်သာလျှင် ဖြစ်ပါသည်။ လက်ခံနိုင်သလို လက်မခံ၍လည်း ပြဿနာတစ်စုံတစ်ရာရှိမည် မဟုတ်ပေ။ သို့သော် အကျယ်ဖွင့်ဆိုသည့်အပိုင်း၌ အစ္စလာမ်ပညာရှင်များက အကွဲအလွဲမရှိဘဲ တစ်ညီတစ်ညွတ်တည်း လက်ခံထားကြသော အဆင့်အမြင့်ဆုံး နည်းစနစ်ဖြစ်သည့် ကုရ်အာန်ကို ကုရ်အာန်ဖြင့် ဖွင့်ဆိုသောနည်းစနစ် (اَلْقُرْءَانُ يُفَسِّرُ الْقُرْءَانَ) ကို လက်ကိုင်ပြုထားပါသည်။

ဝန်ခံချက်တစ်ရပ်ပြုလိုသည်မှာ ဤဘာသာပြန်ဆိုချက်နှင့် တဖ်ဆီရ် အကျယ်ဖွင့်ဆိုချက်သည် အခြားစာအုပ်တစ်အုပ်၊ ပညာရှင်တစ်ဦးတစ်ယောက်၏ ရေးသားပြုစုထားသည်ကို ထပ်ဆင့်ဘာသာပြန် ကိုးကားဖော်ပြခြင်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်ချီးမြှင့်ထားသော မိမိ၏ကိုယ်ပိုင်အသိဉာဏ်၊ အတွေ့အကြုံတို့ကိုသာ အခြေပြုထားသောကြောင့် အားနည်းချက် ၊အားသာချက်များရှိမည်မှာ မလွဲကေန်ပင် ဖြစ်သည်။ စာဖတ်သူတို့ဖက်မှ ဘာသာပြန်သူ၏ အားနည်းချက်များကို ချင့်ချိန်ထောက်ရှု၍ ပြင်ဆင်တင်ပြပေးမည်ဆိုပါက အလွန်ကျေးဇူးတင်ဖွယ်ရာဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ဤဘာသာပြန်ထွက်ပေါ်လာရေးအတွက် အဖက်ဖက်က အကြံပြုကြသော မိတ်ဆွေ၊ ရဲဘော်ရဲဘက်၊ အပေါင်းအသင်းများ၊ (၅၉)လမ်း ဂျမာအသ်ဝင်များ၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသော ကုရ်အာန်အသိပညာပြန့်ပွားရေးကော်မတီဝင်များ၊ စာမူကြမ်းရေးရန်စာရွက်များ လက်ဆောင်ပေးသူ ကျွန်တော့မိတ်ဆွေ ဂျမာအသ်သားတစ်ဦး၊ **'အဝ္ဂ'** ကွန်ပျူတာစာစီအဖွဲ့သားများ၊ အားပေးတိုက်တွန်းသော ကျွန်တော့်မိသားစုနှင့် ဖတ်ရှုလေ့လာသူအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ပြင်ဆင်အကြံပြုချက်များကို မျှော်လင့်လျက်**
**မုဖ်သီ ဦးစန်းအောင် (B.Sc)**

# နိဒါန်း

ဤစူရာဟ်တော်သည် ကျမ်းတော်မြတ်ကုရ်အာန်၌ ပါဝင်ဖွဲ့စည်းထားသော စူရာဟ်(၁၁၄)ပါးအနက် အမှတ်စဉ်(၃၆) "စူရာဟ်"ဖြစ်သည်။ ယင်း"စူရာဟ်"တွင် "အာယသ်တော်" (၈၃)ပါး ပါဝင်ပေသည်။

ယင်းစူရာဟ်တော်၌ ပါဝင်ဖွဲ့စည်းထားသည့် အကြောင်းအချက်များကို လေ့လာပြီး၊ အောက်ပါအတိုင်း ခွဲခြားဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၁။ ကျမ်းတော်မြတ်ကုရ်အာန်၏ မှန်ကန်သော သစ္စာတရား

၂။ မှန်ကန်သော သစ္စာတရား၏ အတည်ပြုချက်

၃။ သစ္စာတရား၏ သက်သေလက္ခဏာများ

၄။ ဆုလာဘ်နှင့်ပြစ်ဒဏ် (ကောင်းကျိုးနှင့်ဆိုးကျိုး)

၅။ ပြန်လည်ရှင်ပြန်ထရမည့်နေ့အကြောင်း(ကေယာမသ်)

၆။ လူသားတို့၏စိတ်နေစိတ်ထား

၇။ မဟာစကြဝဠာကြီး၏ အလ္လာဟ်အရှင်မြတ်အပေါ် နာခံနေပုံ

၈။ နေ့နှင့်ည ပြောင်းလဲခြင်းဆိုင်ရာ ကြောင်းကျိုးဆက်စပ်မှု

بسم الله الرحمن الرحيم

မဟာစကြာဝဠာကြီး၏ လိုအပ်ချက်အဝဝကို လိုလေသေးမရှိအောင် ကြိုတင်၍ စနစ်တကျ စီမံထောက်ပံ့ထားတော်မူသော မဟာဂရုဏာတော်အရှင်ဖြစ်သည့် အလ္လာဟ် အရှင်မြတ်၏ နာမတော်ကို ဦးထိပ်ပန်ဆင်ပါ၏။

**(စူရာဟ်ယာစီးန် ၃၆း၁)**

# يٰسٓ

## အို – စီး(န်) (ကုရ်အာန် ၃၆း၁)

**ရှင်းလင်းချက်။** ။ အရဗီဘာသာစာပေတွင် (يٰسٓ) ဆိုသည်မှာ (يَا) ဆိုသည့် စကားလုံးနှင့်(س)ဆိုသည့်စကားလုံးတို့ကို ပေါင်းစပ်ရေးသားထားခြင်း ဖြစ်သည်။ (يا) ဆိုသည်မှာ “အို . .”ဟူသော **“ရေရွတ်ဟစ်ခေါ်အသိပေးခြင်း”**ကို ရည်ညွှန်းလေသည်။

(س) ဟူသော စကားလုံးသည် သင်္ကေတ သဘောကိုဆောင်၍တစ်စုံတရာကို ရည်ညွှန်းနေခြင်းဖြစ်သည်။ ယင်းကဲ့သို့သင်္ကေတသဘောဆောင်၍ ရည်ညွှန်းထားခြင်းက ကျမ်းမြတ်ကုရ်အာန်ကို လေ့လာဆည်းပူးသူတို့၏ ဦးနှောက်အသိဉာဏ်ကို စေစားအသုံးပြုစေလိုသော အလ္လာဟ်အရှင်မြတ်၏ဆန္ဒတော်တစ်ရပ်ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်(၁၂း၂)တွင်ဤသို့ပြဆိုထားသည်။

إِنَّا أَنزَلْنَاهُ قُرْآنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُونَ

ငါအလ္လာဟ်အရှင်မြတ်သည် ယင်းအရာကို အဖန်တလဲလဲဖတ်စရာ(قُرْآنًا) အဖြစ်ငှင်း၊ အရဗီဘာသာစာပေအဖြစ်ငှင်း၊ အဆင့်ဆင့်ထုတ်ပြန်ပို့ချပေးခဲ့ရခြင်းမှာ သင်တို့၏အသိဉာဏ်ကို စေစားအသုံးပြုနိုင်ရန်အတွက်ဖြစ်သည်။ (ကုရ်အာန်၁၂း၂)

(س) ဟူသော အရဗီသင်္ကေတဆိုင်ရာ ဝေါဟာရကို အချို့ပညာရှင်တို့က (اِنْسَانٌ) လူသားကိုရည်ညွှန်းခြင်း ဟု အနက်ကောက်ယူကာ''**အို-လူသား**''ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

အလားတူ (س)ဆိုသည်မှာ (سَيِّدٌ) အကြီးအကဲ၊ ဦးစီးနာယက၊ ခေါင်းဆောင်ကြီး၊ ဂုဏ်သရေရှိသူ၊ ဦးဆောင်သူကို ရည်ညွှန်းသည်ဟု အနက်ကောက်ယူကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်ကို ပို့ချဖြန့်ချီဟောကြားသူ နဗီတမန်တော်မြတ်ကြီးအား မွတ်စလင်မ်ထုတစ်ရပ်လုံးက (سَيِّدٌ) ဟုသတ်မှတ်ထားကြသည့်အတွက် **အို- လူသားတို့၏ ဦးစီးနာယက တမန်တော်မုဟမ္မဒ်(ﷺ)**ဟုလည်း အချို့ပညာရှင်တို့က အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

**(ရှူရာဟ်ယာစီးန် ၃၆း၂)**

# وَالْقُرْآنِ الْحَكِيمِ

**"အသိပညာအရပ်ရပ်အား ကြွယ်ဝစွာဖြင့် ပါဝင်ဖွဲ့စည်းထားသော ကျမ်းမြတ် ကုရ်အာန်ကို ငါအရှင်သက်သေထူတော်မူ၏။" (ကုရ်အာန်၃၆း၂)**

**ရှင်းလင်းချက်။** ။ အထက်ပါအာယသ်တော်၏ ထိပ်ဆုံးတွင် ပါရှိသော(و)သည် (وَاوُالْقَسْمِيَّة) ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်၏တိုင်တည်သက်သေထူမှုကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းကဲ့သို့သောရည်ညွှန်းမှုများကို ကျမ်းတော်မြတ်ကုရ်အာန်၌ ဥပမာအားဖြင့် (၈၅း၁) (၈၅း၂) (၈၅း၃) (၁၀၀း၁) (၁၀၃း၁) အစရှိသည်တို့၌ တွေ့ရှိရပေသည်။

(စူရာဟ်ယာစီးန် ၃၆း၃)

إِنَّكَ لَمِنَ الْمُرْسَلِينَ

**'ကောန်အမှန်အသင်(မုဟမ္မဒ်)သည် စေလွှတ်ခြင်းခံရသော အလ္လာဟ် တမန်တော်များအနက်မှ တမန်တော်တစ်ပါးဖြစ်သည်။'**

**(ကုရ်အာန် ၃၆း၃)**

**ရှင်းလင်းချက်။** ။ အလ္လာဟ်အရှင်မြတ်သည် လူသားအုပ်စုဝင်အဆက်တို့အတွက် လမ်းညွှန်ပြသူ တမန်တော်များအဖြစ် ယင်းလူသားတို့အတွင်းမှပင် လူသားတစ်ဦးကို ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။ ဥပမာ–တမန်တော်အီဘရာဟင်(မ်)(ﷺ) ၊ တမန်တော်မူဆာ(ﷺ)၊ တမန်တော်အီဆာ(ﷺ)အစရှိသည်တို့ဖြစ်သည်။ ယင်းကဲ့သို့ စဉ်ဆက်မပြတ်သော တမန်တော်များအနက် တမန်တော်မုဟမ္မဒ်(ﷺ)သည် နောက်ဆုံး တမန်တော်တစ်ပါးဖြစ်သည်။ တစ်နည်းအားဖြင့် အလ္လာဟ့်ထံမှ နောက်ဆုံး'ဝဟီ'ကို လက်ခံသယ်ဆောင်ဖြန့်ချိပေးသူ နောက်ဆုံးတမန်တော်ဖြစ်သည်။

သို့သော်အရပ်နွယ်ဖွား တမန်တော်မုဟမ္မဒ်(ﷺ)နှင့် ပတ်သက်၍ ယင်းခေတ် ရှိ 'ကိုရိုက်ရှ်' မျိုးနွယ်များက လက်မခံကြချေ။ ဂျူးနှင့် ခရစ်ယာန်တို့ကလည်း ငြင်းဆိုကြသည်။ ခရစ်ယာန်တို့အနေနှင့် တမန်တော်တစ်ပါး ထပ်မံပွင့်ပေါ်လာဦးမည် ဟူသော သူတို့၏ဗျာဒိတ်တော်ကို လက်ခံယုံကြည်ကြသော်လည်း သူတို့မျိုးနွယ်မှ မဟုတ်ဘဲ အရပ်မျိုးနွယ်မှပွင့်ပေါ်သော တမန်တော်မုဟမ္မဒ်ကို လက်မခံကြချေ။ လူလိမ်လူညာဟု စွပ်စွဲကြလေသည်။ ယင်းစွပ်စွဲပြောဆိုချက်အရပ်ရပ်ကို ယုံကြည်သူ တို့အတွက် ယင်းအာယသ်တော်(၃၆း၃)က ချေဖျက်လိုက်ခြင်းဖြစ်သည်။

(ရှုရာဟ်ယာစီးန် ၃၆း၄)

# عَلَى صِرَاطٍ مُّسْتَقِيمٍ

**ယင်းတမန်တော်သည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ပေါ်တွင် တည်ရှိနေသည်။ (ကုရ်အာန် ၃၆း၄)**

ရှင်းလင်းချက်။ ။ကျမ်းတော်မြတ်ကုရ်အာန်(၄၂း၅၂)တွင် ဤသို့ပြဆိုထားလေသည်။

وَكَذَلِكَ أَوْحَيْنَا إِلَيْكَ رُوحًا مِّنْ أَمْرِنَا مَا كُنتَ تَدْرِي مَا
الْكِتَابُ وَلَا الْإِيمَانُ وَلَكِن جَعَلْنَاهُ نُورًا نَّهْدِي بِهِ مَنْ نَّشَاء
مِنْ عِبَادِنَا وَإِنَّكَ لَتَهْدِي إِلَى صِرَاطٍ مُّسْتَقِيمٍ (42:52)

ယင်းကဲ့သို့ပင် ငါအလ္လာဟ်အရှင်မြတ်က ငါ၏အမိန့်တော်အနက်မှ လူသားထုတစ်ရပ်လုံး သက်ဝင်လှုပ်ရှားလာစေသော 'ရူဟ်'ဟူသည့် ကျမ်းမြတ်ကုရ်အာန်ကို 'ဝဟီ'အဖြစ်ထုတ်ပြန့်ပို့ချခဲ့လေပြီ။ သင်သည် ကျမ်းဂန်ဒေသနာဟူသည် အဘယ်နည်းဆိုသည်ကိုသော်လည်းကောင်း၊ အီမာန်သက်ဝင်ယုံကြည်ခြင်းဟူသည် အဘယ်နည်းဆိုသည်ကိုလည်းကောင်း(ဝဟီမရခင်မွေးရာပါ) သိရှိလာခဲ့သည် အလျှင်းမဟုတ်ပေ။ သို့ပေငြားလည်း ငါအရှင်မြတ်သည် ငါ၏နာခံတော်များအနက်မှ အလိုတူသူတို့အပေါ် ကျမ်းမြတ်ကုရ်အာန်ကို လင်းရောင်ခြည်အဖြစ် စီမံဆောင်ရွက်တော်မူပြီး ယင်းကုရ်အာန်အားဖြင့် သူတို့အားလမ်းညွှန်ပြသလျက်ရှိသည်။ ကေန်မလွဲ သင်သည်လည်း ဖြောင့်မတ်မှန်ကန်သော လမ်းကိုသာညွှန်ပြလျက်ရှိနေသည်။ (ကုရ်အာန်၄၂း၅၂)

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်(ဆွ)အား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အပေါ်တွင် အမှန်တကယ်ရှိစေခဲ့သလို တမန်တော်မြတ်(ဆွ)ကလည်း ဖြောင့်မတ်မှန်ကန်သောလမ်းစဉ်ပေါ် ကေန်မလွဲရှိခဲ့ပေပြီ။

**ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကား အဘယ်နည်း။**

ကျမ်းတော်မြတ်ကုရ်အာန်(၄၂း၅၂)အရဖြောင့်မတ်မှန်ကန်သောလမ်းစဉ် ဟူသည် ချိနဲ့အားနည်းနေသူများအတွက်'ရူဟ်'တည်းဟူသော သက်ဝင်လှုပ်ရှားမှုကို ပေးစွမ်းနိုင်သော ကျမ်းတော်မြတ်ကုရ်အာန်ဖြစ်သည်။ အမှောင်အမိုက်ထဲရှိသူတို့ကို 'နူးရ်'တည်းဟူသော အလင်းရောင်ဖြင့် လမ်းညွှန်ပြမည့် ကျမ်းမြတ်ကုရ်အာန်ဖြစ်သည်။ ယင်းကျမ်းမြတ်ကုရ်အာန်၏ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အားဖြင့် တမန်တော်မြတ်က လူသားထုတစ်ရပ်လုံးကိုလမ်းပြလျက်ရှိလေသည်။

အခြားတစ်ဖက်က ကြည့်မည်ဆိုလျှင် တမန်တော်မြတ်သည် ဖြောင့်မတ်မှန်ကန်သောလမ်းစဉ်အပေါ် ရပ်တည်လျက်ရှိသည်အားလျော်စွာ လောဘ၊ မောဟ၊ ဒေါသ၊ တဏှာရာဂ ကင်းရှင်းသူဖြစ်သည်။ သို့ဖြစ်ရာ၊ တမန်တော်မြတ်(ဆွ)အပေါ် လောဘ၊ မောဟ၊ ဒေါသ၊ တဏှာရာဂ မကင်းနိုင်သူတစ်ဦးအဖြစ် ရှုမြင်သုံးသပ်ခြင်း၊ ရေးသားမှတ်တမ်းတင်ခြင်း၊ ပြောဆိုဆွေးနွေးခြင်း အစရှိသည်တို့မှာ တမန်တော်မြတ်အား မယုံကြည်ခြင်းနှင့် ကျမ်းမြတ်ကုရ်အာန်ကို ငြင်းပယ်ခြင်းသာဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆း၅)**

تَنزِيلَ الْعَزِيزِ الرَّحِيمِ

**အရာရာကို မဟာကရုဏာတော်ဖြင့် လွှမ်းခြုံနိုင်လောက်အောင်တန်ခိုး အာနုဘော်စွမ်းပကားတို့ဖြင့် ပြည်စုံတော်မူသည့် အလ္လာဟ်အရှင်မြတ်ထံမှ ထုတ်ပြန်ပို့ချသော ကျမ်းဂန်ကုရ်အာန်ဖြစ်သည်။ (ကုရ်အာန် ၃၆း၅)**

ရှင်းလင်းချက်။ ။ ကုရ်အာန်(၂၅း၁)တွင်ကျမ်းတော်မြတ်ကုရ်အာန်ကို လူသားတို့အတွက် အမှားနှင့်အမှန်ကို ခွဲခြားပေးရန် မှတ်ကျောက် (CRITERION) အဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်ရန်အတွက်လည်းကောင်း၊ ထုတ်ပြန်ပို့ချပေးထားခြင်းဖြစ်ကြောင်းကို အောက်ပါအတိုင်း ပြဆိုထားသည်။

تَبَارَكَ الَّذِي نَزَّلَ الْفُرْقَانَ عَلَى عَبْدِهِ لِيَكُونَ لِلْعَالَمِينَ نَذِيرًا

မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်သည် သူ၏နာခံတော်မုဟမ္မဒ်(ဆွ)အပေါ်သို့ အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်းတို့ကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာပေးနိုင်သော မှတ်ကျောက်(ကုရ်အာန်)ကို ထုတ်ပြန်ပို့ချပေးခဲ့လေပြီ။ ထိုသို့ထုတ်ပြန်ပို့ချပေးရခြင်းမှာ စကြဝဠာခပ်သိမ်းအားယင်းမှတ်ကျောက်(ကုရ်အာန်)အားဖြင့် သတိပေးဆုံးမ တရားပြနိုင်ရေးအလို့ငှာဖြစ်သည်။ (ကုရ်အာန်–၂၅း၁)

တမန်တော်မြတ် သတိပေးဆုံးမတရားပြခဲ့သော ကျမ်းတော်မြတ်ကုရ်အာန်အားဖြင့် အဆိုးနှင့်အကောင်း၊ အမှားနှင့်အမှန်ကို မှတ်ကျောက်တင်ဝေဖန်ပိုင်းခြားပြီး အမှန်တရားကို လိုက်နာကျင့်ကြံသူတို့အဖို့ အလ္လာဟ်အရှင်မြတ်၏'ရဟ်မသ်'တော်ဖြင့် လွှမ်းခြုံခံရမည်ဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆း၆)**

لِتُنذِرَ قَوْمًا مَّا أُنذِرَ آبَاؤُهُمْ فَهُمْ غَافِلُونَ

**သူတို့၏ ဘိုး၊ဘွား၊ဘီ၊ဘင်များ သတိပေးဆုံးမ တရားပြခြင်း မခံခဲ့ရသောမျိုးနွယ် တစ်ရပ်အား သင်တမန်တော် သတိပေးဆုံးမ တရားပြနိုင်ရေးအတွက် ယင်းကုရ်အာန်ကို ထုတ်ပြန်ပို့ချပေးခဲ့ခြင်း ဖြစ်သည်။ သူတို့၏ဘိုးဘွားဘီဘင်တို့မှာ သတိတရား မရှိကြသူများ ဖြစ်ကြ၏။ (ကုရ်အာန် ၃၆း၆)**

**ရှင်းလင်းချက်။** ။တမန်တော်မြတ်သည် ကျမ်းတော်မြတ်ကုရ်အာန်အားဖြင့် မက္ကာဟ်သားတို့အားအရင်ဦးဆုံးသတိပေးဆုံးမတရားပြခဲ့လေသည်။ သို့ပေငြားလည်း မက္ကာဟ်သားအများစုမှာ သူတို့၏ဘိုးဘွားဘီဘင်တို့၏ ကိုးကွယ်မှုဆိုင်ရာပေါ်တွင်သာ အသိမဲ့စွာရပ်တည်လျက်ရှိကြသည်။ ကျမ်းတော်မြတ်ကုရ်အာန် (၂း၁၇၀)တွင် ဤသို့ ပြဆိုထားလေသည်။

وَإِذَا قِيلَ لَهُمُ اتَّبِعُوا مَا أَنزَلَ اللّهُ قَالُواْ بَلْ نَتَّبِعُ مَا أَلْفَيْنَا
عَلَيْهِ آبَاءنَا أَوَلَوْ كَانَ آبَاؤُهُمْ لاَ يَعْقِلُونَ شَيْئاً وَلاَ يَهْتَدُونَ

တစ်စုံတစ်ဦးကသူတို့အား သင်တို့သည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချသော ကျမ်းမြတ်ကုရ်အာန်ကို ဖဝါးခြေထပ်လိုက်နာကြလေကုန်ဟုပြောသောအခါ ထိုသူတို့က ''အလျှဉ်းမဟုတ်ပေ။ ငါတို့သည် ငါတို့၏ဘိုးဘွားဘီဘင်များက လိုက်နာကျင့်သုံးခဲ့သော ကျင့်စဉ်ကျင့်ရပ်များအပေါ်တွင်သာ လိုက်နာကျင့်သုံးလျက်ရှိကြသည်ဟု ပြောဆိုခဲ့ကြလေသည်။ လုံးဝအသိတရားမရှိခဲ့ကြသလို လမ်းမှန်ပေါ်၌လည်းမရှိကြသော သူတို့၏ ဘိုးဘွားဘီဘင်လမ်းစဉ်ပေါ်တွင် သူတို့လိုက်နာအခြေပြုလိုကြသလော။
(ကုရ်အာန်၂း၁၇၀)

**(စူရာဟ်ယာစီးန် ၃၆း၇)**

لَقَدْ حَقَّ الْقَوْلُ عَلَى أَكْثَرِهِمْ فَهُمْ لَا يُؤْمِنُونَ

**သတိပေးဆုံးမပြောကြားချက်သည် မြောက်များစွာသောသူတို့ အပေါ်၌ ကေန်အမှန်အတည်ပြုပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်သော်လည်း ၊ သူတို့သည်ကား ယင်းအပေါ်၌ သက်ဝင်ယုံကြည်မှု အလျှဉ်းမရှိကြချေ။**
**(ကုရ်အာန် ၃၆း၇)**

ရှင်းလင်းချက်။ ။ အစ္စလာမ်က သတ်မှတ်သောအမှန်တရားဆိုသည်မှာ လူများသည်၊ နည်းသည်ဟူသော အရေအတွက်နှင့် မသက်ဆိုင်ပေ။ အရည်အချင်းနှင့်သာ သက်ဆိုင်သည်။ ထို့ကြောင့် အများစုက ကျင့်သုံးနေကြသဖြင့် မိမိသည်လည်း လိုက်နာကျင့်သုံးမည် ဆိုသည်ထက် အမှန်တရားဟုတ်၊ မဟုတ်ကို လေ့လာဆန်းစစ်ပြီးမှ လိုက်နာကျင့်သုံးခြင်းကသာလျှင် အစ္စလာမ်၏အနှစ်သာရဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆း၈)**

إِنَّا جَعَلْنَا فِي أَعْنَاقِهِمْ أَغْلاَلاً فَهِيَ إِلَى الأَذْقَانِ فَهُم مُّقْمَحُونَ

**ကေန်အမှန် ငါအလ္လာဟ်အရှင်မြတ်သည် ယင်းအများစုတို့၏ လည်ကုပ်များတွင် လည်ကွင်းများကို သူတို့၏မေးစေ့ရောက်သည် အထိစွပ်ပေးထားခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် ခေါင်းပင်မငုံနိုင်တော့ဘဲ မော်ကြွားမောက်မာလျက်ရှိသည်။ (ကုရ်အာန်၃၆း၈)**

ရှင်းလင်းချက်။ ။ ကျမ်းတော်မြတ်ကုရ်အာန်၏ ပကတိအမှန်တရားကို ကျောခိုင်းကာ ဘိုးဘွားဘီဘင် ကျင့်သုံးမှုများကိုသာ လက်ခံကျင့်သုံးနေသူများသည် လည်းကောင်း၊ အများစုအနောက်သို့ လိုက်နေကြသူများသည်လည်းကောင်း၊ သူတို့၏လည်ကုပ်၌ လွဲမှားသောအယူအဆများက ခွစီးထားပြီးဖြစ်၏။ ထို့ပြင်မက ထိုသူတို့သည် မိမိတို့၏အယူအဆများသည်သာ အမှန်တရား၊ သစ္စာတရားဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားစွာ လက်ခံထားကြသည့်အပေါ် အလွန်မောက်မာမော်ကြွားနေကြပြီး အလ္လာဟ်အရှင်မြတ်၏

အမိန့်တော်အပေါ် ဘယ်တော့မျှ ဦးညွတ်ခယရိုကျိုးကြလိမ့်မည်မဟုတ်ပေ။

**(စူရာဟ်ယာစီးန် ၃၆:၉)**

وَجَعَلْنَا مِن بَيْنِ أَيْدِيهِمْ سَدًّا وَمِنْ خَلْفِهِمْ سَدًّا فَأَغْشَيْنَا
هُمْ فَهُمْ لاَ يُبْصِرُونَ

**ငါအရှင်မြတ်သည် သူတို့၏ရှေ့၌ အတားအဆီးအကာအရံတစ်ခုကိုလည်းကောင်း၊ သူတို့၏နောက်၌ အတားအဆီး၊ အကာအရံတစ်ခုကိုလည်းကောင်း၊ စီမံဆောင်ရွက်ထားပေးခဲ့ပြီးဖြစ်သည်။ ယင်းအကာအကွယ်များဖြင့်သူတို့အား ငါအရှင်မြတ်က တားဆီးလိုက်သည့်အတွက် သူတို့ သည်မမြင်နိုင်ကြတော့ချေ။ (ကုရ်အာန် ၃၆:၉)**

ကုရ်အာန်(၃၆:၈)တွင် ဖော်ပြထားသော **မောက်မာမော်ကြွားနေသူတို့၏** အရှေ့တွင် အကာအရံတစ်ခုကိုလည်းကောင်း၊ အနောက်တွင် အကာအရံတစ်ခုကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်က ကာရံပေးလိုက်သည်ဆိုခြင်းမှာ သူတို့၏ မောက်မာမော်ကြွားမှုက အတိတ်ကိုပြန်လည်မသုံးသပ်နိုင်သလို အနာဂတ်ကိုလည်း စူးစမ်းမြော်မြင်နိုင်စွမ်းမရှိတော့ခြင်းကို ရည်ညွှန်းလေသည်။ သူတို့သည်သူတို့၏ လက်ရှိဘဝကိုသာ ပျော်ပိုက်နေကြသော အတိတ်မေ့အနာဂတ်ပျောက်နေသူများဖြစ်သည်။ မိမိသာလျှင် မိမိဘဝ၏အရှင်သခင်ဟု တွေးထင်ထားကြသူများသည် အမှန်တကယ်မှာမူ ဝေဒနာရှင်များသာဖြစ်လေသည်။

ကျမ်းတော်မြတ်ကုရ်အာန်(၂း၇)၌ ဤသို့ပြဆိုထားသည်။

خَتَمَ اللّهُ عَلَى قُلُوبِهمْ وَعَلَى سَمْعِهِمْ وَعَلَى أَبْصَارِهِمْ غِشَاوَةٌ

အလ္လာဟ်အရှင်မြတ်သည် ဖုံးကွယ်မှုတစ်ရပ်ကို သူတို့၏နှလုံးသားများအပေါ်၌လည်းကောင်း၊ သူတို့၏အကြားအာရုံအပေါ်၌လည်းကောင်း၊ သူတို့၏အမြင်အာရုံအပေါ်၌လည်းကောင်း ခတ်နှိပ်ပေးခဲ့လေပြီ။ (ကုရ်အာန် ၂း၇)

فِي قُلُوبِهِم مَّرَضٌ فَزَادَهُمُ اللّهُ مَرَضاً

သူတို့၏နှလုံးသားများကဝေဒနာတစ်ရပ်ကို မွေးထုတ်ပေးလိုက်ပြီဖြစ်ရာ အလ္လာဟ်အရှင်မြတ်ကလည်းယင်းဝေဒနာကို တိုးပွားစေတော်မူလိုက်၏။

(ကုရ်အာန်၂း၁၀)

**(ဖူရှာဟ်မာအိုန် ၃၆း၁၀)**

وَسَوَاء عَلَيْهِمْ أَأَنذَرْتَهُمْ أَمْ لَمْ تُنذِرْهُمْ لاَ يُؤْمِنُونَ

**သူတို့၏ အီမာန်သက်ဝင်ယုံကြည်နိုင်မှု** မရှိခြင်းအပေါ် သင်တမန်**တော်က သတိပေး၊ တရားပြဆုံးမမှုကိုပြုသည်ဖြစ်စေ၊** မပြုသည်ဖြစ်စေ **သူတို့အပေါ်အကျိုး သက်ရောက်မှု တစ်စုံတစ်ရာရှိမည်မဟုတ်ပေ။**

**(ကုရ်အာန်၃၆း၁၀)**

**ရှင်းလင်းချက်။** အီမာန်သက်ဝင်ယုံကြည်ခြင်းသည် နူးညံ့သိမ်မွေ့သော နှလုံးသားပိုင်ရှင်တို့အတွက်သာ ဖြစ်သည်။ အီမာန်နှင့် မောက်မာမော်ကြွားမှုသည် ဆန့်ကျင်ဖက်ဖြစ်သည်။ ထို့ကြောင့် အမှန်တရား၊ သစ္စာတရားကို လက်ခံနာယူမှတ်သားနိုင်သူတို့၏ အရည်အသွေးသည်

လက်ရှိမျက်မှောက်အနေအထားကို မျက်ခြေမပြတ်ဘဲ အတိတ်ကို အမြဲတမ်း ပြန်လည်သုံးသပ်နေသူ ဖြစ်ရမည်။ အနာဂတ်ကိုလည်း ရှုမျှော်သုံးသပ်နိုင်သောအမြင် ရှိရပေမည်။ မိမိမျက်မှောက် အခြေအနေနှင့် အတိတ်ကာလအကြား၌ လည်းကောင်း၊ အနာဂတ် **ကာလအကြား၌လည်းကောင်း၊ အတားအဆီး၊အကာအရံများ မခြားထားသင့်ပေ။**

ထို့ပြင်မက **အီမာန်သက်ဝင်ယုံကြည်သူတို့မည်သည် မိမိတို့၏အယူအဆ၊** အတွေးအခေါ်၊ မူဝါဒတစ်ရပ်ကို **ပုံသေဆုပ်ကိုင်ထားပြီး တိုးတက်ပြောင်းလဲနေသော** ဖြစ်စဉ်အရပ်ရပ်ကို လက်မခံလိုသောတရားသေဝါဒီများ **မဖြစ်ဖို့လိုအပ်ပေသည်။** တရားသေဝါဒီတို့၏ နှလုံးသားများသည်ကား **ကျောက်ဆောင်များထက်ပင်** ခက်ထန်မာ ကျောလှပေသည်။ ကျမ်းတော်မြတ်**ကုရ်အာန် (၅၉း၂၁)တွင် အောက်ပါ** အတိုင်း ပြဆိုထားသည်။

لَوْ أَنزَلْنَا هَذَا الْقُرْآنَ عَلَى جَبَلٍ لَّرَأَيْتَهُ خَاشِعًا مُّتَصَدِّعًا مِّنْ
خَشْيَةِ اللَّهِ وَتِلْكَ الْأَمْثَالُ نَضْرِبُهَا لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُونَ

အကယ်၍ ဤကုရ်အာန်ကို **ကျောက်တောင်တစ်လုံးအပေါ်သို့** ငါအလ္လာဟ် အရှင်မြတ်က ချပေးလိုက်မည်ဆိုလျှင် ယင်းတောင်သည် အလ္လာဟ် ငါအရှင်မြတ်ကို ကြောက်ရွံ့သောကြောင့် နိမ့်ကျပြိုပျက်ပြီး အစိပ်စိပ်၊ အမွှာမွှာ ကွဲကြေသွားသည်ကို ကေန်အမှန်ပင် သင်တွေ့ရပေလိမ့်မည်။ ငါအလ္လာဟ်အရှင်မြတ်သည် **လူသားတို့အပေါ်** ယင်းဥပမာ ပုံဆောင်ချက်ကို **ခိုင်းနှိုင်းဖေါ်ပြရခြင်းမှာ** သူတို့စဉ်းစားဆင်ခြင် **သုံးသပ်ကြ** စေရေးအလို့ငှာဖြစ်သည်။ (ကုရ်အာန် **-၅၉း၂၁**)

ထို့ကြောင့် ကျောက်တောင်များထက်ပင် ပို၍မာကျောသော တရားသေဝါဒီတို့၏နှလုံးသားအပေါ်သို့ တမန်တော်မြတ်၏ သတိပေးဆုံးမ တရားပြမှုဖြစ်သော ကျမ်းမြတ်ကုရ်အာန်သည်ကား အလျဉ်းထိုးဖေါက်ဝင်ရောက်နိုင်မည်မဟုတ်ကြောင်းကို ကုရ်အာန်(၃၆း၁၀)က ရည်ညွှန်းပြဆိုနေခြင်း ဖြစ်သည်။

**(ဠူရာဟ်ယာစီးန် ၃၆း၁၁)**

إِنَّمَا تُنذِرُ مَنِ اتَّبَعَ الذِّكْرَ وَخَشِيَ الرَّحْمَن بِالْغَيْبِ فَبَشِّرْهُ بِمَغْفِرَةٍ وَأَجْرٍ كَرِيمٍ

**'ဇိကိရ်'တည်းဟူသော ကျမ်းမြတ်ကုရ်အာန်ကို ဖဝါးခြေထပ်လိုက်နာသူနှင့် မမြင်ကွယ်ရာ၌ 'ရဟ်မာန်' အရှင်တော်မြတ်အား စနိုးသွားရှိသောသော သူတို့ကိုသာလျှင် အသင် တမန်တော်သတိပေးဆုံးမတရားပြနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာထိုသူတို့အား ဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြင့်မြတ်လှစွာသော အကျိုးရလဒ်နှင့် စပ်လျဉ်း၍လည်းကောင်း ၊ဝမ်းမြောက်ဖွယ်သတင်းကောင်း ပြောကြားပါလေ။**

(ကုရ်အာန် ၃၆း၁၁)

**ရှင်းလင်းချက်။** 'ဇိကိရ်'(ذکر)ဟူသော အရဗီဝေါဟာရ၏အဓိပ္ပာယ်မှာ သတိရဖော်ထုတ်ခြင်း၊ စိတ်တွင်စွဲမြဲစွာ မှတ်သားထားခြင်း၊ ရည်ညွှန်းဖေါ်ပြခြင်း အစရှိသော အနက်သဘောကို ဆောင်ပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်ထဲ၌ ကျမ်းတော်မြတ်ကုရ်အာန်ကို ''ဇိကိရ်'' ဟုရည်ညွှန်းသတ်မှတ်ခေါ်ဝေါ်ထားကြောင်းကို အောက်ပါအာယသ်တော် အထောက်အထားများအရ သိရှိနိုင်ပေသည်။

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ

ငါအရှင်မြတ်သည်ကေန်အမှန်ပင်''ဇိကိရ်''(ကုရ်အာန်)ကိုထုတ်ပြန်ပို့ချပေးခဲ့ပေပြီ။ (ကုရ်အာန် ၁၅း၉)

إِنْ هُوَ إِلَّا ذِكْرٌ وَقُرْآنٌ مُّبِينٌ

ယင်းအရာသည်ကား ရှင်းလင်းထင်ရှားပြတ်သားသော''ဇိကိရ် ကုရ်အာန်''မှ လွဲ၍ အခြားမဟုတ်ပြီ။ (ကုရ်အာန် ၃၆း၆၉)

ကျမ်းတော်မြတ်ကုရ်အာန်ကို နှလုံးသွင်းပြီး အမြဲမပြတ် သတိရ ဖော်ဆောင်နေသူတို့မှာ နူးညံ့သိမ်မွေ့ပြီး အလ္လာဟ်အရှင်မြတ်ကို ရိုသေခန့်ညားကြသူများဖြစ်သည်။ တစ်နည်းအားဖြင့် နှလုံးသားတံခါးကိုဖွင့်လှစ်ထားပြီး တမန်တော်မြတ်၏သတိပေးဆုံးမ တရားပြမှုကို ကြိုလင့်ကမ်းလှမ်းနေကြသူများဖြစ်သည်။ နှလုံးသားခက်ထန်သူ လေ့နံခါးထစ် တရားသေဝါဒီများ မဟုတ်ကြပေ။ မိမိ၏အယူအဆနှင့် ကျမ်းတော်မြတ်၏ သွန်သင်ချက် လွဲနေပြီဆိုလျှင် မိမိ၏အယူအဆကို အသာတကြည် စွန့်လွှတ်လိုက်ကြလေ၏။ သူတို့သည် သူတို့၏နှလုံးသားများကို ကျမ်းမြတ်ကုရ်အာန်အားဖြင့် တည်ငြိမ်အေးချမ်းစေလျက် ရှိကြသဖြင့် ဘေးကင်းလုံခြုံသူများဖြစ်ကြသည်။ ကျမ်းမြတ်ကုရ်အာန် (၁၃း၂၈)၌ ဤသို့ပြဆိုထားသည်။

الَّذِينَ آمَنُواْ وَتَطْمَئِنُّ قُلُوبُهُم بِذِكْرِ اللّهِ أَلاَ بِذِكْرِ
اللّهِ تَطْمَئِنُّ الْقُلُوبُ

ယုံကြည်သူတို့၏ နှလုံးသားများအား အလ္လာဟ်အရှင်မြတ်၏''ဇိကိရ်'' (စိတ်ထဲ၌စွဲမြဲစွာ သတိရနေခြင်း)အားဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိနေ၏။ ကောင်းစွာမှတ်ယူကြလေကုန်။ နှလုံးသားတို့သည် အလ္လာဟ်''ဇိကိရ်''အားဖြင့် တည်ငြိမ်နေကြပေပြီ။ (ကုရ်အာန် ၁၃း၂၈)

**(ရှုရာဟ်ယာစီန် ၃၆း၁၂)**

إِنَّا نَحْنُ نُحْيِي الْمَوْتَى وَنَكْتُبُ مَا قَدَّمُوا وَآثَارَهُمْ وَكُلَّ شَيْءٍ أَحْصَيْنَاهُ فِي إِمَامٍ مُبِينٍ

**စင်စစ်မှန်ပင် ငါအရှင်မြတ်သည် သက်ရှိကို သက်မဲ့မှ ဖြစ်ထွန်းစေတော်မူ၏။ ပြီးနောက် ယင်းသက်ရှိတို့၏ ရှေ့စရှုံးဦးတည်ရာကိုလည်း ကောင်း၊နောင်းဖြစ်စဉ်ကိုလည်းကောင်း ပြုစုမှတ်တမ်းတင်တော်မူ၏။ ထို့ပြင်မက ငါအရှင်မြတ်သည် အရာရာတိုင်းကို ရှင်းလင်းထင်ရှားစွာသော ဦးတည်ချက်များဖြင့် တွက်ချက်စီမံ ဆောင်ရွက်ထားခဲ့ပြီးဖြစ်သည်။ (ကုရ်အာန် ၃၆း၁၂)**

**ရှင်းလင်းချက်။** **''သက်ရှိအစ ရေကဖြစ်သည်''**ဟု သိပ္ပံပညာရှင်တို့က တွေ့ရှိထားပြီးဖြစ်သည်။ ရေသည် သက်မဲ့ဖြစ်သည်နှင့်အညီ ''သက်ရှိအစ၊ သက်မဲ့က'' ဟု ဆိုရပေမည်။ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းခံအရာအားလုံးတို့အား စီရင်ဖြစ်ထွန်းစေပြီးနောက် သူတို့ ဦးတည်ရမည့်လမ်း (သဘာဝ)ကိုပါ တစ်ဆက်တည်း တွက်ချက်သတ်မှတ်ပေးတော်မူခဲ့၏။ ဥပမာတစ်ရပ်အနေဖြင့် ကျမ်းတော်မြတ်ကုရ်အာန် (၃၆း၃၈)ကို လေ့လာကြည့်မည်ဆိုလျှင် --

وَالشَّمْسُ تَجْرِي لِمُسْتَقَرٍّ لَّهَا ذَلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ

ထို့ပြင် နေမင်းသည် သူ၏သွားရာလမ်းကြောင်း(သဘာဝ)အတိုင်း လှည့်ပတ်သွားလာလျက်ရှိသည်။ ယင်းသည်ကား အကြွင်းမဲ့စွမ်းဆောင်နိုင်တော်မူသော၊ အကြွင်းမဲ့သိတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ တိုင်းတာသတ်မှတ်ပေးထားချက် တစ်ရပ်ဖြစ်သည်။ (ကုရ်အာန် ၃၆း၃၈)

**(စူရာဟ်ယာစီးန် ၃၆း၁၃–၁၄)**

وَاضْرِبْ لَهُم مَّثَلاً أَصْحَابَ الْقَرْيَةِ إِذْ جَاءهَا الْمُرْسَلُونَ

**တစ်ချိန်သောအခါက ဒေသတစ်ခု၌ နေထိုင်ကြသူများထံသို့ ရဆူလ်တမန်တော်များ ရောက်ရှိလာခြင်းနှင့် ပတ်သက်ပြီး သင်တမန်တော် အနေနှင့် ယင်းဖြစ်စဉ်တစ်ရပ်ကို ဥပမာအဖြစ် ပုံဆောင်ပြပါလေ။ (ကုရ်အာန် ၃၆း၁၃)**

إِذْ أَرْسَلْنَا إِلَيْهِمُ اثْنَيْنِ فَكَذَّبُوهُمَا فَعَزَّزْنَا بِثَالِثٍ فَقَالُوا إِنَّا إِلَيْكُم مُّرْسَلُونَ

**အခါတစ်ပါး၌ ငါအရှင်မြတ်သည် ထိုဒေသနေသူတို့ထံသို့ တမန်တော်နှစ်ပါးကိုစေလွှတ်ခဲ့ရာ သူတို့က ယင်းတမန်တော်နှစ်ပါး စလုံးအား မုသာဝါဒီ အကောက်ကြသူများဟု စွပ်စွဲပြီး ငြင်းပယ်ကြလေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်က တတိယတမန်တော်တစ်ပါးကို အင်အားထပ်မံဖြည့်တင်းပေး စေလွှတ်ခဲ့ပေသည်။ ယင်းတမန်တော်တို့က**

ထိုသူတို့အား ကောန်အမုန် ငါတို့သည် သင်တို့ထံသို့ အလ္လာဟ်အရှင်မြတ်က စေလွှတ်လိုက်သော တမန်တော်များဖြစ်သည်ဟု ကြေညာကြလေသည်။ (ကုရ်အာန် ၃၆:၁၄)

**ရှင်းလင်းချက်။** အလ္လာဟ်အရှင်မြတ်က ကမ္ဘာပေါ်ရှိ လူအုပ်စုတိုင်းအတွက် သတိပေးဆုံးမတရားပြရန် တမန်တော်များကို စေလွှတ်ခဲ့လေသည်။ တူညီချက်တစ်ရပ်က အလ္လာဟ်စေလွှတ်သော တမန်တော်တိုင်းကို သက်ဆိုင်ရာ ဒေသရှိသူများက ဆန့်ကျင်ပုန်ကန်ကြခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် လူသားတို့သည် မည်သို့သော အမှန်တရား၊ သစ္စာတရားဖြစ်စေကာမူ မိမိတို့၏ကိုယ်ကျိုးစီးပွားကို ထိခိုက်လာလျှင် ဆန့်ကျင်ပုန်ကန်တိုက်ခိုက်ကြစမြဲ ဖြစ်သည်။ အလားတူ မိမိတို့၏ ဘိုးဘွားဘီဘင် ယုံကြည်ချက်များ၊ ရိုးရာအစဉ်အလာများကို ကာကွယ်ထိန်းသိမ်းလိုသော စိတ်ဆန္ဒက ပို၍လွန်ကဲတတ်ကြလေသည်။

**(စူရာဟ်ယာစီးန် ၃၆:၁၅)**

قَالُوا مَا أَنتُمْ إِلاَّ بَشَرٌ مِّثْلُنَا وَمَا أَنزَلَ الرَّحْمن مِن شَيْءٍ إِنْ أَنتُمْ إِلاَّ تَكْذِبُونَ

ဒေသခံတို့က "အသင်တို့သည် ငါတို့ကဲ့သို့ပင် သွေးနှင့်ကိုယ် သားနှင့်ကိုယ် လူသားများပင် ဖြစ်ကြပေသည်။ 'ရဟ်မာန်'အရှင်က မည်သည့်တစ်စုံတစ်ရာကိုမျှ ချပေးခဲ့သည် မဟုတ်ပေ။ အကယ်စင်စစ် သင်တို့ သည် လိမ်လည်လီဆယ်နေသူများသာ ဖြစ်ကြသည်' ဟု ပြန်လည် တုန့်ပြန်ကြလေ၏။ (ကုရ်အာန် ၃၆:၁၅)

**ရှင်းလင်းချက်။** လူသားတို့က တမန်တော်ဆိုသည်မှာ တန်ခိုးပြာဋိဟာနှင့် ပြည့်စုံသော နတ်မင်းတစ်ပါးဟု ယုံကြည်လက်ခံလိုကြသည်။ အမှန်တရား၊ သစ္စာစကားထက် တန်ခိုးပြခြင်း၊ မျက်လှည့်ပြခြင်းတို့ကို ပို၍အံ့သြအထင်ကြီးတတ်ကြသည်။ ယင်းအယူအဆများကြောင့် ခေတ်အဆက်ဆက်ပွင့်ပေါ်ခဲ့သော တမန်တော်များကို အများစုက လက်ခံလိုခြင်းမရှိပေ။

အလ္လာဟ်အရှင်မြတ်ကမူ လူသားများစံပြုစရာအဖြစ် လူသားများအနက်က တမန်တော်များကို ရွေးချယ်စေလွှတ်ခဲ့သည်။

**(ဗူရာဟ်ယာစီးန် ၃၆း၁၆–၁၇–၁၈)**

قَالُوا رَبُّنَا يَعْلَمُ إِنَّا إِلَيْكُمْ لَمُرْسَلُونَ

**ထိုတမန်တော်တို့က "ငါတို့သည် ကေန်အမှန်ပင် သင်တို့ထံ စေလွှတ်ခြင်းခံရသော တမန်တော်များဖြစ်ကြောင်းကို ငါတို့အား မွေးမြူ လမ်းညွှန်တော်မူသော အလ္လာဟ်အရှင်မြတ်သိတော်မူသည်'ဟုပြောကြလေသည်။ (ကုရ်အာန် ၃၆း၁၆)**

وَمَا عَلَيْنَا إِلاَّ الْبَلاَغُ الْمُبِينُ

**ငါတို့(တမန်တော်များ)၏ တာဝန်သည်ကား ရှင်းလင်းထင်ရှားစွာသော အလ္လာဟ်အရှင်မြတ်၏ ပို့ချချက် သင်တို့ထံအရောက်ပို့ရန်မှ တစ်ပါး အခြားဘာမျှ မရှိပြီ။ (ကုရ်အာန် ၃၆း၁၇)**

قَالُوا إِنَّا تَطَيَّرْنَا بِكُمْ لَئِن لَّمْ تَنتَهُوا لَنَرْجُمَنَّكُمْ وَلَيَمَسَّنَّكُم مِّنَّا عَذَابٌ أَلِيمٌ

**ဒေသခံတို့က 'ကေန်အမှန် ငါတို့သည် သင်(တမန်တော်)တို့အား မိစ္ဆာကောင် များအဖြစ် မကောင်းဆိုးဝါးများအဖြစ် မှတ်ယူကြလေပြီ။ အကယ်စင်စစ် သင်တို့၏လုပ်ရပ်များကို မရပ်ဆိုင်းကြလျှင် ငါတို့က သင်တို့အား ကျောက်ခဲများဖြင့် ပစ်ပေါက်၍ ရျေမှုန်းလိုက်ကြခြင်းဖြင့် ပြင်းထန်သောတုန့်ပြန်ဖြိုခွင်းမှုကို သင်တို့ ရင်ဆိုင်ကြရပေတော့မည်' ဟု ပြောကြလေသည်။** (ကုရ်အာန် ၃၆း၁၈)

**ရှင်းလင်းချက်။** **အမှန်တရားသစ္စာစကား**ကို ကျောခိုင်းပြီး မိမိတို့၏ကိုယ်ကျိုးကို **ရှေ့တန်းတင်** ဖက်တွယ်ထားကြသူများသည် မိမိတို့၏ ကိုယ်ကျိုး **စီးပွားကို ထိခိုက်လာပြီ**ဆိုပါက ပြင်းပြင်းထန်ထန် တုံ့ပြန်လက်စား ချေတတ်သော လူမိုက်များဖြစ်ကြသည်။ ပြဿနာ၏ အကြောင်း **အကျိုး**၊ အတိမ်အနက်၊ အရင်းခံတို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိ ကြချေ။ **အင်အားသုံးပြီး** ဖြေရှင်းတတ်ကြသည်။ သူတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန ရမ္မက်ဆန္ဒတို့က သူတို့၏ ဦးနှောက်ကို **ချုပ်ငြိမ်းစေလိုက်၏**။ သူတို့၏မျက်စေ့များကို ပိတ်လိုက်ကြ၏။ မိမိတို့၏ **အားသာချက်များကို** မှားယွင်းစွာ အလွန်အကျွံ အသုံးချလိုက်ကြ လေသည်။

(စူရာဟ်ယာစီးန် ၃၆း၁၉)

قَالُوا طَائِرُكُمْ مَعَكُمْ أَئِن ذُكِّرْتُم بَلْ أَنتُمْ قَوْمٌ مُّسْرِفُونَ

**တမန်တော်များက ပြောသည်မှာ "သင်တို့၏ မိစ္ဆာအယူဝါဒများ၊ မကောင်းဆိုးဝါးများသည် သင်တို့နှင့်သာ အတူရှိနေကြသည်။ သင်တို့အတွက် သစ္စာစကား၊ ဆုံးမစကား၊ မြွက်ကြားခံရခြင်းသည် မိစ္ဆာလုပ်ရပ်ဖြစ်ပါမည်လော။ အကယ်စင်စစ် ထိုသို့အလျဉ်းမဟုတ်ပေ။ အသင်တို့သည်သာလျှင် ကျူးလွန်ဖောက်ဖျက်သူများဖြစ်ကြသည်။**

**(ကုရ်အာန် ၃၆း၁၉)**

**ရှင်းလင်းချက်။** မိစ္ဆာအယူဝါဒကို ဖက်တွယ်ထားသူတို့အတွက် **အမှန်တရား** သစ္စာစကားသည် လုံးဝဆန့်ကျင်ဖက်ဖြစ်သည်။ သူတို့က သစ္စာစကားကို မကြားလိုကြပေ၊ မမြင်လိုကြပေ။ သို့သော် သူတို့က သစ္စာဝါဒီတို့အား အမြဲတမ်းစွပ်စွဲပြောဆိုလေ့ ရှိကြသည်။ အမှန်တကယ်မှာတော့ သူတို့ကိုယ်သူတို့ လှည့်လည်လှည့်ဖြား နေကြခြင်းသာဖြစ်သည်။

(စူရာဟ်ယာစီးန် ၃၆း၂၀–၂၁)

وَجَاء مِنْ أَقْصَى الْمَدِينَةِ رَجُلٌ يَسْعَى قَالَ يَا قَوْمِ اتَّبِعُوا الْمُرْسَلِينَ

ထိုစဉ်အခါ မြို့အစွန်အဖျားမှ လူတစ်ယောက်သည် **အပြေးအလွှား** ရောက်ရှိလာခဲ့သည်။ ပြီးနောက် "အို–အမျိုးသားအပေါင်းတို့၊

သင်တို့သည် ဤရဂူလ်တမန်တော်တို့၏ လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကြပါလေ' ဟု ပြောကြားလေသည်။ (ကုရ်အာန် ၃၆း၂၀)

اتَّبِعُوا مَن لاَّ يَسْأَلُكُمْ أَجْرًا وَهُم مُّهْتَدُونَ

သင်တို့ထံမှ အကျိုးအမြတ် တစ်စုံတစ်ရာကို တောင်းဆိုခြင်းမရှိကြသော တရားလမ်းမှန်ပေါ်၌ ရပ်တည်လျက်ရှိကြသော၊ ထိုရဂူလ်တမန်တော်တို့၏ လမ်းစဉ်အပေါ် သင်တို့ဖဝါးခြေထပ် လိုက်နာကြပါလေ။ (ကုရ်အာန် ၃၆း၂၁)

**ရှင်းလင်းချက်။** အမှန်တရားသစ္စာစကားကို ဖြန့်ချိနေသူတို့သည် ဘယ်သောအခါမျှ မိမိတို့ကိုယ်တိုင် ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာသော အကျိုးကျေးဇူးရလဒ်ကို လူသားတို့ထံမှ မျှော်လင့်တောင်းခံခြင်း မပြုကြချေ။ သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုသာ ရယူလိုကြသည်။ သို့သော် လူသားအများစုကမူ အမှန်တရားကို တန်ဖိုးတစ်ခုဖြင့် ဖလှယ်လိုကြသည်။ တန်ဖိုးကြီးလေ ပို၍အထင်ကြီးလေဖြစ်သည်။ အမှန်တရားကို ကုန်ရောင်း၊ ကုန်ဝယ် သဘောမျိုး ဖလှယ်လိုကြသည်။

(ဓူရာဟ်ယာစီးန် ၃၆း၂၂-၂၃)

وَمَا لِي لاَ أَعْبُدُ الَّذِي فَطَرَنِي وَإِلَيْهِ تُرْجَعُونَ

ငါသည် ငါ့အား စိရင်ဖြစ်ထွန်းစေပြီးနောက် အဆင့်ဆင့်ပြုစုပျိုးထောင် လမ်းညွှန်စီမံခဲ့သော အလ္လာဟ်အရှင်မြတ်အား နာခံရိုကျိုး ဘဝတည် ဆောက်ခြင်းမပြုလုပ်ကြရန် အကြောင်းတစ်စုံတစ်ရာ မရှိပြီ။ အသင်

တို့အားလုံးသည်လည်း ထိုအရှင်မြတ်ထံတော်သို့သာ ပြန်လည်ရောက်ရှိကြမည်ဖြစ်သည်။ (ကုရ်အာန် ၃၆း၂၂)

أَأَتَّخِذُ مِن دُونِهِ آلِهَةً إِن يُرِدْنِ الرَّحْمَن بِضُرٍّ لاَّ تُغْنِ عَنِّي شَفَاعَتُهُمْ شَيْئًا وَلاَ يُنقِذُونِ

ငါသည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားတစ်စုံတစ်ရာသော ကိုးကွယ်အားထားရာကို လက်ကိုင်ပြုရမည်လော။ အကယ်၍များ "ရဟ်မာန်"ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်က ငါ့အပေါ် တစ်စုံတစ်ရာသော ဘေးဒုက္ခကို သက်ရောက်စေမည်ဆိုပါက ယင်းအခြားသော ကိုးကွယ်ရာများ၏ ကြားဝင်အသနားခံမှုက ငါ့အတွက် လုံးဝအကျိုးဖြစ်ထွန်းလိမ့်မည် မဟုတ်ပေ။ အလားတူ ငါ၏ဒုက္ခအပေါင်းမှ ယင်းကိုးကွယ်ရာများက ကွယ်ပျောက်အောင် ဆောင်ကြဉ်းပေးနိုင်မည်လည်းမဟုတ်ပေ။ (ကုရ်အာန် ၃၆း၂၃)

**ရှင်းလင်းချက်။** ''ရဟ်မသ်''ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းခဲ့သြကာသ လောကကြီးတစ်ခုလုံးအတွက် လိုအပ်သည်များကို လိုလေသေးမရှိအောင် ကြိုတင်ဖြည့်တင်းစီမံဆောင်ရွက်ထားခြင်းကို ခေါ်ပါသည်။ ဥပမာ လူတစ်ယောက်သည် မိခင်ဝမ်းကြာသိုက်အတွင်း၌ရှိစဉ် သန္ဓေသားအခြေအနေ၌ သူ့အတွက်လိုအပ်သော အထောက်အပံ့အဝဝကို သူကိုယ်တိုင်က ကြိုတင်စီစဉ်ပြင်ဆင်ထားခဲ့သည်မဟုတ်ပေ။ အရာအားလုံးသည် သူ့အတွက် အစီအစဉ်တကျဖြစ်အောင် အလ္လာဟ်အရှင်မြတ်က စီစဉ်ပြင်ဆင်ပေးခဲ့ပြီးဖြစ်သည်။

အလားတူမိခင်၏ဝမ်းမှ ကျွတ်သည့်အချိန်မှစ၍ နောက်ဆုံးကွယ်လွန်ချိန်ထိ လိုအပ်သော လေ၊ ရေ၊ မြေ အစရှိသည့် အမှီသဟဲပြုစရာများကိုလည်း သူကိုယ်တိုင် ကြိုတင်စီမံပြင်ဆင်ထားခဲ့သည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်က ကြိုတင်စီမံ ပြင်ဆင်ထားပေးခဲ့ပြီးဖြစ်သည်။ ယင်းသို့သော အလ္လာဟ်အရှင်မြတ်၏ တင်ကြို၊ စီမံ၊ ဖြည့်စွက်၊ ဆောင်ရွက်ထားမှုကို 'ရဟ်မသ်တော်'ဟုခေါ်ပါသည်။ အလ္လာဟ်အရှင် မြတ်ကို မယုံကြည်သူတို့က ဤသည်ကို **'သဘာဝတရား(NATURE)'**ဟု သတ်မှတ် ခေါ်ဆိုကြလေသည်။

အလ္လာဟ်အရှင်မြတ်၏ **'ရဟ်မသ်'**တော်များကို လူသားတို့က မှန်မှန် ကန်ကန်၊ အကျိုးရှိရှိ အသုံးမချလျှင် တန်ပြန်ဆိုးကျိုးကို ဖြစ်ထွန်းလာစေ၏။ ဥပမာ မီးသည် လူသားတို့အတွက် များစွာအသုံးဝင်သော အလ္လာဟ့်**'ရဟ်မသ်'**တော်တစ်ပါး ဖြစ်သည်။ သို့သော် အကျိုးရှိရှိအသုံးမပြုလျှင် များစွာသော ပျက်စီးဆုံးရှုံးမှုကိုဖြစ်စေ သည်။ ယင်းအချက်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန် (၄း၇၉)တွင် အောက်ပါ အတိုင်း လေ့လာနိုင်ပေသည်။

مَّا أَصَابَكَ مِنْ حَسَنَةٍ فَمِنَ اللَّهِ وَمَا أَصَابَكَ مِن سَيِّئَةٍ فَمِن نَّفْسِكَ

အသင့်ထံဆိုက်ရောက်လာသော ကောင်းမွန်တင့်တယ်လှပခြင်းသည် အလ္လာဟ်အရှင်မြတ်ထံမှဖြစ်၏။ သို့သော် အသင့်ထံဆိုက်ရောက်လာသော ဒုက္ခ ဆိုးကျိုးသည် သင်ကိုယ်တိုင်ပြုမူမှု၏ အကျိုးဆက်သာဖြစ်သည်။ (ကုရ်အာန် ၄း၇၉)

ထို့ကြောင့် ကုရ်အာန် (၃၆း၂၃)တွင် ပြဆိုထားသော 'ရဟ်မာန်'ဖြစ်တော် မူသည့် အလ္လာဟ်အရှင်မြတ်ထံကလာသော ဘေးဒုက္ခဆိုသည်မှာ လူသားတို့၏ အလွဲသုံးမှုကြောင့် ဖြစ်ပေါ်လာရသောအကျိုးဆက်ကို ရည်ညွှန်းခြင်းဖြစ်သည်။

(စူရာဟ်ယာစီးန် ၃၆း၂၄-၂၅-၂၆)

إِنِّي إِذًا لَّفِي ضَلَالٍ مُّبِينٍ

ထိုသို့ဖြစ်ခဲ့လျှင် ကေန်အမှန် ငါသည် မှားယွင်းသောလမ်းစဉ်တစ်ရပ်အပေါ်၌ ထင်ထင်ရှားရှား ရောက်နေပြီဖြစ်သည်။ (ကုရ်အာန် ၃၆း၂၄)

إِنِّي آمَنتُ بِرَبِّكُمْ فَاسْمَعُونِ

**ကေန်မုချ ငါသည် သင်တို့ကို မွေးမြူစောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ပေပြီ။ သို့ဖြစ်ရာ သင်တို့သည် သစ္စာစကားကို နားထောင်ကြလေကုန်။ (ကုရ်အာန် ၃၆း၂၅)**

قِيلَ ادْخُلِ الْجَنَّةَ قَالَ يَا لَيْتَ قَوْمِي يَعْلَمُونَ

(ထိုမြို့အစွန်အဖျားမှပုဂ္ဂိုလ်သည်)အလ္လာဟ်အရှင်မြတ်၏ "သင်သည် ဂျန္နသ်အမတသုခဘုံသို့ ဝင်ရောက်လော့"ဟု မိန့်ကြားမှုလက်ခံရရှိခဲ့ပါသည်။ ထိုအခါ ယင်းပုဂ္ဂိုလ်က 'ဩော်' ငါ၏အမျိုးသားများ အသိတရားရှိကြလျှင် ကောင်းလေစွ"ဟု ရေရွတ်ခဲ့လေသည်။ (ကုရ်အာန် ၃၆း၂၆)

**ရှင်းလင်းချက်။** လူ့ဇီဇ၌ အကြောက်တရားက လွှမ်းမိုးလေသည်။ ထို့ကြောင့် လူသည် မိမိ၏ကိုယ်ကျိုးစီးပွားပျက်စီးမည်ကို ကြောက်ရွံ့ကြပြီး အမှန်တရားကိုထောက်ခံရန် ပြောဆိုရန် အလွန်စိုးရိမ်ကြောက်ရွံ့

ကြလေသည်။ သစ္စာစကားတစ်ခွန်းအတွက် အများ၏ငြူစူငြင်မှုကို မခံနိုင်ကြပေ။

**'စူရာဟ် ယာစီးန်'**တွင် ပါဝင်သော အထက်ပါဖြစ်ရပ်က သစ္စာတရားကို စွဲကိုင်ထားသော လူနည်းစုနှင့် မိစ္ဆာအမှားကို ရင်ဝယ်ပိုက်ထားသော လူများစုတို့ အကြား အမှန်တရားနှင့် အကြောက်တရားတို့၏ အားပြိုင်ပွဲတစ်ရပ်ကို ပုံဖော်ခြယ်မှုန်းထားခြင်းဖြစ်သည်။ မြို့၏အစွန်အဖျားမှ ပုဂ္ဂိုလ်သည်အမှန်တရားအတွက် အများစုကို မကြောက်မရွံ့ဘဲ ရင်ဆိုင်ဆန့်ကျင်လေသည်။ ယင်းအမှုကိစ္စတွင် သူ၏အကျိုးစီးပွားကိုသာမက သူ၏အသက်အန္တရာယ်သည်ပင်လျှင် စိုးရိမ်ဖွယ်ရာဖြစ်သည်။ သို့သော် ယင်းသူတော်စင်ပုဂ္ဂိုလ်ကြီးက မိမိ၏အီမာန်ကို မိမိ၏ကိုယ်ကျိုးစီးပွား၊ မိမိ၏အသက်ထက်ပို၍ မြတ်နိုးကြောင်းကို သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ ယင်းသူတော်စင်၏ စိတ်သည် တည်ငြိမ်အေးချမ်းပြီး အမှန်တရားအတွက် စွန့်စားဝံ့သော စိတ်နေစိတ်ထားမျိုးဖြစ်သည်။ နှစ်ဘဝ၊နှစ်ဌာနတွင် အောင်မြင်မည့်သူဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန် (၈၉း၂၇- ၂၈-၂၉-၃၀) တို့တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

يَا أَيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ

အို-တည်ငြိမ်အေးချမ်းသောစိတ်(စိတ်နေစိတ်ထား)ကို ပိုင်ဆိုင်သူ . . .

(ကုရ်အာန် ၈၉း၂၇)

ارْجِعِي إِلَى رَبِّكِ رَاضِيَةً مَّرْضِيَّةً

အသင်သည် အသင့်ကို မွေးမြူပြုစုသော အရှင်မြတ်၏ သဘောတူမှုကို ကျေကျေနပ်နပ် လက်ခံပြီး ထိုအရှင်မြတ်ထံသို့ ပြန်လည်ကြွမြန်းလေလော့။

(ကုရ်အာန် ၈၉း၂၈)

فَادْخُلِي فِي عِبَادِي

သို့ဖြစ်ရာ ငါအရှင်မြတ်၏ နှာခံတော်အုပ်စုအတွင်းသို့ ဝင်ရောက်ပါလော။

(ကုရ်အာန် ၈၉း၂၉)

وَادْخُلِي جَنَّتِي

ပြီးနောက် ငါအရှင်မြတ်၏ ငြိမ်းချမ်းသာယာသော သုခဘုံသို့ ဝင်ရောက်ပါလော။ (ကုရ်အာန် ၈၉း၃၀)

အထက်ပါဖြစ်စဉ်က "စူရာဟ်ယာစီးန်"ကို ချစ်မြတ်နိုးသူများ၊ ရွတ်ဖတ်နေကြသူများအတွက် **နမူနာယူဖွယ်၊** အတုယူဖွယ်ရာ တစ်ရပ်ဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆း၂၇-၂၈)**

بِمَا غَفَرَ لِي رَبِّي وَجَعَلَنِي مِنَ الْمُكْرَمِينَ

**ငါ့အား မွေးမြူစောင့်ရှောက်တော်မူသော အရှင်မြတ်၏ ငါ့အပေါ် ခွင့်လွှတ်ချမ်းသာပေးမှုအားဖြင့် ထိုအရှင်မြတ်က ငါ့အားဂုဏ်ကျက်သရေ ပြည့်ဝသူများအနက် တစ်ဦးအပါအဝင် ဖြစ်စေခဲ့ပေပြီ။**

**(ကုရ်အာန် ၃၆း၂၇)**

وَمَا أَنزَلْنَا عَلَى قَوْمِهِ مِن بَعْدِهِ مِنْ جُندٍ مِّنَ السَّمَاء وَمَا كُنَّا مُنزِلِينَ

**ယင်းဖြစ်စဉ်ပြီးသည့်နောက်တွင် ငါအလ္လာဟ်အရှင်မြတ်သည် ယင်းဒေသခံတို့အပေါ်ဝယ် အထက်အာကာသမှ စစ်သည်တစ်ဦး**

**တစ်ယောက်ကိုမျှ စေလွှတ်ခဲ့သည် မဟုတ်သလို မည်သည့်တစ်စုံတစ်ရာ ကိုမျှလည်း ပေးပို့စေလွှတ်ခဲ့သည် မဟုတ်ပေ။ (ကုရ်အာန်၃၆း၂၈)**

**ရှင်းလင်းချက်။** နိုင်ငံတစ်နိုင်ငံအနေဖြင့် ပုန်ကန်ထကြွသောင်းကျန်းသူတို့အပေါ် နှိမ်နင်းရန် စစ်ဆင်ရန် စစ်တပ်ကို ပြင်ဆင်ရသည်။ စစ်သည် အင်အား များစွာစုဆောင်းရသည်။ စစ်ရေးဗျူဟာများကို ရေးဆွဲရသည်။ စစ်လက်နက်များကို စုဆောင်းဖြည့်တင်းရလေသည်။ သို့သော် အလ္လာဟ်အရှင်မြတ်အတွက် ပုန်ကန်ထကြွသူများကို နှိမ်နင်းရန်အတွက် ဘာကိုမျှပြင်ဆင်ရန်မလိုအပ်ပေ။ ကျမ်းမြတ် ကုရ်အာန်(၆၇း၁)တွင် အောက်ပါအတိုင်း ပြဆိုထားပေသည်။

تَبَارَكَ الَّذِي بِيَدِهِ الْمُلْكُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ

အချုပ်အခြာအာဏာပိုင်ဆိုင်မှု အဝဝသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော၊ မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏လက်တော် (စွမ်းဆောင်ပိုင်ခွင့်)အတွင်း၌ ရှိလေသည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို တိုင်းထွာတွက်ချက်စွမ်းဆောင် နိုင်တော်မူ၏။ (ကုရ်အာန် ၆၇း၁)

**(ဆူရာဟ်ယာစီးန် ၃၆း၂၉)**

إِن كَانَتْ إِلَّا صَيْحَةً وَاحِدَةً فَإِذَا هُمْ خَامِدُونَ

**ဆူးရှပြင်းထန်သော ဟစ်အော်သံတစ်ခုသာလျှင်ဖြစ်သည်။ ထိုအခါဝယ် ယင်းဒေသခံတို့သည် ငြိမ်ချုပ်သွားပြီဖြစ်သည်။ (ကုရ်အာန် ၃၆း၂၉)**

**ရှင်းလင်းချက်။** ကျမ်းတော်မြတ်ကုရ်အာန် (၅၄း၃၁)တွင် ဤသို့ပြဆိုထားလေသည်။

إِنَّا أَرْسَلْنَا عَلَيْهِمْ صَيْحَةً وَاحِدَةً فَكَانُوا كَهَشِيمِ الْمُحْتَظِرِ

ကေန်အမှန်ပင် ငါအရှင်မြတ်သည် သူတို့(ဆမုဒ်အမျိုးသား)အပေါ်ဝယ် စူးရှပြင်းထန်သော အသံတစ်သံကို ပေးပို့ခဲ့လေသည်။ သို့ဖြစ်ရာ သူတို့သည် ခြံစည်းရိုး တစ်ခုအတွင်း၌ စုပုံထားသော မြက်ခြောက်များကဲ့သို့ ဖြစ်သွားကြလေသည်။

(ကုရ်အာန် ၅၄း၃၁)

**(စူရာဟ်ယာစီးန် ၃၆း၃၀-၃၁)**

يَا حَسْرَةً عَلَى الْعِبَادِ مَا يَأْتِيهِم مِّن رَّسُولٍ إِلاَّ كَانُوا بِهِ يَسْتَهْزِؤُون

အို-အကြင်ဖန်ဆင်းခံတို့၏ ဘဝအခြေအနေသည်ကား ကြေကွဲဖွယ် ရာပင် တည်း။ သူတို့ထံ မည်သည့်တမန်တော်တစ်ပါးမဆို ရောက်လာ သည်ဖြစ်စေ၊ သူတို့သည် ယင်းတမန်တော်ကို ပြက်ရယ်ပြုလှောင်ပြောင် ကြသည်ချည်းသာ ဖြစ်သည်။ (ကုရ်အာန် ၃၆း၃၀)

أَلَمْ يَرَوْا كَمْ أَهْلَكْنَا قَبْلَهُم مِّنْ الْقُرُونِ أَنَّهُمْ إِلَيْهِمْ لاَ يَرْجِعُونَ

သူတို့အလျင်က လူမျိုးဆက် မည်မျှကို ငါအရှင်မြတ်က ချေမှုန်း ဖျက်ဆီးခဲ့သည်ကို သူတို့မလေ့လာ၊ မစူးစမ်းကြပေဖူးလော့။ ထိုဖျက်ဆီးခံ မျိုးဆက်တို့သည် သူတို့ထံ လုံးဝပြန်လာကြတော့မည် မဟုတ်ပေ။

(ကုရ်အာန် ၃၆း၃၁)

**ရှင်းလင်းချက်။** အလ္လာဟ်အရှင်မြတ်၏ **ဖန်ဆင်းခံလူသားများအနက်မှ** အချို့မျိုးဆက်များသည် **လူ့ပတ်ဝန်းကျင်ကို မတည်ငြိမ်**အောင်၊ တရားမျှတမှုမဲ့စွာဖြင့် **ကိုယ်ကျိုးစီးပွားကို** ရှေ့တန်းတင်အဓိကထားပြီး၊ ဆောင်ရွက်လျက်ရှိကြသည်။ **သူတို့၏လုပ်ရပ်ကြောင့်** သစ္စာဝါဒီများ၊ **အမှန်တရားကို လိုလားသူများ၏ အကျိုးစီးပွားများ** ပျက်စီးခဲ့ရသည်။ ဥပမာအားဖြင့် **ဖိရ်အောင်၊ ဟစ်တလာ အစရှိသော** အာဏာရှင်များသည် ကမ္ဘာမြေကို **ဖျက်လိုဖျက်ဆီးပြုခဲ့ကြသူများ၊ တရားမဲ့သူများ၊** လူမျိုးရေး **အစွဲကြီးသူများ** ဖြစ်ကြလေသည်။ **အလားတူ** သမိုင်းတွင်လည်း **''အာဒ်၊ ဆမူဒ်''အစရှိသော** တရားမဲ့သူများနှင့် ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်ထဲတွင် ဖော်ပြထားလေသည်။

သို့သော် ယင်းမျိုးဆက်တို့၏ **ဖိနှိပ်ရက်စက်မှုကို** အလ္လာဟ်အရှင်မြတ်က ချေမှုန်းဖျက်ဆီးခဲ့လေသည်။ ဥပမာ– ''ဘနီအစ္စရာအီလ်''တို့ကို ကျွန်သဘောက်သဖွယ် ဆက်ဆံ၊ ဖိနှိပ်အုပ်ချုပ်ခဲ့သူ အာဏာရှင် 'ဖိရ်အောင်'ကို **အလ္လာဟ်အရှင်မြတ်က** ပင်လယ်နီထဲ၌ နစ်မြုပ်သွားစေရန် **တမန်တော်မူဆာအားဖြင့်** အကြောင်းဖန်ပေးခဲ့လေသည်။

ယင်းဖြစ်စဉ်များနှင့် ပတ်သက်ပြီး အမြင်မှားနေသော ဘာသာခြားတို့က ''သင်တို့အလ္လာဟ် အရှင်မြတ်သည် အလွန်ရက်စက်သူဖြစ်သည်။ သူဖန်ဆင်းထားသော လူသားများကို သနားကြင်နာမှုကင်းမဲ့စွာဖြင့် ဖျက်ဆီးပစ်နေခြင်းမှာ မဟာကရုဏာနှင့် ပြည့်စုံသူအဖြစ် မည်ကဲ့သို့ဆိုနိုင်မည်နည်း''ဟု ကဲ့ရဲ့ပြစ်တင်လေ့ရှိသည်။

အမှန်တကယ်၌မူ _လူ့ရမ်းကားတစ်စုကို ခွင့်လွှတ်ကြင်နာခြင်းသည် ရိုးသားစွာနေထိုင်သူအများစုကို ရက်စက်စွာ ဖိနှိပ်လိုက်ခြင်းသာဖြစ်သည်။_ အလ္လာဟ်အရှင်မြတ်

သည် ခေတ်ကာလတိုင်း၌ ပေါ်ထွန်းလာခဲ့သော လူရမ်းကားများကို စေတမန်များ စေလွှတ်ပြီး သတိပေးဆုံးမတရားပြမှုများရှိခဲ့လေသည်။ သို့သော် ထိုလူရမ်းကားတို့က အလ္လာဟ့်စေတမန်များကို စော်ကားဆန့်ကျင်ကြလေသည်။ အလ္လာဟ်အရှင်မြတ်က တမန်တော်များထံမှတစ်ဆင့် သတိပေးသည်။ အချိန်ပေးသည်။ ယင်းလူရမ်းကား တို့ကို မနိုပ်ကွပ်ပါက **လူနှင့်လူ့ပတ်ဝန်းကျင်တစ်ခုလုံး** ပျက်ဆီးဆုံးရှုံးသွားမည်သာ ဖြစ်သည်။ ရည်မွန်သော ၊သနားကြင်နာတတ်သော၊ ဂုဏ်သိက္ခာရှိသော မည်သည့် လူသားတစ်ဦးတစ်ယောက်ကမျှ ယင်းကဲ့သို့ဆုံးရှုံးပျက်ဆီးသွားမှုကို လက်ခံလိုကြမည် မဟုတ်ပေ။

ယင်းအချက်နှင့် ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်(၂၆း၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈) နှင့် (၂၆း၁၇၃) တို့ကို ဥပမာပေး တင်ပြလိုပါသည်။ **တမန်တော်'လူးသ်' နဗီခေတ်ရှိ** လူရမ်းကားအုပ်စုတစ်စုသည် အလ္လာဟ့်ပြဋ္ဌာန်းချက်ကို **ဖီဆန်ပြီး ယောကျ်ားအချင်းချင်း** ကာမဂုဏ်ခံစားလိုကြသည်။ ထိုအခါ **တမန်တော်'လူးသ်'က ယင်းသူတို့အား ဤသို့မိန့်တော်မူလေသည်။**

## أَتَأْتُونَ الذُّكْرَانَ مِنَ الْعَالَمِينَ

**အသင်တို့သည်** ဖန်ဆင်းခံဝေနေယျ သတ္တဝါတို့အနက် (အဖို)ယောကျ်ား အချင်းချင်းကိုသာ **ကာမဂုဏ်ခံစားလိုကြပေသလော။** (ကုရ်အာန် ၂၆း၁၆၅)

## وَتَذَرُونَ مَا خَلَقَ لَكُمْ رَبُّكُم مِنْ أَزْوَاجِكُم بَلْ أَنتُمْ قَوْمٌ عَادُونَ

မိမိတို့အတွက် မွေးမြူစောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ်က စီရင်ပြုစုထားသည့် ဇနီး၊ မိန်းမများကိုမူ အသင်တို့စွန့်လွှတ်ထားကြလေသလော။ သို့ဆိုလျှင် သင်တို့သည် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှုပြု ကြသူများဖြစ်ကြ၏။ (ကုရ်အာန် ၂၆း၁၆၆)

قَالُوا لَئِن لَّمْ تَنتَهِ يَا لُوطُ لَتَكُونَنَّ مِنَ الْمُخْرَجِينَ

ထိုအခါ ယင်းလူရမ်းကားတို့က ပြောသည်မှာ 'အို–လူးသ်၊ သင်သည် ကျွန်ုပ်တို့အား ကန့်ကွက်ဆန့်ကျင်လျှင် ကေန်မလွဲ တိုင်းပြည်မှ နှင်ထုတ်ခံရသူများတွင် အသင်သည် တစ်ဦးအပါအဝင် ဖြစ်သွားတော့ပေမည်။ (ကုရ်အာန် ၂၆း၁၆၇)

قَالَ إِنِّي لِعَمَلِكُم مِّنَ الْقَالِينَ

ထိုအခါ 'လူးသ်'တမန်တော်က ကေန်အမှန်ပင် ငါသည် သင်တို့၏ လုပ်ရပ်၊ လုပ်ငန်းစဉ်များကို လုံးဝဆန့်ကျင်ရှုံ့ချသည်။ (ကုရ်အာန် ၂၆း၁၆၈)

وَأَمْطَرْنَا عَلَيْهِم مَّطَرًا فَسَاءَ مَطَرُ الْمُنذَرِينَ

ငါအရှင်မြတ်က ယင်းလူရမ်းကားတို့အပေါ်သို့ ထစ်ချုန်းမက ထစ်ချုန်းသော မိုးမဲကြီးရွာသွန်းချပေးလိုက်သည်။ ယင်းထစ်ချုန်းမိုးက ယင်းသတိပေးခံရသော လူရမ်းကားတို့အဖို့ ဆိုးရွားသွားရလေပြီ။ (ကုရ်အာန် ၂၆း၁၇၃)

ကျမ်းတော်မြတ်ကုရ်အာန်ထဲ၌ ဤကမ္ဘာပထဝီမြေ အေးချမ်းသာယာရေးအတွက် ခေတ်အဆက်ဆက်ပေါ်ထွန်းလာရသော လူရမ်းကားတို့ကို အလ္လာဟ်အရှင်မြတ်က နှိမ်နင်းခဲ့မှုများနှင့် ပတ်သက်ပြီး သာဓကအမြောက်အများ ပါရှိသည်ကို ကုရ်အာန် (၃၆း၃၁)က ရည်ညွှန်းဖော်ပြနေခြင်းဖြစ်သည်။

(စူရာဟ်ယာစီးန် ၃၆း၃၂)

وَإِن كُلٌّ لَّمَّا جَمِيعٌ لَّدَيْنَا مُحْضَرُونَ

**မည်သို့ပင်ဆိုစေကာမူ လူသားတစ်ဦးချင်း ၊ တစ်ဦးချင်းသည် ငါအလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာကြမည်သာ ဖြစ်သည်။ (ကုရ်အာန် ၃၆း၃၂)**

**ရှင်းလင်းချက်။** လူသားတို့သည် သေခြင်းဟူသော တံခါးပေါက်ကို ဖြတ်သန်း၍ မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ထံသို့သာ နောက်ဆုံးရောက်ရှိရမည်ဖြစ်ကြောင်း၊ အာယသ်တော် အမြောက်အများရှိသည့်အနက် အောက်ပါအာယသ်တော်ကို ဥပမာပေးလိုပါ၏။

كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ ثُمَّ إِلَيْنَا تُرْجَعُونَ

သက်ရှိတိုင်းသည် သေခြင်းတရားကို မြည်းစမ်းကြရပေမည်။ ပြီးနောက် သူတို့သည် ငါအလ္လာဟ်အရှင်မြတ်ထံတော်သို့သာ ပြန်လာကြရပေလိမ့်မည်။

(ကုရ်အာန်–၂၉း၅၇)

(စူရာဟ်ယာစီးန် ၃၆း၃၃)

وَآيَةٌ لَّهُمُ الْأَرْضُ الْمَيْتَةُ أَحْيَيْنَاهَا وَأَخْرَجْنَا مِنْهَا حَبًّا فَمِنْهُ يَأْكُلُونَ

**သေွ့ခြောက်ပြီး အပင်မပေါက်နိုင်လောက်အောင် သေနေသော ပထဝီမြေသည်ကား သူတို့အတွက် သက်သေလက္ခဏာတစ်ရပ်ပင်**

**ဖြစ်သည်။ ငါအရှင်မြတ်သည် ယင်းမြေဆီ၊ မြေနှစ်မရှိသော မြေကြီးကို မြေဆီ၊ မြေနှစ်ထည့်သွင်းပြီး ရှင်သန်စေခဲ့သည်။ ပြီးနောက် ယင်းမြေမှ ကောက်ပဲသီးနှံများကို ပေါက်ရောက်ဖြစ်ထွန်းစေပြီး၊ ယင်းကောက်ပဲ သီးနှံများကို သူတို့စားသုံးမှီဝဲလျက် ရှိကြလေသည်။**

**(ကုရ်အာန် – ၃၆း၃၃)**

**ရှင်းလင်းချက်။** ကမ္ဘာပေါ်ရှိ **သက်ရှိ**အများစုသည် စားရေရိက္ခာအတွက် **အဓိက** အားဖြင့် **သစ်သီး၊ သစ်ဥ၊** သစ်ဖုများကို အများဆုံး မှီဝဲ**စားသောက်** လျက်ရှိ၏။ **ယင်းသစ်ပင်၊** သစ်သီးဝလံ၊ စပါး၊ **ကောက်ပဲသီးနှံ** **အမျိုးမျိုးတို့သည် မြေမှ**ပေါက်ရောက်ကြ၏။ ယင်းကဲ့သို့ **သီးနှံများ** **ဖြစ်ထွန်း စေရေးအတွက် မြေ**ဆီ၊ မြေနှစ်များ လိုအပ်ပေ**သည်။**

လူသားတစ်ဦးအနေဖြင့် **မိမိစိုက်ပျိုးလိုက်သော** သစ်စေ့မှ အဖူး၊ **အရွက်၊** အသီးများ ဆင့်ကဲဖြစ်ထွန်းလာအောင် **အလ္လာဟ်အရှင်မြတ်က** တင်ကြိုသတ်မှတ် တွက်ချက်မှုပြုလုပ်ပေးထားခဲ့ပြီး **ဖြစ်သည်။ စပါးစေ့ထဲ၌ ဆန်စေ့**ဖြစ်တည်လာအောင် မည်သည့်လူသားကမျှ မည်သည့်သိပ္ပံ**စမ်းသပ်ခန်းတွင်မှ စမ်းသပ်**ထုတ်လုပ် တီထွင် နိုင်ခြင်းမရှိပေ။ အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ထားသော ကျေးဇူးတော်တစ်ရပ် သာလျှင် ဖြစ်သည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ် တည်ရှိနေမှုကို ငြင်းပယ် နေသူများအတွက် ယင်းပထဝီမြေနှင့် ယင်းသစ်သီးဝလံ၊ သစ်ဥ၊ သစ်ဖုများက သက်သေ လက္ခဏာတစ်ရပ် မဟုတ်လေသလော။

**(စူရာဟ်ယာစီးန် ၃၆း၃၄–၃၅)**

وَجَعَلْنَا فِيهَا جَنَّاتٍ مِن نَّخِيلٍ وَأَعْنَابٍ وَفَجَّرْنَا فِيهَا مِنَ الْعُيُونِ

**ထို့ပြင်မက ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ စွန်ပလွံဥယျာဉ်**

ကိုလည်းကောင်း၊ စပျစ်ဥယျာဉ်ကိုလည်းကောင်း၊ ပြုလုပ်ဆောင်ရွက်ထားပြီးဖြစ်သည်။ ပြီးနောက် စိမ့်စမ်း ၊ ချောင်း၊ မြောင်း အသွယ်သွယ်ကိုလည်း တူးဖော်ထားခဲ့လေသည်။ (ကုရ်အာန် ၃၆:၃၄)

لِيَأْكُلُوا مِن ثَمَرِهِ وَمَا عَمِلَتْهُ أَيْدِيهِمْ أَفَلَا يَشْكُرُونَ

ထိုဥယျာဉ်မြေမှ ပေါ်ထွက်လာသော အသီးအပွင့်များကို သူတို့မှီဝဲစားသုံးကြစေရန်အတွက် ဖြစ်သည်။ အမှန်တကယ်၌ ထိုအသီးအပွင့်များ ဖြစ်ပေါ်လာရန် သူတို့၏လက်များနှင့် ပြုလုပ်ခဲ့ကြသည် မဟုတ်ပေ။ သို့ပါလျက် သူတို့သည် ကျေးဇူးမသိတတ်ကြလေသလော။
(ကုရ်အာန် ၃၆:၃၅)

**ရှင်းလင်းချက်။** လူသားတို့အနေဖြင့် ထွန်ယက်၊ မျိုးစေ့ချ၊ စိုက်ပျိုး၊ ပေါင်းသင်၊ ရေလောင်းသည့် အပေါ်ယံတာဝန်ကိုသာ ထမ်းဆောင်ရလေသည်။ အပင်တစ်ပင်မှ အသီးအရွက်များ၊ အစေ့အဆံများ၊ အကိုင်းအခက်များ၊ စဉ်ဆက်မပြတ် တိုးပွားကြီးထွား လာအောင် အလ္လာဟ်အရှင်မြတ်က ကြိုတင်စီမံထားပေးထားပြီး ဖြစ်သည်။ ဥပမာအားဖြင့် စပျစ်သီးထဲရှိ အရသာကို လူသားတို့က ပြုလုပ်ထားသည် မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်က စီမံထားခြင်းသာဖြစ်သည်။ ကျေးဇူးတရားကို သိတတ်သူတို့အဖို့ ယင်းအချက်ကို နားလည်သဘောပေါက်ရန် လိုအပ်လေသည်။

(စူရာဟ်ယာစီးန် ၃၆း၃၆)

سُبْحَانَ الَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا مِمَّا تُنبِتُ الْأَرْضُ وَمِنْ أَنفُسِهِمْ وَمِمَّا لَا يَعْلَمُونَ

ရှိ ့ယွင်းချွတ်ချော်မှု၊ အရပ်ရပ်မှ ကင်းစင်တော်မူသော အလ္လာဟ် အရှင်မြတ်သည် အရာရာတိုင်း၌ ဆန့်ကျင်ဖက်စုံတွဲ(ဒွိစုံ) သဘောကို **စီရင်ဖြစ်ထွန်းစေခဲ့သည်။** ယင်းဒွိစုံ၏ သဘောကို မြေမှပေါက်ရောက် **သောအရာများတွင်လည်းကောင်း၊** လူတို့၏ စိတ်နှင့်ရုပ်သဘောတို့တွင် **လည်းကောင်း၊** သူတို့မသိသေးသည့် အကြောင်းအရာများတွင် လည်း **ကောင်း၊ အလ္လာဟ်အရှင်မြတ်က** ဖြစ်ထွန်းစေခဲ့ပြီးဖြစ်သည်။

(ကုရ်အာန် ၃၆း၃၆)

**ရှင်းလင်းချက်။** လွန်ခဲ့သော နှစ်ပေါင်း(၁၄၀၀)ကျော်က ပို့ချခြင်းခံခဲ့ရသော ကုရ်အာန်ကျမ်းမြတ်တွင် ယခုသိပ္ပံပညာရှင်တို့တွေ့ရှိထားသော 'အရာရာတိုင်း၌ ဒွိစုံသဘောရှိသည်'ဟူသည့် အချက်ပါဝင်ခဲ့ပေသည်။ ထိုခေတ်၊ ထိုအခါက အရပ်တို့အနေနှင့် ယင်းအချက်ကို မသိကြသေးချေ။ ထို့ပြင်မက လူသားတို့ စူးစမ်းရှာဖွေ မတွေ့နိုင်သေးသော အကြောင်းအရာများတွင်လည်း 'ဒွိစုံ'သဘောရှိသည်ဟု ဖျာဒိတ်ပေးထားခြင်းက ကုရ်အာန်သည် သိပ္ပံပညာရပ်၏ ရှေ့ပြေးဖြစ်ကြောင်းကို **ထင်ဟပ်လှစ်ဟလျက်** ရှိပေသည်။

**(စူရာဟ်ယာစီးန် ၃၆း၃၇)**

وَآيَةٌ لَّهُمُ اللَّيْلُ نَسْلَخُ مِنْهُ النَّهَارَ فَإِذَا هُم مُّظْلِمُونَ

**ညအမှောင်သည်လည်း သူတို့အတွက် သက်သေလက္ခဏာ တစ်ရပ်ပင် ဖြစ်သည်။ ထိုအရှင်မြတ်သည် ယင်းညအမှောင်မှ နေ့အလင်းရောင်ကို ဖယ်ခွာထုတ် လိုက်သောအခါ သူတို့သည် အမှောင်ထုထဲ၌ ကျန်ခဲ့ကြလေသည်။ (ကုရ်အာန် ၃၆း၃၇)**

**ရှင်းလင်းချက်။** အလ္လာဟ်**အရှင်မြတ်** တည်ရှိကြောင်းကို မယုံကြည်သူတို့အတွက် ကျမ်းမြတ်**ကုရ်အာန်က** အထောက်အထား အများအပြားကို တင်ပြထားလေသည်။ ထိုအထောက်အထားများအနက် အလင်းနှင့်အမှောင်သည်လည်း ထင်ရှားသော သက်သေလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ အလင်းနှင့်အမှောင်သည် **ဆန့်ကျင်ဘက်သဘောတရားနှစ်ခုဖြစ်သည်။** အလ္လာဟ်အရှင်မြတ်က **နေ့နှင့်ညကို အဘယ့်ကြောင့်** စီရင်ဖြစ်ထွန်းစေရသနည်း။

**ကျမ်းမြတ်ကုရ်အာန်**(၁၇း၁၂)တွင် –

وَجَعَلْنَا اللَّيْلَ وَالنَّهَارَ آيَتَيْنِ فَمَحَوْنَا آيَةَ اللَّيْلِ وَجَعَلْنَا آيَةَ النَّهَارِ مُبْصِرَةً لِتَبْتَغُواْ فَضْلاً مِّن رَّبِّكُمْ وَلِتَعْلَمُواْ عَدَدَ السِّنِينَ وَالْحِسَابَ وَكُلَّ شَيْءٍ فَصَّلْنَاهُ تَفْصِيلاً

ငါအရှင်မြတ်သည် နေ့နှင့်ညကို (ငါတည်ရှိနေကြောင်း) သက်သေလက္ခဏာနှစ်ရပ်အဖြစ် ဆောင်ရွက်ထားခဲ့လေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် **ည၏** သက်သေလက္ခဏာကို မှောင်မိုက်စေပြီး၊ နေ့၏သက်သေလက္ခဏာကို **အမြင်အာရုံ**

စွမ်းဆောင်နိုင်စေရန် လင်းဝင်းစေခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့ရခြင်းမှာ သင်တို့အနေဖြင့် သင်တို့ကို မွေးမြူဖန်ဆင်းစောင့်ရှောက် လမ်းညွှန်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတရားများကို ရှာဖွေရယူသုံးစွဲနိုင်ရန်နှင့် နှစ်ကာလများ၏ အရေအတွက် များကို တွက်ချက်သိမြင်ပိုင်းခြားနိုင်ရေးအတွက် ဖြစ်သည်။ ငါအလ္လာဟ်အရှင်မြတ် သည် အရာရာတိုင်းကို အသေးစိတ်၊အနုစိတ် ရှင်းလင်းဖော်ပြထားပြီးဖြစ်သည်။

(ကုရ်အာန် –၁၇း၁၂)

အလ္လာဟ်အရှင်မြတ် တည်ရှိတော်မူကြောင်း တစ်နည်းအားဖြင့် ဖန်ဆင်းရှင် **(CREATOR)**ရှိကြောင်းကို ကျမ်းတော်မြတ်ကုရ်အာန်၌ နေရာအမြောက်**အများ တွင်** ဖော်ပြထားလေသည်။ အလ္လာဟ်အရှင်မြတ် တည်ရှိတော်မူကြောင်းကို မယုံ ကြည်ကြသူများအနေဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတရားကို မသိတတ်ကြသူများအနေနှင့် လည်းကောင်း၊ ယင်းကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ **အစီအမံများအနက်မှ** တစ်ရပ်ဖြစ်သော နေ့နှင့်ည ပြောင်းလဲနေခြင်းကို ထိန်းချုပ် **နိုင်စွမ်းရှိပါလေသလော။**

မိမိတို့ကိုယ်တိုင်ကိုယ်ကျ အလ္လာဟ်အရှင်မြတ် စီမံသတ်မှတ်ထားသော နေ့နှင့်ည ပြောင်းလဲခြင်းအပေါ် ဖြစ်ပေါ်လာသော အကျိုးကျေးဇူးများကို ခံစားနေပြီး သကာလ အဘယ့်ကြောင့် အလ္လာဟ်အရှင်မြတ်(ဖန်ဆင်းရှင်)ကို ငြင်းပယ်၊ အန်တု ဆန့်ကျင်နေကြပါသနည်း။

**(စူရာဟ်ယာစီးန် ၃၆း၃၈–၃၉)**

وَالشَّمْسُ تَجْرِي لِمُسْتَقَرٍّ لَّهَا ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ

**ထို့အပြင် နေမင်းသည် သူ့အပေါ်သတ်မှတ်ထားပြီးဖြစ်သော နေပတ် လမ်းကြောင်းအတိုင်း လှုပ်ရှားသွားလာလျက် ရှိပေသည်။ ယင်းအချက်**

**သည်ကား အလွန်တရာ နိုင်နင်းစိုးမိုးတော်မူသော အကြွင်းမဲ့သိမြင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ တိုင်းတာသတ်မှတ်ထားချက် ဖြစ်သည်။ (ကုရ်အာန် ၃၆:၃၈)**

وَالْقَمَرَ قَدَّرْنَاهُ مَنَازِلَ حَتَّى عَادَ كَالْعُرْجُونِ الْقَدِيمِ

**ငါအရှင်မြတ်သည် လစန္ဒာကိုလည်း သူ၏လပတ်လမ်းကြောင်းအလိုက် စခန်းများ သတ်မှတ်ပြီး လှုပ်ရှားသွားလာစေလျက်ရှိသည်။ ယင်းကဲ့သို့ စခန်းများသတ်မှတ်၍ လှုပ်ရှားသွားလာစေခြင်းအားဖြင့် ဝိုင်းစက်ပြည့်ဝနေသော လပြည့်ဝန်းသည် နောက်ဆုံးတွင် မျက်တောင်ကွေးကဲ့သို့သော လဆုတ်ရက် အနေအထားသို့ ပြန်လည်ရောက်ရှိသွားစေရ၏။ (ကုရ်အာန် ၃၆:၃၉)**

أَلَمْ تَرَ أَنَّ اللَّهَ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ
وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي إِلَى أَجَلٍ مُّسَمًّى
وَأَنَّ اللَّهَ بِمَا تَعْمَلُونَ خَبِيرٌ

အသင်သည် စူးစမ်းသုံးသပ်မှု မပြုလေသလော။ ကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ညဉ့်ကို နေ့၏အချိန်ပိုင်းအတွင်း ထိုးဖောက်ဝင်ရောက်စေပြီး၊ နေ့ကိုလည်း ညဉ့်၏အချိန်ပိုင်းအတွင်း ထိုးဖောက်ဝင်ရောက်စေတော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် နေနှင့်လကိုလည်း စနစ်တကျ လှုပ်ရှားသွားလာစေလျက်ရှိသည်။

ထို့ပြင်မက အရာရာတိုင်းသည်လည်း အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ပြဋ္ဌာန်းချက်နှင့် အညီ ပြေးလွှားစီးဆင်းလှုပ်ရှားလျက်ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် သင်တို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အကြွင်းမဲ့ကြားသိတော်မူပေသည်။(ကုရ်အာန် ၃၁း၂၉)

ကျမ်းတော်မြတ်ကုရ်အာန်တွင်း တစ်နှစ်လျှင် (၁၂)လရှိကြောင်း ဖော်ပြထားပြီးဖြစ်သည်။ **ကမ္ဘာသည် နေကို တစ်ပတ်ပတ်ပြီးချိန်တွင်** လသည် ကမ္ဘာကို (၁၂)ပတ် **ပတ်ပြီးပြီဖြစ်၍ ယင်းကို"တစ်နှစ်တာ"**ကာလ ဟု သတ်မှတ်ထားလေသည်။ ဆိုလို **သည်မှာ အထက်ဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်(၃၁း၂၉)အတိုင်း** နေ၊လ၊ကမ္ဘာ အစရှိ **သည်တို့မှာ သူတို့၏သတ်မှတ်ဂြိုဟ်ပတ်လမ်းကြောင်းအတိုင်း** လှည့်ပတ်သွားလာ **ခြင်းအားဖြင့် နေ့နှင့်ည စဉ်ဆက်မပြတ် ပြောင်းလဲခြင်းများ၊** ဥတုရာသီ ပြောင်းလဲ **ခြင်းများသည် အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ချက်နှင့်အညီဖြစ်ကြောင်း**ကို ရည်ညွှန်း ဆိုလိုနေခြင်းဖြစ်သည်။

တစ်နှစ်တာကာလနှင့် ပတ်သက်ပြီး **တွက်ချက်ရာတွင်** ရက်အရေအတွက် သတ်မှတ်မှုနှင့် ပတ်သက်ပြီး **နေကိုအခြေခံသည့်ပြက္ခဒိန်(Solar Calendar)**နှင့် လကိုအခြေခံသည့် ပြက္ခဒိန်**(Lunar Calendar)ဟူ၍ နှစ်မျိုးနှစ်စား**ရှိပေသည်။ နေကို **အခြေခံသည့်ပြက္ခဒိန်အရ တစ်နှစ်တွင် (၃၆၅)ရက်နှင့် (၆)နာရီခန့်** ရှိသည်ဟု တွက်ချက် ထားနိုင်ပေသည်။ လကို အခြေခံသည့် ပြက္ခဒိန်**အရမူ** တစ်နှစ်တွင် (၃၅၄)ရက်၊ (၁၂)နာရီနှင့် (၄၀)မိနစ် ရှိသည်ဟု တွက်ချက် **သတ်မှတ်ထားလေသည်။** တစ်နည်း အားဖြင့်ဆိုရသော် ကမ္ဘာသည်နေကို တစ်ပတ် ပြည့်အောင်ပတ်နိုင်ရန် (၃၆၅)ရက်နှင့် (၆)နာရီခန့်ကြာမြင့်ပြီး လသည်ကမ္ဘာကို (၁၂)ပတ်ပတ်နိုင်ရန် (၃၅၄)ရက်၊(၁၂)နာရီနှင့် (၄၀)မိနစ်မျှ ကြာမြင့်လေသည်။

နေကို အခြေခံတွက်ချက်သည့် **Solar Calendar**အရ၊ တစ်နှစ်တွင် (၁၂)လ ရှိလေသည်။ ယင်း(၁၂)လ တွင် ဧပြီလ၊ဇွန်လ၊စက်တင်ဘာလနှင့် နိုဝင်ဘာလတို့တွင် ရက်ပေါင်း(၃၀)နှင့် တစ်လတာကို **အဆုံးသတ်လေသည်။** ဖေဖော်ဝါရီလတွင်မှ

ရက်ပေါင်း(၂၈)ရက်နှင့် တစ်လတာကို အဆုံးသတ်လေသည်။ ကျန်လများဖြစ်သော ဇန်နဝါရီလ၊ မတ်၊ မေဖူလိုင်၊ ဩဂုတ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာလများတွင် ရက်ပေါင်း (၃၁)ရက်အားဖြင့် တစ်လတာကို အဆုံးသတ်ထားလေသည်။ ထို့ကြောင့်--

| | | |
|---|---|---|
| ရက်ပေါင်း (၃၀)နှင့် အဆုံးသတ်သောလ (၄)လ | = | ၁၂၀ ရက် |
| ရက်ပေါင်း (၂၈)နှင့် အဆုံးသတ်သောလ (၁)လ | = | ၂၈ ရက် |
| ရက်ပေါင်း (၃၁)နှင့် အဆုံးသတ်သောလ (၇)လ | = | ၂၁၇ ရက် |
| | | ၃၆၅ ရက် |

**နေကို အခြေခံ**တွက်ချက်ထားသည့် ပြက္ခဒိန်အရ တစ်နှစ်လျှင် (၃၆၅)ရက်ရှိသည်ဟု တွက်ချက်ထားနိုင်ပေသည်။ သို့သော် ကမ္ဘာသည် နေကိုတစ်ပတ်ပြည့်အောင် လှည့်ပတ်နိုင်ရန် (သို့) တစ်နှစ်တာကာလပြည့်ရန် (၃၆၅)ရက်နှင့် (၆)နာရီခန့်မျှကြာသောကြောင့် ပြက္ခဒိန် တွက်ချက်မှုအရ **တစ်နှစ်တာ**လျှင် (၃၆၅)ရက်ဟု တွက်ချက်ပါက တစ်နှစ်လျှင် (၆)နာရီ **အချိန်ပိုယူမည်ဖြစ်သည်။** ထိုကဲ့သို့ ပိုနေသော တစ်နှစ်တာအတွက်(၆)နာရီကို **(၄)နှစ်စာပေါင်းပြီး** (၂၄)နာရီကို (၄)နှစ်လျှင် တစ်ကြိမ်၊ ဖေဖော်ဝါရီလ၌ (၂၉)ရက်အဖြစ် **တစ်ရက်တိုး** သတ်မှတ်၍ အချိန်ကို ကိုက်ညှိသွားလေသည်။

**လကို အခြေခံ**တွက်ချက်သည့် **Lunar Calendar** အရ တစ်နှစ်တွင် (၃၅၄)ရက်၊ (၁၂)နာရီနှင့် မိနစ်(၄၀)ခန့်ရှိသည်ဟု ခန့်မှန်းတွက်ချက်ထားလေသည်။ **Lunar Calendar** အရ လသည် ကမ္ဘာကို တစ်ပတ်ပတ်ပြီးချိန်ကို တစ်လတာအဖြစ် သတ်မှတ်ထားပြီး၊ တစ်လတာကို ရက်အားဖြင့် အချို့လများကို (၂၉)ရက်အဖြစ် သတ်မှတ်ထားပြီး၊ အချို့လများကို (၃၀)ရက်အဖြစ် **သတ်မှတ်ထားလေသည်။** ယင်းသို့ **တစ်လနှင့်တစ်လ** ရက်ကွဲပြားခြားနားရခြင်းမှာ **နေနှင့်ကမ္ဘာ၏ အကွာအဝေး၊** နေနှင့်လ၏ **အကွာအဝေး၊** ကမ္ဘာနှင့်လတို့၏အကွာအဝေး **ပြောင်းလဲနေခြင်းကြောင့်** ဖြစ်သည်။ **သို့ဆိုလျှင် Lunar Calendar** အရ --

(၁) 'တစ်လ'တာဟူသော အချိန်ကာလသည် မည်သည့်အချိန်က စတင်၍ မည်သည့်အချိန်တွင် အဆုံးသတ်မည်နည်း။ ကျမ်းတော်မြတ်ကုရ်အာန် (၂း၁၈၉)၌

يَسْأَلُونَكَ عَنِ الأَهِلَّةِ قُلْ هِيَ مَوَاقِيتُ لِلنَّاسِ وَالْحَجِّ . . .

''ဆန်းဦးစလ (Cresent Moon) နှင့် ပတ်သက်၍ အသင်တမန်တော်ကို သူတို့က မေးမြန်းကြပေလိမ့်မည်။ ထိုဆန်းဦးစလသည် လူသားတို့အဖို့ အချိန်ကာလကို သတ်မှတ်နိုင်ရန်နှင့် 'ဟဂ်ျ'ပြုရန် သတ်မှတ်ထားသော ကာလကို သိရှိနိုင်ရန်ဖြစ်သည် ဟု အသင်တမန်တော် ကြေညာလိုက်ပါ။''

(ကုရ်အာန် ၂း၁၈၉)

အထက်ပါ ကုရ်အာန်(၂း၁၈၉)အရ ဆန်းဦးစလ(ဝါ) လဆန်း(၁)ရက်သည် ''တစ်လ''တာကာလ (A Month)၏ အစကနဦးအချိန်ဖြစ်သည်။ လကွယ်၏ **နောက်ဆုံးအချိန် (သို့မဟုတ်) နောက်တစ်ကြိမ် ဆန်းဦးစလကို မြင်ရချိန်သည် ''တစ်လ''တာ ကာလ၏ နောက်ဆုံးအချိန်ပင်ဖြစ်သည်။** ဆိုလိုသည်မှာ– ဆန်းဦးစလ တစ်ကြိမ်နှင့် တစ်ကြိမ်ထွက်ပေါ်လာသည့်ကြားကာလသည် ''တစ်လ''တာ ကာလဖြစ်သည်။

(၂) မည်သည့်လသည်(၂၉)ရက်ဖြစ်၍ မည်သည့်လသည် ရက်(၃၀)ဖြစ်မည်နည်း။

ဆန်းဦးစလ (ဝါ) လဆန်း(၁)ရက်၏ လကို တစ်ကြိမ်နှင့်တစ်ကြိမ် မြင်ရချိန်ကြားကာလသည် (၂၉)ရက်ဖြစ်လျှင် ယင်းလ (Month)သည် (၂၉)ရက်နှင့် အဆုံးသတ်သော လဖြစ်ပြီး၊ ကြားကာလသည် ရက်(၃၀)ဖြစ်လျှင် ယင်းလသည် ရက်(၃၀) နှင့် အဆုံးသတ်သောလ **Month** ဖြစ်သည်။

တစ်နှစ်တာကာလ၌ လပေါင်း(၁၂)လရှိကြောင်းကို ကျမ်းတော်မြတ်ကုရ်အာန် (၉း၃၆)၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

إِنَّ عِدَّةَ الشُّهُورِ عِندَ اللّهِ اثْنَا عَشَرَ شَهْرًا . . .

"ကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်ထံတော်၌ လများ၏ အရေအတွက်သည် (၁၂)လ ရှိလေသည်။" (ကုရ်အာန် ၉း၃၆)

အထက်ပါ အာယသ်တော်အရ တစ်နှစ်တွင် (၁၂)လရှိကြောင်း၊တစ်နည်းအားဖြင့် တစ်နှစ်တာကာလတွင် (**Moon**)လသည် ကမ္ဘာကို (၁၂)ပတ်,ပတ်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် အရဗီလ(၁၂)လရှိသည်ဖြစ်ရာ တစ်လချင်းအပေါ် အောက်ပါအတိုင်း အမည်သညာ သတ်မှတ်မှည့်ခေါ်ထားလေသည်။

| | | | |
|---|---|---|---|
| (၁) | မုဟာရ်ရမ်လ | – | محرّم |
| (၂) | ဆွဖရ်လ | – | صفر |
| (၃) | ရဗီအွလ်အောင်ဝလ် | – | ربيع الأول |
| (၄) | ရဗီအွဆ်ဆာနီ | – | ربيع الثاني |
| (၅) | ဂျုမာဒွလ်အောင်ဝလ် | – | جماد الأول |
| (၆) | ဂျုမာဒွဆ် ဆာနီ | – | جماد الثاني |
| (၇) | ရဂျဗ် | – | رجب |
| (၈) | ရှာအ်ဗာန် | – | شعبان |
| (၉) | ရမဒ္ဒါန် | – | رمضان |
| (၁၀) | ရှောင်ဝလ် | – | شوال |
| (၁၁) | ဇွလ်ကာအ်ဒါဟ် | – | ذوالقعدة |
| (၁၂) | ဇွလ်ဟာဂျ် | – | ذوالحج |

လသည် ကမ္ဘာကို တစ်ပတ်ပြည့်အောင်ပတ်ရာတွင် လနှင့်ကမ္ဘာ အကြား အကွာအဝေးနှင့် အနေအထားအမျိုးမျိုးအရ လဆန်း၊လပြည့်၊ လဆုတ်၊ လကွယ် ဟူ၍သတ်မှတ်ထားချက်များ ရှိလေသည်။ ယင်းသတ်မှတ်ချက်များနှင့်အညီ ကမ္ဘာမြေပြင်ပေါ်မှ လမင်းကြီးကို မတူကွဲပြားခြားနားသော ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တွေ့မြင်ရလေသည်။ ကွေးညွတ်ပြီး သေးငယ်လှသော လဆန်း၏ လအသွင်သဏ္ဌာန် သည် တစ်ဖြည်းဖြည်းနှင့် ကြီးမားလုံးဝန်းလာပြီး၊ လပြည့်ည၌ လုံးဝဝိုင်းစက်သွားလေ သည်။ လပြည့်ပြီးနောက် တစ်ဖြည်းဖြည်းနှင့် လဆုတ်ရက်များတွင် ပြန်ပြီးသေးငယ် ကွေးညွတ်သွားရာ နောက်ဆုံးလကွယ်ရက်၌ လုံးဝပျောက်ကွယ်သွားလေတော့သည်။ ဤသို့အားဖြင့် တစ်လတာ(**A Month**) ပြီးမြောက်သွားရသည်။ ယင်းသို့သော ဖြစ်စဉ်ဖြစ်ရပ်ကို စူရာဟ်ယာစီးန်၊ အာယသ်တော်(၃၉)က ဖော်ပြထားသည်မှာ- အောက်ပါအတိုင်းဖြစ်သည်။

وَالْقَمَرَ قَدَّرْنَاهُ مَنَازِلَ حَتَّى عَادَ كَالْعُرْجُونِ الْقَدِيمِ

ငါအရှင်မြတ်သည် လစန္ဒာကို သူ၏လ,ပတ်လမ်းကြောင်းအလိုက် စခန်းများ (လဆန်း၊ လပြည့်၊ လဆုတ်၊ လကွယ်) သတ်မှတ်ပြီး၊ လှုပ်ရှားသွားလာစေလျက် ရှိသည်။ ယင်းကဲ့သို့ လှုပ်ရှားသွားလာစေလျက် ရှိခြင်းအားဖြင့် လပြည့်လအဖြစ် အဆင့်ဆင့်သို့ ပြောင်းလဲရောက်ရှိလာခဲ့သည်။ ထိုမှတစ်ဖန် ယင်းဝိုင်းစက်သော လပြည့်လဝန်းသည် နောက်ဆုံးတွင် ကွေးညွတ်သေးငယ်သော မျက်တောင် ကွေးကဲ့သို့ 'လဆုတ်'ရက် အနေအထားသို့ ပြန်လည်ရောက်ရှိသွားလေသည်။

(ကုရ်အာန် ၃၆း၃၉)

**(ဗူရာဟ်ယာစီးန် ၃၆:၄၀)**

لَا الشَّمْسُ يَنبَغِي لَهَا أَن تُدْرِكَ الْقَمَرَ وَلَا اللَّيْلُ سَابِقُ النَّهَارِ وَكُلٌّ فِي فَلَكٍ يَسْبَحُونَ

**သူရိယနေမင်းသည် လစန္ဒာကို အမှီလိုက် ကျော်ဖြတ်သွားနိုင်ခြင်း မရှိသလို နေသည်လည်း ညကို မကျော်လွန်နိုင်ပေ။ အရာရာတိုင်းသည် သူတို့အတွက် သတ်မှတ်ထားသော လမ်းကြောင်းပေါ်၌ ကူးလူးပျံ့ခတ် လှုပ်ရှားသွားလာလျက်ရှိသည်။ (ကုရ်အာန် ၃၆:၄၀)**

**ရှင်းလင်းချက်။** အလ္လာဟ်အရှင်မြတ် စီရင်ဖြစ်ထွန်းထားစေပြီးသော မဟာစကြဝဠာ အတွင်း၌ အရာရာတိုင်းသည် သူတို့အတွက် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပြဋ္ဌာန်းထားသော လမ်းညွှန်ချက်နှင့်အညီသာ လှုပ်ရှား သွားလာလျက်ရှိကြ၏။ ကျမ်းမြတ်ကုရ်အာန်(၂၁း၃၃)၌လည်း ဤသို့ ပြဆိုထားလေသည်။

وَهُوَ الَّذِي خَلَقَ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ كُلٌّ فِي فَلَكٍ يَسْبَحُونَ

အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ညကိုလည်းကောင်း၊ နေ့ကိုလည်း ကောင်း၊ သူရိယနေမင်းကိုလည်းကောင်း၊ စန္ဒာလမင်းကိုလည်းကောင်း၊ စီရင်ဖြစ်ထွန်း စေခဲ့ပြီးဖြစ်သည်။ အရာရာတိုင်းသည် သူတို့အတွက် သတ်မှတ်ထားပြီး ဖြစ်သော လမ်းကြောင်းပေါ်၌ ကူးလူးပျံ့ခတ်လှုပ်ရှားသွားလာလျက်ရှိကြသည်။

(ကုရ်အာန် ၂၁း၃၃)

အမှားနှင့် အမှန်သည်လည်း ဘယ်သောအခါမှ ဒွေးရောယှက်တင် ရောနှော သွားခြင်း မရှိပေ။ အမှန်တရားသည် သူ့လမ်းကြောင်း၊ သူ့စနစ်နှင့်သူ သွားလာ

နေသလို မှားယွင်းမှုကလည်း သူ့လမ်းကြောင်း၊ သူ့စနစ်နှင့်သူ သွားလာလှုပ်ရှား လျက်ရှိလေသည်။ တစ်နည်းဆိုသော် အမှန်တရား၌ လည်းကောင်း၊ မှားယွင်းမှု၌ လည်းကောင်း၊ သူတို့၏ကိုယ်ပိုင်ဂုဏ်ရည်။ ဂုဏ်သွေး၊ သတ်မှတ်ချက်နှင့် အစွမ်းသတ္တိများ ရှိကြပေသည်။ သို့ဖြစ်ရာ မှားယွင်းမှုတစ်ရပ်ကို လူအများက အမှန်ပါဟု ထောက်ခံလိုက်ရုံမျှင့် အမှန်တရားဖြစ်မလာသလို အမှန်တရားတစ်ရပ်ကို လူအများစုက အမှားပါဟု ပြောဆိုသတ်မှတ်ပေငြားလည်း မှားယွင်းမှုဖြစ်မသွားပေ။

မဟာအနန္တစကြဝဠာအတွင်း၌ ရှိရှိသမျှ အရာအားလုံးသည် ပရမ်းပတာ မဟုတ်ဘဲ သူတို့အတွက် သတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ လှုပ်ရှားနေကြောင်းကို ယနေ့သိပ္ပံပညာက အခိုင်အမာတွေ့ရှိထားပြီး ဖြစ်သည်။ ယင်းတွေ့ရှိချက်က ဖန်ဆင်းရှင်တစ်ပါးရှိကြောင်းကို ခိုင်ခိုင်မာမာ ထောက်ခံလိုက်ခြင်းပင် ဖြစ်သည်။ အရာအားလုံးသည် သတ်မှတ်ချက်တစ်ရပ်ကို စနစ်တကျ လိုက်နာနေခြင်းသည် ယင်းသတ်မှတ်ချက်ကို ပြဋ္ဌာန်းထားသူတစ်ဦးတစ်ယောက် ရှိနေခြင်းမှာ ထင်ရှားသိသာလှပေသည်။

အကယ်၍ ဖန်ဆင်းရှင်မရှိဘဲ ဤမဟာစကြဝဠာကြီးသည် သူ့သဘာဝအတိုင်း အလိုလိုဖြစ်ကာ၊ အလိုလိုလှုပ်ရှားနေပြီး၊ အလိုလို ပြောင်းလဲပျက်စီး၊ ကွယ်ပျောက်သွားမည်ဟု ယုံကြည်ထားသူတစ်ဦးတစ်ယောက် အနေနှင့် ယနေ့မဟာစကြဝဠာကြီး၏ အစီအစဉ်တကျ လှုပ်ရှားသွားလာနေမှုများအနက်မှ တစ်စုံတစ်ရာကို ပြုပြင်ပြောင်းလဲထိန်းချုပ်နိုင်ပါ၏လော။

**(စူရာဟ်ယာစီးန် ၃၆း၄၁)**

وَآيَةٌ لَّهُمْ أَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِي الْفُلْكِ الْمَشْحُونِ

**ထို့ပြင်မက သူတို့(လူသားတို့)အတွက် သက်သေလက္ခဏာ တစ်ရပ်ရှိပေသည်။ ယင်းမှာ–ကေန်မလွဲ ငါအလ္လာဟ်အရှင်မြတ်သည် သူတို့၏ မျိုးဆက် (လူသားမျိုးဆက်)များအား ကုန်အပြည့်တင်ဆောင်ထားပြီး**

**ဖြစ်သော ရေယာဉ်တစ်စီးအပေါ်၌ တင်ဆောင်စီးနင်းစေတော်မူခြင်းပင် ဖြစ်သည်။ (ကုရ်အာန် ၃၆း၄၁)**

**ရှင်းလင်းချက်။** အထက်ပါ အာယသ်တော်က ရည်ညွှန်းဖော်ပြနေသော ကုန်အပြည့် တင်ထားသည့် ရေယာဉ်သင်္ဘောဆိုသည်မှာ– ဤကမ္ဘာဂြိုဟ်ကြီးကို ရည်ညွှန်းဆိုလိုနေခြင်းသာ ဖြစ်သည်။ သူရိယနေမင်းကြီးသည် လည်းကောင်း၊ လစန္ဒာသည် လည်းကောင်း၊ မဟာစကြဝဠာကြီး အတွင်း၌ မိမိတို့လမ်းကြောင်းအပေါ် မိမိတို့လှည့်ပတ်သွားလာ လျက်ရှိနေကြောင်းကို ရှေ့အာယသ်များ၌ ဖော်ပြထားခဲ့ပြီး ဖြစ်သည်။ သို့သော် နေ၌လည်းကောင်း၊ လစန္ဒာ၌လည်းကောင်း၊ ကုန်တင်ထားကြောင်းကို ကုရ်အာန်ကပြဆိုထားခြင်းမရှိပေ။

လူသားတို့ နေထိုင်ရာ ဤကမ္ဘာဂြိုဟ်ပေါ်၌မူ ကုန်အပြည့်တင်ဆောင်ထား သည်ဟူသော အနက်သဘောမှာ–လူသားတို့အတွက် လိုအပ်ချက်အဝဝတို့ကို ဤကမ္ဘာဂြိုဟ်ပေါ်၌ပင် အလ္လာဟ်အရှင်မြတ်က လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံ စီရင်ထားပေးပြီးဖြစ်သည်ဟူသော အနက်သဘောကို ရည်ညွှန်းဖော်ပြနေခြင်းပင် ဖြစ်သည်။ ထို့ပြင်မက ဤကမ္ဘာဂြိုဟ်သည်လည်း လူသားများနှင့်တကွ လူသားတို့ အတွက် လိုအပ်ချက်အဝဝကို တင်ဆောင်ပြီး မဟာစကြဝဠာကြီးအတွင်း၌ မိမိ လမ်းကြောင်းအပေါ် မိမိလှုပ်ရှားသွားလာနေခြင်းက လူနှင့်ကုန်အပြည့် တင်ဆောင် ထားသော သင်္ဘောကြီးတစ်စင်း၊ ပင်လယ်သမုဒ္ဒရာထဲ၌ လှည့်လည်သွားလာလျက် ကဲ့သို့ နိုင်းနှိုင်းပြဆိုထားခြင်းပင်ဖြစ်သည်။

အခြားတစ်ဖက်မှ ကြည့်မည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာ ဂြိုဟ်အပေါ်၌သာ လူသားတို့အတွက် လိုအပ်သော လိုအပ်ချက်အဝဝကို ထောက်ပံ့

ဖြည့်တင်းပေးထားပြီး စကြဝဠာအတွင်းရှိ အခြားဂြိုဟ်များပေါ်တွင်မူ ကမ္ဘာဂြိုဟ်ကဲ့သို့ ထောက်ပံ့ထားခြင်း မရှိသည်ကို ရည်ညွှန်းဖော်ပြနေကြောင်း တွေ့ရှိရသည်။

**(စူရာဟ်ယာစီးန် ၃၆း၄၂)**

## وَخَلَقْنَا لَهُم مِّن مِّثْلِهِ مَا يَرْكَبُونَ

**ငင်းပြင် ငါအရှင်မြတ်သည် ထိုလူသားတို့အတွက် ယင်းအရာကဲ့သို့ပင် အခြားအစီးအနင်းများကိုလည်း စီရင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ (ကုရ်အာန် ၃၆း၄၂)**

**ရှင်းလင်းချက်။** ကျေးဇူးတော်အပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်သည် ကျယ်ဝန်းလှသော ကမ္ဘာဂြိုဟ်ပေါ်၌လည်း တစ်နေရာမှ တစ်နေရာသို့ လူသားတို့ လှုပ်ရှားသွားလာနိုင်ရေးအလို့ငှာ မြင်း၊ ကုလားအုတ်၊ လား အစရှိသော တိရစ္ဆာန်များမှအစ ရေပြင်ပေါ်တွင် လှည့်ပတ်သွားလာနိုင်ရန် လှေ၊ သင်္ဘောများအပြင် လေထဲ၌ လှုပ်ရှားပျံဝဲနိုင်သော လေယာဉ်ပျံ၊ ဒုံးပျံ အပါအဝင် စီရင်ဖြစ်ထွန်းစေတော်မူခဲ့ပြီးဖြစ်သည်။ ယင်းနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်(၁၇း၇၀)၌လည်း ဤသို့ပြဆိုထားသည်။

## وَلَقَدْ كَرَّمْنَا بَنِي آدَمَ وَحَمَلْنَاهُمْ فِي الْبَرِّ وَالْبَحْرِ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ وَفَضَّلْنَاهُمْ عَلَى كَثِيرٍ مِّمَّنْ خَلَقْنَا تَفْضِيلاً

ကေန်အမှန်ပင် ငါအလ္လာဟ်အရှင်မြတ်သည် အာဒမ်၏သားမြေးများဖြစ်ကြသော လူသားမျိုးဆက်တစ်ရပ်လုံးအား ဂုဏ်သရေထူးကဲမြင့်မြတ်စေတော်မူခဲ့ပြီးဖြစ်သည်။ ငါအရှင်မြတ်သည် သူတို့အတွက် မြေပြင်၌သော်လည်းကောင်း၊ ရေပြင်

၌သော်လည်းကောင်း၊ အစီးအနင်းများကို စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ သန့်ရှင်း စင်ကြယ်ပြီး ခွန်အားပြည့်ဖြိုးစေသော အာဟာရများကိုလည်း ထောက်ပံ့ဖြည့်တင်း ထားပြီးဖြစ်သည်။ ထို့ပြင်မက ငါအရှင်မြတ်သည် ဖန်ဆင်းခံသက်ရှိ၊ သက်မဲ့ သတ္တဝါ များအနက် ယင်းလူသားမျိုးနွယ်တို့ ထူးကဲမြင့်မြတ်မှုအများဆုံး၊ ကျိုးကြောင်းဆက်စပ် မှု အကောင်းဆုံးအဖြစ် စီရင်ဖြစ်ထွန်းစေခဲ့ပြီးဖြစ်သည်။ (ကုရ်အာန် ၁၇း၇၀)

အထက်ပါ အာယသ်တော်(၁၇း၇၀)အရ အလ္လာဟ်အရှင်မြတ်က လူသား မျိုးနွယ်ဆက်တစ်ခုလုံးအပေါ် **'ဂုဏ်သရေထူးကဲမြင့်မြတ်ခြင်း'** ဟူသော ဘွဲ့ထူး တစ်ရပ်ကို ချီးမြှင့်ထားပြီးဖြစ်ရာ၊ လူလူချင်း ဖိနှိပ်ရက်စက်ခြင်း၊ လူမဆန်စွာ ပြုမူဆက်ဆံခြင်း၊ အသားအရောင်ခွဲခြားသတ်မှတ်ဆက်ဆံခြင်း၊ လူမျိုးကြီးဝါဒကို ကျင့်သုံးခြင်း အစရှိသော လုပ်ဆောင်ချက်များသည် လူသားတစ်ဦး၏ ဂုဏ်သရေ ကို ထိခိုက်သည်ဖြစ်သည်နှင့်အညီ ယင်းကဲ့သို့ ပြုမူဆက်ဆံခြင်းများက အလ္လာဟ် အရှင်မြတ် ပြဋ္ဌာန်းသတ်မှတ်ထားပြီးသော ကုရ်အာန်''အာယသ်''တော်တစ်ရပ်ကို ချိုးဖောက်လိုက်ခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲဒုက္ခ ခံနေရသူများကို ကာကွယ်စောင့်ရှောက်ပံ့ပိုးပေးခြင်းသည် ယင်းလူသား၏ ဂုဏ်သရေ ထူးကဲမြင့်မြတ်ခြင်းကို အသိအမှတ်ပြု ထောက်ခံလိုက်ခြင်းပင် ဖြစ်သည်။

အလားတူ အလ္လာဟ်အရှင်မြတ် စီရင်ဖြစ်ထွန်းစေထားသော ရေ၊မြေ၊လေ၊ တော၊တောင်၊ သဘာဝများသည်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်ပြီး ခွန်အားပြည့်ဖြိုး စေသော အစာအဟာရများသည်လည်းကောင်း၊ အယုတ်အလတ်၊အမြတ် မခွဲခြား ဘဲ လူသားအားလုံးတို့က မိမိတို့၏ကြိုးပမ်းအားထုတ်မှု အတိုင်းအတာနှင့်အညီ ရယူခံစားပိုင်ခွင့်ရှိလေသည်။

**(စူရာဟ်ယာစီးန် ၃၆း၄၃–၄၄)**

وَإِن نَّشَأْ نُغْرِقْهُمْ فَلَا صَرِيخَ لَهُمْ وَلَا هُمْ يُنقَذُونَ

**အကယ်၍ ငါအရှင်မြတ်က သူတို့အား နစ်မြုပ်ပစ်လိုက်မည်ဆိုလျှင်**

**သူတို့သည် အော်ဟစ်အကူအညီတောင်းခံနိုင်မည် မဟုတ်သလို လွတ်မြောက်မှုကိုလည်း ရရှိကြမည်မဟုတ်ပေ။ (ကုရ်အာန် ၃၆း၄၃)**

**إِلَّا رَحْمَةً مِّنَّا وَمَتَاعًا إِلَىٰ حِينٍ**

**သို့ပေငြားလည်း ငါအရှင်မြတ်၏ 'ရဟ်မသ်'တော်အားဖြင့် သတ်မှတ်ထားသောအချိန်ကာလ အတိုင်းအတာတစ်ခုထိ ငါအရှင်မြတ်၏ 'ရဟ်မသ်' တော်များကို ခံစားစံစားနေခြင်းသာဖြစ်သည်။ (ကုရ်အာန် ၃၆း၄၄)**

**ရှင်းလင်းချက်။** ယနေ့ကမ္ဘာပေါ်တွင် ခံစားနေရသော လေဘေး၊ရေဘေး၊ ငလျင်ဘေးတို့ကို လေ့လာစူးစမ်းကြည့်မည်ဆိုလျှင် အထက်ဖော်ပြပါ ကုရ်အာန်(၃၆း၄၃)ကို ပိုမိုသဘောပေါက်သိမြင်လာနိုင်ပေသည်။ ကုရ်အာန်(၃၆း၄၁)တွင် ဖော်ပြထားပြီးသကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းခံလူသားအပေါင်းတို့အား ကုန်အပြည့်တင်ဆောင်ထားပြီးသော သင်္ဘောကြီးတစ်စင်းကဲ့သို့ပင် မဟာစကြဝဠာကြီးအတွင်း၌ လှည့်ပတ်သွားလာလှုပ်ရှားနေသော ကမ္ဘာဂြိုဟ်အပေါ်တွင် လိုအပ်ချက်အဝဝကို ဖြည့်တင်းပေးပြီး လူသားတို့အားနေထိုင်စေတော်မူ၏။

သို့သော် လောဘ၊ မာန်မာန၊ အတ္တ မောဟာဒေါသတို့ကို မထိန်းချုပ်နိုင်သော လူသား တို့သည် ကမ္ဘာ့သယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအားဖြင့်လည်းကောင်း၊ စစ်မက်ခင်းကျင်းတိုက်ခိုက်ခြင်းအားဖြင့်လည်းကောင်း၊ အမျိုးမျိုးသော အကြောင်းတရားများက အလ္လာဟ်အရှင်မြတ်၏ မူလစီရင်ဖြစ်ထွန်းထားစေမှုတို့အပေါ် ထိခိုက်ပျက်ပြားရလေသည်။ ယင်း၏အကျိုးတရားအဖြစ် ရေခဲပြင်ကြီးများ အရည်ပျော်ရခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများ ဖြစ်ပေါ်လာရခြင်း၊ ရာသီဥတုပြောင်းလဲသွားခြင်းကို လူသားတို့ ခံစားတွေ့ကြုံရလေတော့သည်။ ယင်းသဘာဝ ဘေးဒဏ်များ တွေ့ကြုံ

လာရပြီဆိုလျှင် လူသားတို့ မရှုနိုင်၊ မကယ်နိုင် ဖြစ်ရတော့သည်။ ပြိုလဲပျက်စီး ရတော့သည်။ ဘေးဒုက္ခအမျိုးမျိုးတို့ ဖြစ်ရတော့သည်။

ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်(၃၆း၄၁)က 'ကုန်အပြည့်တင်ထားသော သင်္ဘောကြီး'ဟု တင်စားရည်ညွှန်းထားသော အလ္လာဟ်အရှင်မြတ်က လူသားတို့ အတွက် 'အမာနသ်'အဖြစ် အပ်နှံထားသော ဤကမ္ဘာဂြိုဟ်ကြီး တည်ငြိမ်အေးချမ်း သာယာရေးကို ဦးဆောင်ဦးရွက် ပြုလုပ်ရမည့်တာဝန်များမှာ ဤကမ္ဘာဂြိုဟ်ပေါ်၌ မှီတင်းနေထိုင်ကြသူအားလုံးတို့အပေါ်တွင် တာဝန်ရှိပေသည်။ ယနေ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အစုအဖွဲ့အလိုက် ဆောင်ရွက်နေသူများမှာ ကျမ်းတော်မြတ် ကုရ်အာန်၏ ပြဋ္ဌာန်းချက်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ အသွင်ဆောင်ပေသည်။'ယင်းလုပ်ငန်းစဉ်များ၊ ယင်းအဖွဲ့အစည်းများတွင် မွတ်စလင်မ် ဦးရေ မည်မျှပါသနည်း' ဟူသည့် မေးခွန်းကိုမူ စဉ်းစားဖြေဆိုရန် လိုအပ်ပေသည်။

ယနေ့ကမ္ဘာပေါ်တွင် နေရာဒေသအသီးသီး၌ နေထိုင်ကြသူများသည် အချိန်အခါမလပ်အောင်ပင် မိမိတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများကို မောက်မာထောင်လွှားလျက်ရှိနေကြ၏။ သူတို့၏ဆိုးပြစ်များကိုသာ အလ္လာဟ်အရှင် မြတ်က ချက်ခြင်းအရေးယူတော်မူမည်ဆိုပါက ယနေ့လူ့အဖွဲ့အစည်း၏ သက်တမ်း သည် အလွန်တိုတောင်းသွားမည်ဖြစ်သည်။ သို့သော် 'ရဟ်မာန်'အရှင်က အချိန် တစ်ခုအထိ၊ အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့နေကြောင်းကို ကုရ်အာန်(၃၆း၄၄) က ရည်ညွှန်းပြဆိုနေခြင်းပင်ဖြစ်သည်။ ယင်းအချက်နှင့် ပတ်သက်၍ ကုရ်အာန် (၃၅း၄၅)၌ အောက်ပါအတိုင်းပြဆိုထားသည်။

وَلَوْ يُؤَاخِذُ اللَّهُ النَّاسَ بِمَا كَسَبُوا مَا تَرَكَ عَلَى ظَهْرِهَا مِن دَابَّةٍ وَلَكِن يُؤَخِّرُهُمْ إِلَى أَجَلٍ مُّسَمًّى فَإِذَا جَاءَ أَجَلُهُمْ فَإِنَّ اللَّهَ كَانَ بِعِبَادِهِ بَصِيرًا

အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အပေါ် ယင်းလူသားတို့ ဆည်းပူးလုပ်ကိုင်ခဲ့ကြသော ပြစ်မှုများကြောင့် ချုပ်ကိုင်အရေးယူတော်မူမည်ဆိုလျှင် ဤပထဝီမြေပေါ်ရှိ သက်ရှိလူသားတစ်ဦးတစ်ယောက်ပင် ကြွင်းကျန်နေမည် မဟုတ်

ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် သတ်မှတ်ချိန်တစ်ခုအထိ ဆိုင်းငံ့ထားတော်မူ၏။ ယင်းသတ်မှတ်ချိန်ရောက်ပြီဆိုလျှင် အလ္လာဟ်အရှင်မြတ်သည်ကား မည်သူသည် သူ၏အမိန့်နာခံတော်ဖြစ်သည်ကို အကြွင်းမဲ့သိမြင်တော်မူသောအရှင်ဖြစ်သည်။

(ကုရ်အာန် ၃၅း၄၅)

လူသားတို့သည် ဆန္ဒစောသူများ၊ သွေးပူ၊သွေးပျက်တတ်ကြသူများဖြစ်သည်။ အရာရာကို ချင့်ချိန်နှိုင်းဆနိုင်မှု နည်းပါးကြသူများဖြစ်သည်။ ဖြစ်ပေါ်လာသော ပြဿနာတစ်ရပ်ကို ဆန္ဒစောစွာ ဖြေရှင်းလိုကြသည်။ မိမိတို့၏ ပုဂ္ဂလိကခံစားချက်ကို ရှေ့တန်းတင်ထားကြသည်။ ဤသည်တို့ကား အလ္လာဟ်အရှင်မြတ်၏ 'ရဟ်မသ်'တော်နှင့် ဝေးရခြင်းအကြောင်းတစ်ရပ်ပင် ဖြစ်သည်။

လူသားတစ်ဦး(သို့မဟုတ်) လူ့အဖွဲ့အစည်းတစ်ရပ်သည် မကောင်းမှုတစ်ခုကို လုပ်ဆောင်ကြ၏။ ယင်းမကောင်းမှုက မိမိတို့၏အကျိုးကို များစွာဖြစ်ထွန်းစေသည်။ ထို့ကြောင့် နောက်မကောင်းမှုတစ်ခုကို ဆက်လက်လုပ်ကိုင်ပြန်၏။ မိမိတို့အတွက် အကျိုးဖြစ်ထွန်းပြန်၏။ သို့နှင့် အမှားကိုဆက်တိုက်ကျူးလွန်ကြ၏။ အမှားသည် အမှန်ဖြစ်လာရ၏။ အမှားသည် မိမိတို့၏အမြင်တွင် လုပကျက်သရေရှိလာရ၏။ အမှားကို လက်ဆုပ်လက်ကိုင်ပြုထားခြင်းကပင် ဂုဏ်သိက္ခာတစ်ရပ်အသွင်ဆောင်လာရ၏။ အမှန်တရားသည် လူမိုက်တို့၏သွားရာလမ်း ဟု မြင်လာကြ၏။ မှားယွင်းမှုကို ဖက်တွယ်ထားသော်လည်း လတ်တလော အောင်မြင်အကျိုးဖြစ်ထွန်းမှုက ''မိမိတို့သည် လူမှန်များဖြစ်သည်''ဟူသော အတွေးဆီသို့ တွန်းပို့လိုက်သည်။ ထိုလူသား၊ ထိုလူ့အဖွဲ့အစည်းသည်ကား အောက်ပါကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များကို လေ့လာရန် လိုအပ်ပေသည်။

اسْتِكْبَارًا فِي الْأَرْضِ وَمَكْرَ السَّيِّئِ وَلَا يَحِيقُ الْمَكْرُ السَّيِّئُ إِلَّا بِأَهْلِهِ

فَهَلْ يَنظُرُونَ إِلَّا سُنَّتَ الْأَوَّلِينَ فَلَن تَجِدَ لِسُنَّتِ اللَّهِ تَبْدِيلًا وَلَن

تَجِدَ لِسُنَّتِ اللَّهِ تَحْوِيلًا

ဤကမ္ဘာမြေပေါ်၌ မိမိကိုယ်မိမိ အထင်ကြီးပြီး ဂုဏ်မောက်နေကြသူများသည် မကောင်းမှုကို ကြံစည်ကြ၏။ သို့သော် ယင်းမကောင်းမှုကြံစည်မှုက တစ်ပါးသူကို မထိခိုက်ဘဲ မိမိတို့အပေါ်တွင်သာ အကျိုးသက်ရောက်မှု ရှိလေသည်။ သူတို့သည် ရှေးလူတို့၏ အလေ့အထ၊ အကျင့်အမူတို့ကို လက်ခံကျင့်သုံးလိုပါသေးသလော။ ကေန်အမှန် အလ္လာဟ်အရှင်မြတ်၏ လမ်းစဉ်သည်သာလျှင် အပြောင်းအလဲမရှိ၊ တည်တံ့ခိုင်မြဲလှပေသည်။ ထို့ပြင်မက အလ္လာဟ်အရှင်မြတ်၏ စွန္နသ်လမ်းစဉ်သည် အသွင်သဏ္ဌာန်ပြောင်းလဲသွားခြင်းကိုလည်း တွေ့မြင်ရမည် မဟုတ်ပေ။

(ကုရ်အာန် ၃၅း၄၃)

ယနေ့ကမ္ဘာပေါ်၌ ''ငါတို့သည်သာ အရာရာကို စွမ်းဆောင်နိုင်သည်၊ တတ်စွမ်းနိုင်သည်။ ငါတို့လောက် မည်သူကမျှ စွမ်းဆောင်နိုင်သည်မဟုတ်၊ တတ်သိနားလည်သည် မဟုတ်''ဟု မိမိတို့ကိုယ်မိမိတို့ အထင်ကြီးပြီး ဂုဏ်မောက်နေကြသူများရှိလေသည်။ အမှန်တကယ်၌မူ သူတို့သည် အမှန်တရားကို မျက်ကွယ်ပြုပြီး မိမိတို့ကိုယ်မိမိတို့ လှည့်ဖျားဟန်ဆောင်နေကြခြင်းဖြင့် မကောင်းမှုများကို ကြံစည်နေကြခြင်းသာ ဖြစ်လေသည်။ လူတစ်ယောက်သည် အခြားလူတစ်ယောက်ကို လိမ်လည် လှည့်ဖြားဖို့အရေးမှာ မိမိကိုယ်မိမိ ဦးစွာလိမ်လည်လှည့်ဖြားဟန်ဆောင်ရလေသည်။ ယင်းအချက်ကပင်လျှင် သူတစ်ပါးအကျိုးမထိခိုက်ခင် မိမိ၏အကျိုးထိခိုက်နေရပေသည်။ မိမိကိုယ်မိမိ လိမ်လည်လှည့်ဖြားခြင်းသည် အဆင်းရဲဆုံးသော ဒုက္ခကြီးတစ်ရပ်ဖြစ်သည်။ ယင်းသူတို့သည် ရှေးယခင်က ကေရာဇ်ကြီးများဖြစ်သော ဖိရ်အောင်၊ဟာမာန်၊ ကာရူန်၊ အစရှိသူတို့၏ လမ်းစဉ်ကို သဘောတွေ့နေကြလေသည်။ သူတို့အတွက် မပြောင်းလဲသော၊ တည်တံ့ခိုင်မြဲသော အမှန်တရားသည် ရှုံ့မုန်းစရာ ဖြစ်လေသည်။

أَوَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ وَكَانُوا أَشَدَّ مِنْهُمْ قُوَّةً وَمَا كَانَ اللَّهُ لِيُعْجِزَهُ مِن شَيْءٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ إِنَّهُ كَانَ عَلِيمًا قَدِيرًا

သူတို့သည် ကမ္ဘာမြေဝယ် ခရီးလှည့်ပတ်သွားလာခြင်း မပြုကြပေသလော။ ထိုသို့ သွားလာခဲ့မည်ဆိုလျှင် အင်အားအလွန်ကြီးမားပြီး၊ မိမိတို့၏အင်အားကို မတော်မတရား ကျင့်ကြံသုံးစွဲခဲ့ကြသူတို့၏ နောက်ဆုံးသွားရာလမ်း မည်သို့ရှိသည်ကို သူတို့တွေ့မြင်ကြရပေမည်။ ဤမိုးကမ္ဘာ၌ လည်းကောင်း၊ မြေကမ္ဘာ၌လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား ချိနဲ့အားနည်းသွားအောင် မည်သည့်အရာကမျှ မတတ်စွမ်းနိုင်ပေ။ ကေန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိမြင်နိုင်ပြီး၊ အကြွင်းမဲ့စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်သည်။
(ကုရ်အာန် ၃၅း၄၄)

သို့ဖြစ်ရာ မိမိကိုယ်မိမိ အထင်ကြီးဂုဏ်မောက်ပြီး၊ တစ်ပါးသူတို့အပေါ် လိမ်လည်လှည့်ဖြားမကောင်းကြံစည်မှုသည် အချိန်အတိုင်းအတာတစ်ခုအထိသာ လုပ်ကြံနိုင်မည်ဖြစ်ပြီး၊ ယင်းကဲ့သို့ကျင့်ကြံအားထုတ်ခဲ့ကြသူတို့၏ သမိုင်းကြောင်းကား အဆိုးနှင့်သာရင်ဆိုင်ကြုံတွေ့ခဲ့ရလေသည်။

(စူရာဟ်ယာစီးန် ၃၆း၄၅-၄၆-၄၇)

وَإِذَا قِيلَ لَهُمُ اتَّقُوا مَا بَيْنَ أَيْدِيكُمْ وَمَا خَلْفَكُمْ لَعَلَّكُمْ تُرْحَمُونَ

"သင်တို့၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ လုပ်ဆောင်ခဲ့ပြီးသော လုပ်ဆောင်ချက်များနှင့် ပတ်သက်၍သော်လည်းကောင်း၊အကယ်၍ သင်တို့သည် လူသားချင်းစာနာ ထောက်ထား

သနားညှာတာမည်ဆိုပါက သင်တို့၏လုပ်ရပ်များကို ထိန်းထိန်းသိမ်းသိမ်း ရှိကြပါ”ဟု သူတို့ကို ပြောဆိုခဲ့သည်ဆိုပါစေ။ (ကုရ်အာန် ၃၆း၄၅)

وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلَّا كَانُوا عَنْهَا مُعْرِضِينَ

သူတို့ကို မွေးမြူစောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ သက်သေလက္ခဏာတော်များအနက် သက်သေလက္ခဏာတစ်ရပ်သူတို့ထံရောက်ရှိလာသော်ငြားလည်း ယင်းသက်သေ လက္ခဏာတော်ကို သူတို့မျက်နှာလွှဲဖယ်သွားကြလိမ့်မည်။ (ကုရ်အာန်၃၆း၄၆)

وَإِذَا قِيلَ لَهُمْ أَنفِقُوا مِمَّا رَزَقَكُمُ اللَّهُ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَنُطْعِمُ مَن لَّوْ يَشَاءُ اللَّهُ أَطْعَمَهُ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ مُّبِينٍ

သင်တို့သည် သင်တို့အား အလ္လာဟ်အရှင်မြတ်က ထောက်ပံ့ထားသည့် ဥစ္စာ၊ ပစ္စည်း၊ အထောက်အပံ့များကို သုံးစွဲကြလေကုန်ဟု ပြောဆိုသောအခါ ထို‘ကာဖိရ်’ သွေဖီငြင်းဆန်သူတို့က “မုအ်မင်န်” ယုံကြည်သက်ဝင်သူတို့ကို ပြန်လည်ခွန်းတုံ့ပြန်ကြသည်မှာ–

“အလ္လာဟ်အလိုရှိလျှင် အလ္လာဟ်ကိုယ်တိုင် ကျွေးမွေးမည့်သူများကို ငါတို့က ကျွေးမွေးရဦးမည်လော” သင်တို့သည် မှားယွင်းသော လမ်းကြောင်းပေါ်၌ ရောက်နေကြပြီ” ဟူ၍ဖြစ်သည်။

(ကုရ်အာန် ၃၆း၄၇)

(ဆူရာဟ်ယာစီးန် ၃၆း၄၈-၄၉-၅၀)

وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ

ထိုပြင်မက ယင်း'ကာဖိရ်'တို့က "အကယ်၍ သင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြသည်ဆိုပါက ဤချိန်းဆိုချက်(ကေယာမသ်နေ့)သည် ဘယ်တော့လဲ ဟု မေးခွန်းထုတ်ကြလေသည်။ (ကုရ်အာန် ၃၆း၄၈)

مَا يَنظُرُونَ إِلَّا صَيْحَةً وَاحِدَةً تَأْخُذُهُمْ وَهُمْ يَخِصِّمُونَ

သင်တို့အချင်းချင်း အငြင်းပွားစောဒကတက်နေစဉ်မှာပင် သင်တို့မျှော်လင့်နေသော ဟစ်အော်သံတစ်ခုက သင်တို့၏ဇီဝန်ကို ချုပ်ထိန်းကွပ်မျက်သွားပေလိမ့်မည်။ (ကုရ်အာန် ၃၆း၄၉)

فَلَا يَسْتَطِيعُونَ تَوْصِيَةً وَلَا إِلَى أَهْلِهِمْ يَرْجِعُونَ

ထိုသောအခါ သူတို့သည် တစ်စုံတစ်ရာသော သေတမ်းစာကို မှာကြားနိုင်မည်မဟုတ်သလို သူတို့၏ အိမ်သူအိမ်သား၊ဆွေမျိုးသားချင်းများထံသို့လည်း ပြန်နိုင်ကြမည်မဟုတ်ပေ။ (ကုရ်အာန် ၃၆း၅၀)

**(စူရာဟ်ယာစီးန် ၃၆း၅၁)**

وَنُفِخَ فِي الصُّورِ فَإِذَا هُم مِّنَ الْأَجْدَاثِ إِلَى رَبِّهِمْ يَنسِلُونَ

**ပြီးနောက်တံပိုးခရာမှုတ်သောအခါ သူတို့သည် သူတို့လဲလျောင်းခဲ့ရာ သင်္ချိုင်းမှုပြုရာ နေရာများမှ ထထွက်လာပြီး သူတို့အား မွေးမြူပြုစုရာ အရှင်ထံသို့ အလျင်အမြန် လာကြပေလိမ့်မည်။**

**(ကုရ်အာန် ၃၆း၅၁)**

**ရှင်းလင်းချက်။** ကျမ်းတော်မြတ်ကုရ်အာန်ကရည်ညွှန်းသော တံပိုးခရာမှုတ်ခြင်းဆိုသည်မှာအဘယ်နည်း။မည်သည့်အချိန်တွင် တံပိုးခရာမှုတ်မည်နည်း။

အထက်ပါမေးခွန်း(၂)ရပ်ကို လေ့လာသုံးသပ်ပြောဆိုမည်ဆိုပါက ကျမ်းတော်မြတ်ကုရ်အာန် အခြားအာယသ်များတွင် ဖော်ညွှန်းထားသော တံပိုးခရာမှုတ်ခြင်းဆိုင်ရာသဘောတရားများကို လေ့လာရန်လိုအပ်ပေသည်။ ကျမ်းတော်မြတ် ကုရ်အာန်တွင် ''တံပိုးခရာမှုတ်ခြင်း'' နှင့်ပတ်သက်၍ အထက်ဖော်ပြပါစူရာယာစီးန် အာယသ်တော်(၅၁)အပါအဝင် အာယသ်တော်ပေါင်း(၁၀)ပါးအထိ ဖော်ပြထားလေသည်။

وَنُفِخَ فِي الصُّورِ ذَلِكَ يَوْمُ الْوَعِيدِ

တံပိုးခရာမှုတ်ခြင်း အချင်းအရာသည်ကား ချိန်းဆိုထားသော အချိန်အခါပင်ဖြစ်သည်။ (ကုရ်အာန် ၅၀း၂၀)

وَتَرَكْنَا بَعْضَهُمْ يَوْمَئِذٍ يَمُوجُ فِي بَعْضٍ وَنُفِخَ فِي الصُّورِ فَجَمَعْنَاهُمْ جَمْعًا

ထိုနေ့သောအခါဝယ် ငါအရှင်မြတ်သည် လူသားတို့အနက် အချို့တို့အပေါ် လှိုင်းလုံး၊လှိုင်းလိပ်ကြီးများသဏ္ဍာန် တိုးဝှေ့ထပ်ဆင့်လျက်ထားရှိတော်မူပေမည်။ တံပိုးခရာမှုတ်ပြီးသောအခါ၌မူ ငါအရှင်မြတ်သည် သူတို့အားလုံးကို တစ်စုတစ်စည်းတည်းဖြင့် စုရုံးထားတော်မူပေမည်။ (ကုရ်အာန် ၁၈း၉၉)

فَإِذَا نُفِخَ فِي الصُّورِ فَلَا أَنسَابَ بَيْنَهُمْ يَوْمَئِذٍ وَلَا يَتَسَاءَلُونَ

တံပိုးခရာမှုတ်သောအခါ သူတို့၏အကြားတွင် **ဆွေမျိုးတော်စပ်ခြင်းများ** ပျက်ပြယ်သွားသလို တစ်ဦးနှင့်တစ်ဦးအကြားတွင် **အပြန်အလှန်စကားစမြည် ပြောဆို**ကြခြင်းများလည်း အလျဉ်းရှိကြတော့မည် **မဟုတ်ပေ။** **(ကုရ်အာန်၂၃း၁၀၁)**

وَيَوْمَ يُنفَخُ فِي الصُّورِ فَفَزِعَ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ إِلَّا مَن شَاءَ اللَّهُ وَكُلٌّ أَتَوْهُ دَاخِرِينَ

တံပိုးခရာမှုတ်သောနေ့တွင် အလ္လာဟ်အရှင်မြတ်၏ အလိုတော်ကိုနာခံသူတို့မှအပ မဟာစကြဝဠာ၌ ရှိသူတို့သည်လည်းကောင်း၊ ကမ္ဘာဂြိုလ်ပေါ်၌ရှိသူတို့သည်လည်းကောင်း၊ ထိတ်လန့်တုန်လှုပ်ပြိုလဲသွားကြပေမည်။ ထိုမှတစ်ပါး အားလုံးတို့သည် ရှုံးနိမ့်သူများပမာ အလ္လာဟ်အရှင်မြတ်ထံရောက်ရှိလာကြပေမည်။
ကုရ်အာန်(၂၇း၈၇)

وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَهِيَ تَمُرُّ مَرَّ السَّحَابِ . .

ထိုနေ့တွင် အသင်တို့က အလွန်ခိုင်မြဲတောင့်တင်းသော ကျောက်စိုင်ကျောက်ခဲများဖြစ်သည်ဟု ယူဆထားသည့် တောင်များကို မိုးတိမ်များလွင့်မျောသကဲ့သို့ လွင့်မျောနေသည်ကို သင်တို့မြင်တွေ့ရပေလိမ့်မည်။ (ကုရ်အာန် ၂၇း၈၈)

အထက်ဖော်ပြပါ တံပိုးခရာမှုတ်ခြင်းဆိုင်ရာ အာယသ်တော်များကို လေ့လာကြည့်ပါလျှင် ကျမ်းတော်မြတ်ကုရ်အာန်က ရည်ညွှန်းနေသော ''တံပိုးခရာမှုတ်ခြင်း'' ဆိုသည့်စကားရပ်သည် အမှန်တကယ်၌ တံပိုးခရာတစ်လက်ကို တစ်စုံတစ်ယောက်က မှုတ်ခြင်းကို ဆိုလိုခြင်းမဟုတ်ကြောင်း သိသာထင်ရှားလှပေသည်။ အခြေအနေပြောင်းလဲမှု တစ်ရပ်အတွက် သတိပေးချက်တစ်ရပ်ကို လူအများနားလည်အောင် ဥပမာပေးတင်စားထားခြင်းသာဖြစ်သည် ကိုတွေ့ရပေသည်။ အချို့ပညာရှင်များတို့က ကုရ်အာန်ကရည်ညွှန်းသော ''တံပိုးခရာမှုတ်ခြင်း'' ဆိုသည်မှာ မဟာစကြဝဠာအတွင်းရှိ နေစကြဝဠာ ပေါက်ကွဲခြင်းကြောင့် ထွက်ပေါ်လာသောကြီးမားသည့် ပေါက်ကွဲသံကို ရည်ညွှန်းခြင်းဖြစ်သည်ဟုဆိုကြပေ သည်။ ယင်းအယူအဆကို မှားသည်ဟုတော့ မဆိုသာပေ။ ဖြစ်နိုင်ချေ များလှ ပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် စကြဝဠာအတွင်းရှိ ဂြိုလ်ကြီးများ ပေါက်ကွဲမည့် အကြောင်း ဖော်ပြထားသောအာယသ်တော်များရှိပေသည်။

အခြားတစ်ဖက်မှ ကြည့်မည်ဆိုပြန်လျှင်လည်း ကျမ်းတော်မြတ်ကုရ်အာန်တွင် မဟာစကြဝဠာကြီးနှင့် ကမ္ဘာဂြိုဟ်အဆင့်ဆင့် ပြောင်းလဲဖြစ်တည်ထားသည့် အခြေခံသဘောကို ပြဆိုထားလေသည်။ ယင်းကဲ့သို့ဖြစ်တည်မှုအဆင့်ဆင့်ကို လေ့လာရာတွင် ပရမ်းပတာဖြစ်တည်ထားခြင်းမဟုတ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်တည်ထားခြင်းကို လေ့လာတွေ့ရှိရပေသည်။ သို့ဖြစ်၍ မဟာစကြဝဠာကြီး

ပျက်စီးသွားခြင်း၌လည်း အဆင့်ဆင့်ကူးပြောင်းပျက်စီးသွားမည်ဖြစ်ရာ ''တံပိုးခရာမှုတ်ခြင်းသည်လည်း ပျက်စီးခြင်းဆိုင်ရာ အခန်းကဏ္ဍတစ်ရပ်ကို ရည်ညွှန်းနေကြောင်း၊ ယင်းအခန်းကဏ္ဍသည် မည်သို့မည်ပုံဖြစ်ပျက်သွားမည်ဆိုသည့်အကြောင်းကို ကျမ်းမြတ်ကုရ်အာန်က ပုံဖော်ပြနေခြင်းပင်ဖြစ်သည်။

တံပိုးခရာမှုတ်ခြင်းခံရပြီးနောက် ဖြစ်ပေါ်လာရသော''ကိယာမသ် (ဝါ) မဟာစကြဝဠာကြီး၏နိဂုံးကို ကျမ်းမြတ်ကုရ်အာန်က ပုံဖော်ပြထားပုံမှာ များစွာမှတ်သားဖွယ်ကောင်းလှပေသည်။ သက်မဲ့လူသားများ၊ ပြန်လည်ရှင်ပြန်ထမြောက်လာပုံ၊ လူသားတို့ ဖရိုဖရဲဖြစ်ပြီး နောက်ဆုံးမိမိအရှင်ထံသို့ဦးတည် ပြေးလွှားကြပုံ၊ မိသားစုဖြစ်လင့်ကစား တစ်ဦးကိုတစ်ဦး မကယ်နိုင်ပုံစသည်တို့ကို ကျမ်းတော်မြတ်ကုရ်အာန်က ပုံဖော်သတိပေးထားလေသည်။

**(စူရာဟ်ယာစီးန် ၃၆း၅၂)**

قَالُوا يَا وَيْلَنَا مَن بَعَثَنَا مِن مَّرْقَدِنَا هَذَا مَا وَعَدَ الرَّحْمَنُ وَصَدَقَ الْمُرْسَلُونَ

**(ကဘရ်အတွင်းအိပ်စက်ရာမှ နိုးထလာကြသူများက)ပြောကြသည်မှာ "အော်– ငါတို့အကျိုးနည်းရခြင်းပါတကား မည်သူကများ ငါတို့၏အိပ်စက်ရာမှ ငါတို့အား နိုးထစေလိုက်သနည်း"ဟု ညည်းညူမြည်တမ်းကြလေမည်။ ကေန်အမှန်၌မူ ယင်းသည်ကား "ရဟ်မာန်တော်" အရှင် အလ္လာဟ်အရှင်မြတ်က ချိန်းဆိုထားသော ချိန်းဆိုချက်ပင်ဖြစ်သည်။ ယင်းအချက်နှင့်ပတ်သက်၍ တမန်တော်များက တိကျမှန်ကန်စွာ သတိပေးပြောကြားခဲ့ပြီး ဖြစ်သည်။ (ကုရ်အာန် ၃၆း၅၂)**

**ရှင်းလင်းချက်။** စူရာဟ်ယာစီးန် အာယသ်တော်(၅၂)အရဆိုလျှင်ကွယ်လွန်သူ သေဆုံးသွားပြီးသူအပေါင်းသည် ''ကဘရ်'' မြေကြီးထဲ၌ ငြိမ်းချမ်းစွာဖြင့် အိပ်စက်အနားယူနေကြမည်သာ ဖြစ်သည်။ တံပိုးခရာမှုတ်သောအခါမှသာ သူတို့၏ အိပ်စက်ရာမှ နိုးထလာကြပြီး ယင်းသို့ နိုးထလာရသည့်အပေါ် ညည်းညူမြည်းတမ်းကြမည်ဖြစ်သည်။

သို့သော် မွတ်စလင်မ်အများစု၏ ယုံကြည်ချက်မှာ အထက်ပါအာယသ်တော်ကရည်ညွှန်းထားသလို ကွယ်လွန်သေဆုံးသွားပြီးသူသည် သင်္ချိုင်းထဲ၌ အေးချမ်းစွာလဲလျောင်းနေရမည် မဟုတ်ပေ။ လူတစ်ယောက်သေဆုံးသွား၍ မြေမြှုပ်ပြီးဆိုပါက ခြေလှမ်း(၄၀) ပြည့်လျှင်'မွန်ကီရ်နကီးရ်'ခေါ် စေတမန်နှစ်ပါး သေသူထံရောက်ရှိလာမည်ဖြစ်သည်။ ပြီးနောက် သေသူကို မေးခွန်းအချို့ စစ်မေး၍ အပြစ်ပေးအရေးယူမည်ဟု မွတ်စလင်မ်တို့ကယုံကြည်ထားကြပေသည်။

အမှန်တကယ်ဆိုလျှင် မွတ်စလင်မ်တို့၏ ''ကဘရ်အဇာဗ်–သင်္ချိုင်းတွင်းမှပြစ်ဒဏ်''ဆိုင်ရာယုံကြည်ချက်သည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဆန့်ကျင်လေသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ မည်သည့်နေရာတွင်မှ ''ကဘရ်အဇာဗ်'' ကို ဖော်ပြမထားပေ။ ကျမ်းတော်မြတ်ကုရ်အာန်အရ လူသားတစ်ဦးအတွက် သူ၏ လုပ်ရပ်များနှင့်ပတ်သက်ပြီး စစ်ဆေးခြင်းအကြောင်းကို ကုရ်အာန် (၃း၁၈၅)တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ وَإِنَّمَا تُوَفَّوْنَ أُجُورَكُمْ يَوْمَ الْقِيَامَةِ

သက်ရှိတိုင်းသည် သေခြင်းတရားကို မြည်းစမ်းကြရမည်သာဖြစ်သည်။ သင်တို့၏လုပ်ကိုင်ဆောင်ရွက်ခဲ့သောလုပ်ရပ် (ဆိုးကျိုး၊ ကောင်းကျိုး)များနှင့် ပတ်သက်ပြီး ထိုက်တန်သောအကျိုးရလဒ်ကို ''ကိယာမသ်''နေ့၌သာလျှင် ပေးဆပ်ခြင်းခံကြရပေမည်။ (ကုရ်အာန် ၃း၁၈၅)

တစ်ဖန် ကျမ်းတော်မြတ်ကုရ်အာန် (၂၂း၆၉)တွင်လည်း ဤသို့ပြဌာန်းထား ပြီးဖြစ်သည်။

اللَّهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيَامَةِ فِيمَا كُنتُمْ فِيهِ تَخْتَلِفُونَ

အလ္လာဟ်အရှင်မြတ်သည် သင်တို့အကြားဝယ် ကွဲလွဲလျက်ရှိသော ပြဿနာ အရေးကိစ္စများကို ''ကိယာမသ်''နေ့တွင် စီရင်ဆုံးဖြတ်တော်မူပေမည်။

(ကုရ်အာန် ၂၂း၆၉)

အထက်တွင်ဖော်ပြခဲ့သော ကုရ်အာန်(၃း၁၈၅)နှင့် (၂၂း၆၉) အရဆိုလျှင် လူသားတစ်ဦးချင်း၏ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်သမျှကို စီရင်စစ်ဆေး မည့်သူမှာ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်ဖြစ်သည်။ စစ်ဆေးမည့်အချိန်များ ''ကိယာမသ်''နေ့တွင်ဖြစ်သည်။

သို့သော် မွတ်စလင်မ်တို့၏ ယုံကြည်ချက်အရဆိုလျှင် လူသားတစ်ဦးချင်း ၏ လုပ်ကိုင်ဆောင်ရွက်မှုနှင့် ပတ်သက်သမျှကို စီရင်စစ်ဆေးမည့်သူမှာ ''မွန်ကီရ် နကီရ်''ဖြစ်ပြီး စစ်ဆေးမည့်အချိန်မှာ''ကိယာမသ်''နေ့မရောက်ခင် ''ကဘရ်'' သင်္ချိုင်းထဲ၌ ဖြစ်သည်။

အဘယ်ကြောင့် မွတ်စလင်မ်တို့၏ ယုံကြည်ချက်သည် ကျမ်းတော်မြတ် ကုရ်အာန်နှင့် လွဲချော်နေရသနည်း။

'ကဘရ်အဖါးဗ်'ဟူသော အယူအဆသည် မည်သည့်အချိန်က မည်သည့် ရည်ရွယ်ချက်အားဖြင့် ပေါ်ထွန်းလာရသနည်း။

သမိုင်းကြောင်းကို ပြန်လှေ့လာမည်ဆိုလျှင် တမန်တော်မြတ်(ﷺ)ကွယ်လွန် (ဝဖါးသ်) ဖြစ်ပြီးနောက် မွတ်စလင်မ်တို့အကြားတွင် နိုင်ငံရေးအာဏာရယူလိုမှု နှင့်ပတ်သက်ပြီး ဂိုဏ်းဂဏကွဲများ အမြောက်အများပေါ်လာခဲ့ရသည်။ ပထမပိုင်း တွင် ယင်းဂိုဏ်းကွဲများသည် နိုင်ငံရေးကိုအခြေခံပြီး ကွဲပြားခြားနားခဲ့ကြသော် လည်း မကြာခင်မှာပင် ဘာသာရေးယုံကြည်ချက်များပါ ကွဲပြားခြားနားအောင် ဖန်တီး လာကြသည်။

တမန်တော်မြတ်(ﷺ)ကွယ်လွန်(ဝဖါးသ်)ဖြစ်ပြီးနောက် ပထမဦးဆုံး ခွဲထွက်ခဲ့သည့်ဂိုဏ်းသည် စတုတ္ထသမ္မတကြီး'ဟဇရသ်အလီ(ﷺ)' လုပ်ကြံခံရပြီး နောက် သမ္မတကြီး၏အုပ်စုထဲမှ ခွဲထွက်လာသော 'ခါရိဂျီ'ဂိုဏ်းဖြစ်သည်။ သူတို့၏ ဘာသာရေး ဆိုင်ရာယုံကြည်ချက်အရ မွတ်စလင်မ်တစ်ဦးအနေနှင့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်လိုက်ရုံမျှနှင့် 'ကာဖိရ်'ဖြစ်သွားလေသည်။ လိမ်လည်ပြောဆိုခြင်း၊ မကောင်းသည့် စကားကိုပြောဆိုခြင်း၊ တရားတော်အရ တားမြစ်ထားသည့် လုပ်ရပ် တစ်ခုကို လုပ်ကိုင်ဆောင်ရွက်ခြင်းသည် 'ကာဖိရ်'အဖြစ်သို့ ကူးပြောင်းသွားခြင်းသာ ဖြစ်သည်ဟု ယုံကြည်ထားကြသည်။ ဆေးလိပ်သောက်ခြင်း၊ လောင်းကစားခြင်း၊ တီးမှုတ်ဖျော်ဖြေခြင်း၊ ဂီတသံနားထောင်ခြင်း၊ 'ဆူဖီ'အတွင်းလမ်းစဉ်ကို လိုက်စား ခြင်း၊ ဖိမ်ခံပစ္စည်းသုံးစွဲခြင်း ၊အိမ်ထောင်မပြုခြင်းတို့သည် 'ကာဖိရ်'တို့၏လုပ်ရပ်ဟု လက်ခံယုံကြည်ထားကြသည်။ လက်ရှိအုပ်ချုပ်နေသူ 'အမီရ်မုအာဝေယာ' အစိုးရကို လုံးဝလက်မခံဘဲ ဆန့်ကျင်တော်လှန်ပုန်ကန်ကြသည်။ 'ခါရိဂျီန်'၏အဓိပ္ပါယ်မှာ **'ခွဲထွက်သွားကြသူများ'** ဟူ၍ ဖြစ်သည်။

အစ္စလာမ့်သမိုင်းတွင် ဒုတိယမြောက်ပေါ်ထွန်းလာသောဂိုဏ်းမှာ 'မွရ်ဂျီအာဟ်' ဂိုဏ်းဖြစ်သည်။ အဓိပ္ပါယ်မှာ 'ပြန်လှည့်လာကြသူများ'ဟူ၍ ဖြစ်သည်။ ယင်းဂိုဏ်း က 'အမီရ်မုအာဝေယာ' အစိုးရကို ပြတ်ပြတ်သားသား ထောက်ခံကြသည်။

'ခါရိဂျီ' ဂိုဏ်းနှင့်ဆန့်ကျင်ဖက်ဖြစ်သော 'မွရ်ဂျီအာဟ်'ဂိုဏ်း၏ အယူအဆမှာ–

မွတ်စလင်မ်တစ်ဦးသည် 'ရှရီးက်'လုပ်ရပ်ဖြစ်သော အလ္လာဟ်အရှင်မြတ်နှင့်အခြားအရာတစ်ခုခုကိုတွဲဖက်သည်မှလွဲ၍ ကျန်အပြစ်များကို ကျူးလွန်ခြင်း သည် အီမာန်ယုံကြည်ချက်မပျက်သွားပေ။ 'ကာဖိရ်' ဖြစ်မသွားပေ။ တမန်တော် မြတ်၏ 'ရှဖါအသ်'ကြားဝင်အသနားခံမှုအားဖြင့်သော်လည်းကောင်း၊ နေ့ကြီး ရက်ကြီးများတွင် အထူး'အိဘာဒသ်'ပြုခြင်းအားဖြင့်သော်လည်းကောင်း ၊ မိမိတို့ပြုလုပ်ခဲ့သော အပြစ်များ ပလပ်ပျောက်ပျက်ခွင့်ရသွားမည်ဟု ယုံကြည်ထားကြလေသည်။ တစ်နည်းအားဖြင့် 'ကလေမာဟ်'ဖတ်ထားသူတိုင်း ငရဲမလား ဟူသည့် အယူအဆဖြစ်သည်။

ဤတွင်'ဂျာမီ'အယူအဆတစ်ရပ်က ပေါ်လာရ၏။ မွတ်စလင်မ်ဆိုက တမန်တော်မြတ်၏ 'ရှဖါအသ်'ကြားဝင်အသနားခံမှုကြောင့် ပြစ်မှုများ ပပျောက်သွားပြီး 'ဂျန္နသ်'နိဗ္ဗါန်ဘုံသို့ ဝင်ရောက်ရမည်ဆိုလျှင် မွတ်စလင်မ်တစ်ဦးချင်း အတွက် ကုသိုလ်ကောင်းမှုပြုခြင်းနှင့် အကုသိုလ်မကောင်းမှုပြုခြင်းတို့၏ အကျိုးရလဒ်က မည်သို့ကွာခြားမည်နည်း ဟူသောမေးခွန်းတစ်ရပ်ပေါ်လာရ၏။

ယင်းမေးခွန်းအပေါ် 'ဂျာမီ' အယူအဆကဖြေရှင်းသည်မှာ မွတ်စလင်မ်တစ်ဦးအတွက် တမန်တော်မြတ်'ရှဖါအသ်' ထောက်ခံပေးမည့် 'ကိယာမသ်'ကမ္ဘာ တရားစီရင်မည့်နေ့မတိုင်ခင်ဖြစ်သော ၊တစ်နည်းအားဖြင့် မွတ်စလင်မ်တစ်ဦး သေဆုံးသွား၍ မြေမြှုပ်ပြီးနောက် ခြေလှမ်း(၄၀)ပြည့်သွားပြီးသောအချိန်တွင် စေတမန်နှစ်ပါးရောက်လာ၍ သေသူအား စစ်မေးမြန်းလိမ့်မည်။ ပြီးနောက် သူ၏ ဆိုးပြစ်များအပေါ် 'ကိယာမသ်'နေ့အထိတိုင် 'ကဘရ်'သင်္ချိုင်းထဲ၌ အပြစ်ဒဏ်ပေးခံရမည်။ ယင်းကဲ့သို့'ကဘရ်အဇာဗ်'ထားရှိခြင်းဖြင့် တမန်တော်မြတ်၏ 'ရှဖါအသ်' ကို ရရှိမည်ဖြစ်သော်ငြားလည်း ကုသိုလ်ကောင်းမှုပြုလုပ်သော မွတ်စလင်မ်တစ်ဦးနှင့်

အကုသိုလ်မကောင်းမှုပြုလုပ်သော မွတ်စလင်မ်တစ်ဦးတို့ကို 'ကဘာရ်အဇါးဗ်' က စည်းခြားပေးလိုက်သလိုဖြစ်သွားရလေသည်။ တစ်နည်းအားဖြင့် မကောင်းမှု အကုသိုလ်ပြုလုပ်သူ မွတ်စလင်မ်တစ်ဦးအတွက် တမန်တော်မြတ်၏ 'ရှဖါအသ်' အားဖြင့် ဂျန္နသ်သုခဘုံသို့ စံမြန်းရမည်မှန်သော်လည်း မိမိ၏မကောင်းမှုလုပ်ရပ်နှင့်ပတ်သက်ပြီး 'ကိယာမသ်'မတိုင်ခင် 'ကဘာရ်'သင်္ချိုင်းထဲ၌ အပြစ်ပေးခြင်းကို ခံရပေမည်။

ဤသို့ဖြင့် ကုရ်အာန်ကပြဋ္ဌာန်းထားခြင်းမရှိသော 'ကဘာရ်အဇါးဗ်'သည် 'ဂျာမီ'အယူအဆအားဖြင့် မွတ်စလင်မ်တို့၏အီမာန်ယုံကြည်ချက်တွင် သံမှို အနက်ခံထားရပြီးဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန် (၂၂း၈)က ဤသို့ပြဆို၏။

وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ

လူသားတို့အနက်တွင် အသိပညာလုံးဝမရှိဘဲလျက်သော် လည်းကောင်း၊ လမ်းညွှန်ချက်မရှိပါဘဲလျက်သော် လည်းကောင်း၊ နိုင်လုံတိကျရှင်းလင်းထင်ရှားသော ကျမ်းဂန်မရှိပါဘဲလျက်သော်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏အရေးအရာနှင့်ပတ်သက်၍ ထင်မြင်ယူဆ အခြေအတင် ငြင်းခုံလျက်ရှိနေကြလေသည်။ (ကုရ်အာန် ၂၂း၈)

**(စူရာဟ်ယာစီးန် ၃၆း၅၃-၅၄)**

إِن كَانَتْ إِلَّا صَيْحَةً وَاحِدَةً فَإِذَا هُمْ جَمِيعٌ لَّدَيْنَا مُحْضَرُونَ

**တံပိုးခရာမှုတ်ခြင်းဆိုသည်မှာ ရှုံးရှုပြင်းထန်သော ဟစ်အော်သံတစ်ရပ်မျှသာလျှင်ဖြစ်သည်။ ထိုသောအခါ၌ သူတို့အားလုံးသည်**

**ငါ့အရှင်မြတ်ထံတော်ပါးသို့ တစ်စုတစ်စည်းတည်း ခေါ်ဆောင်ခြင်း ခံရပေလိမ့်မည်။ (ကုရ်အာန်–၃၆:၅၃)**

**ရှင်းလင်းချက်။** ကုရ်အာန်ကရည်ညွှန်းသော တံပိုးခရာမှုတ်ခြင်းသည် တံပိုးခရာ တစ်လက်ကို တစ်စုံတစ်ယောက်က မှုတ်ခြင်းမဟုတ်သည်ကို အထက်ပါ'အာယသ်'က ရှင်းလင်းပြဆိုနေပေသည်။

فَالْيَوْمَ لَا تُظْلَمُ نَفْسٌ شَيْئًا وَلَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ

**ယင်းကိယာမသ်(ဝ်) ကမ္ဘာ့တရားစီရင်မည့်နေ့၌ မည်သူတစ်ဦး တစ်ယောက်မျှပင် စိုးစဉ်းမျှ မတရားစီရင်မှုကိုခံရမည်မဟုတ်ပေ။ ၎င်းအပြင် သင်တို့သည် သင်တို့ကျင့်ကြံပြုမူဆောင်ရွက်ခဲ့သော လုပ်ရပ် ပေါ်တွင်သာ ထိုက်တန်သော အစားပေးခြင်းကိုရရှိကြမည်ဖြစ်သည်။ (ကုရ်အာန်–၃၆:၅၄)**

**ရှင်းလင်းချက်။** လူတစ်ဦးချင်းသည် မိမိ၏ယနေ့ပြုမူဆောင်ရွက်ချက် အရပ်ရပ် နှင့် ပတ်သက်ပြီးအနာဂါတ်ကာလဖြစ်သော ကိယာမသ် (ဝ်)ကမ္ဘာ့ တရားစီရင်မည့်နေ့၌ ဖေါ်ထုတ်စစ်ဆေးခြင်းခံရပေမည်။ မိမိပြုလုပ်ခဲ့ သောမြူမှုံပမာဏခန့် ကောင်းကျိုးကိုလည်းကောင်း၊ မြူမှုံပမာဏ ခန့် ဆိုးပြစ်ကိုလည်းကောင်း၊ ပြန်လည်တွေ့မြင်ရမည်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်(၉၉း၇)နှင့် (၉၉း၈)တို့တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

فَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَرَهُ

သို့ဖြစ်ရာ မည်သူမဆိုတစ်စုံတစ်ရာသော ကောင်းမှုကို မြူမှုံခန့်မျှပင် ပြုမူခဲ့သည်ရှိသော် ထိုကောင်းမှုကို သူမြင်တွေ့ရလိမ့်မည်။ (ကုရ်အာန် ၉၉း၇)

وَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَرَهُ

မည်သူမဆို တစ်စုံတစ်ရာသော မကောင်းမှုကို မြူမှုံခန့်မျှပင်ပြုမူခဲ့သည် ရှိသော် ထိုမကောင်းမှုကိုသူမြင်တွေ့ရပေမည်။ (ကုရ်အာန် ၉၉း၈)

မည်သူတစ်ဦးတစ်ယောက်မှ မိမိမပြုကျင့်ခဲ့သော ဆိုးပြစ်ကိုခံစားရမည် မဟုတ်သလို မိမိပြုကျင့်ခဲ့သော ကောင်းကျိုးကို လက်လွှတ်ဆုံးရှုံးသွားရမည် လည်း မဟုတ်ပေ။ ကိယာမသ်နေ့တွင်တရားစီရင်မည့် အလ္လာဟ်အရှင်မြတ်သည် အကောင်း ဆုံးသော၊ အမှန်ကန်ဆုံးသော တရားသူကြီးဖြစ်ကြောင်းကို ကုရ်အာန် (၉၅း၈)တွင် ဤသို့ဖေါ်ပြထားပေသည်။

أَلَيْسَ اللَّهُ بِأَحْكَمِ الْحَاكِمِينَ

အလ္လာဟ်အရှင်မြတ်သည် တရားစီရင်သူအပေါင်းတို့တွင် အမှန်ကန်ဆုံး၊ အကောင်းဆုံး၊ တရားစီရင်သူမဟုတ်ပါလေသလော။ (ကုရ်အာန်–၉၅း၈)

ကိယာမသ်(ဝါ)တရားစီရင်မည့်နေ့တွင် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်တရားစီရင်မည်ဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်မျှ မတော်မတရားလွဲမှားစွာ တရားစီရင်ခံရမည်မဟုတ်ပေ။ လူသားတိုင်းသည် မိမိတို့လုပ်ကိုင်ဆည်းပူးခဲ့သည်နှင့်အညီသာ ထိုက်တန်စွာသော ဆုလာဘ်နှင့် ပြစ်ဒဏ်ကို ရရှိခံစားရမည်ဖြစ်သည်။

## ထိုက်တန်စွာသော ဆုလာဘ်နှင့် ပြစ်ဒဏ်ဆိုသည်မှာအဘယ်နည်း။

လူ့လောက၏တရားစီရင်မှု၌ ဥပမာ–လူတစ်ယောက်ကို သတ်သူအား သေဒဏ်ထိုက်စေ၏။ အကယ်၍လူ(၁၀)ယောက်ကိုသတ်သူအားလည်း သေဒဏ်ကိုသာအပြစ်ပေးနိုင်သည်။ လူတစ်ယောက်ကိုသတ်သူအား တစ်ကြိမ်သေဒဏ်ထိုက်စေပြီး၊ လူ(၁၀)ယောက်သတ်သူကို (၁၀)ကြိမ်တိုင်သေဒဏ်ပေး၍မရပေ။ ဆိုလိုသည်မှာ လူတစ်ယောက်ကိုသတ်သူအား သေဒဏ်တစ်ကြိမ်သာ ပေးနိုင်သလိုလူ(၁၀)ယောက်ကိုသတ်သူအားလည်း တစ်ကြိမ်တည်းသာ ကြိုးပေးကွပ်မျက်နိုင်သည်။ လူ့လောက၏တရားစီရင်မှုက တရားမျှတမှုမရှိဟူသော စောဒကတက်ဖွယ်ရာဖြစ်သည်။

အလားတူ လူတစ်ဦးတစ်ယောက်၏ဘဝကို မိမိ၏အသက်ပေး၍ ကာကွယ်လိုက်သူအား မည်သည့်နှုံးထားဖြင့် တန်ဖိုးဖြတ်၍ ပေးဆပ်နိုင်မည်နည်း။ မိမိအားတိုက်ကျွေးခဲ့သော မိခင်၏နို့ဖိုးကို ဘယ်လိုဆပ်နိုင်ပါသနည်း။ အမှန်တကယ်တန်ဖိုးတစ်ရပ် သတ်မှတ်နိုင်ပါ၏လော။ အမှန်တကယ်၌မူ ယင်းကောင်းကျိုး လုပ်ရပ်များ၏တန်ဖိုးကို ဖြတ်ပြီးဆုလာဘ်ချီးမြှင့်နိုင်သူမှာ အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်သည်။ ထိုကြောင့် စူရာဟ်ယာစီးန် အာယသ်တော်(၅၄)တွင် ''အလ္လာဟ်အရှင်မြတ်သည်သာလျှင် လူသားတို့ ကျင့်ကြံအားထုတ်ခဲ့မှုအပေါ် ထိုက်တန်သော အစားပေးမှုကိုတတ်စွမ်းနိုင်သောအရှင်ဖြစ်သည်''ဟူသည့်သဘောကို ရည်ညွှန်းပြထားခြင်းဖြစ်သည်။

စူရာဟ်ယာစီးန် အာယသ်တော်(၅၄)တွင်ဖော်ပြထားသည့် "ကျင့်ကြံအားထုတ်ပြုမူ ဆောင်ရွက်ခဲ့မှုအပေါ်တွင် ထိုက်တန်သော အစားပေးခြင်းကို ရရှိမည်" ဟူသော ပြဋ္ဌာန်းချက်ကို ရှုထောင့်တစ်ရပ်မှ အကျယ်ဖွင့်ဆို တင်ပြလိုပါသည်။

လူတစ်ဦးချင်းသည် မိမိမကွယ်လွန်မီ လူ့ဘဝသက်တမ်းကို ပိုင်ဆိုင်ထားချိန်၌ မိမိကိုယ်တိုင်က ကုသိုလ်ကောင်းမှုအဝဝကို မိမိလက်ဖြင့် ပြုလုပ်ဆောင်ရွက်သွားရပေမည်။ အကယ်၍ မိမိကွယ်လွန်သွားပြီးဆိုလျှင်မိမိ၏ မှတ်တမ်းသည် ပိတ်သွားပြီးဖြစ်သည်။ အချို့က မိမိသက်ရှိနေထိုင်စဉ်ကာလ၌ မိမိ၏ပိုင်ဆိုင်မှုအနက်မှ လှူဒါန်းခြင်းကို ထိထိရောက်ရောက်ပြုမူဆောင်ရွက်ခဲ့ခြင်းမရှိပေ။ မိမိကွယ်လွန်သွားပြီးမှ ကျန်ရစ်သူမိသားစုက လှူဒါန်းခြင်းမှာ ကျမ်းတော်မြတ်ကုရ်အာန်အရ မိမိနှင့် သက်ဆိုင်ခြင်းမရှိတော့ပေ။

အစ္စလာမ့်ရှရီအသ်ဥပဒေအရ လူတစ်ယောက် ကွယ်လွန်သေဆုံးသွားလျှင် သူ၏ပိုင်ဆိုင်မှုအဝဝသည် သူ့အပေါ်တင်ကျန်ခဲ့သော ကြွေးမြီအရပ်ရပ်ကို ဆပ်ပြီးနောက် ကျန်ပိုင်ဆိုင်မှုအားလုံးသည် သက်ဆိုင်ရာ အမွေဆက်ခံခွင့်ရှိသူ အသီးသီးထံသို့ လွှဲပြောင်းရောက်ရှိသွားပြီးဖြစ်သည်။ ထို့ကြောင့် သူသေပြီးနောက်မှ လှူဒါန်းခြင်းသည် သူ့ပိုင်ဆိုင်မှုကို လှူဒါန်းခြင်းမမြောက်တော့ပေ။ ကျန်ရစ်သူ အမွေခံတို့၏ ပိုင်ဆိုင်မှုကို ခွဲဝေလှူဒါန်းခြင်းသာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်ပေရာ မိမိသက်ရှိထင်ရှားရှိစဉ်ကာလတွင် မိမိပိုင်ဆိုင်မှုကို မိမိကိုယ်တိုင် မိမိလက်ဖြင့် လှူဒါန်းသွားရန် လိုအပ်ပေသည်။

**(စူရာဟ်ယာစီးန် ၃၆:၅၅-၅၆)**

إِنَّ أَصْحَابَ الْجَنَّةِ الْيَوْمَ فِي شُغُلٍ فَاكِهُونَ

**ကောန်အမှန်ပင် ကိယာမသ်နေ့၌ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့်**

**အညီဘ၀တည်ဆောက်ခဲ့သည့် သုခဘုံသားတို့သည် အလ္လာဟ်အရှင်မြတ်၏ တရားစီရင်မှုနှင့်ပတ်သက်၍ ပျော်ရွှင်ကြည်နူးလျက်ရှိပေလိမ့်မည်။**
**(ကုရ်အာန် ၃၆:၅၅)**

هُمْ وَأَزْوَاجُهُمْ فِي ظِلَالٍ عَلَى الْأَرَائِكِ مُتَّكِؤُونَ

**သုခဘုံသားတို့သည် အရိပ်အာဝါသအောက်တွင် သူတို့၏ကြင်ယာကြင်ဖက်အပေါင်းအဖော်များနှင့်အတူ ငြိမ်းချမ်းခြင်းပလ္လင်ထက်ဝယ် စံမြန်းလျက် ရှိကြပေမည်။ (ကုရ်အာန် ၃၆:၅၆)**

**ရှင်းလင်းချက်။** ကမ္ဘာ့တရားစီရင်မည့်နေ့တွင် ဒွန္နယာလောက၌ ကောင်းမှုကုသိုလ်ပြုခဲ့ကြသူများအတွက် မိမိ၏ကောင်းမှုကုသိုလ်က မိမိကို အရိပ်အာဝါသပြုပေးခြင်းအားဖြင့်၊ အေးချမ်းသာယာလျက် ရှိစေသည်။ မိမိပြုခဲ့သောကောင်းမှုများကို တွေ့မြင်ခံစားရသည့်အပေါ် ကြည်နူးပျော်ရွှင်လျက်ရှိပေသည်။ ထို့ပြင်မက မိမိနှင့်စိတ်တူ၊ သဘောတူ၊ အသွင်တူမိတ်ဆွေများနှင့် အတူတကွ ရှိနေခြင်းကပင် စိတ်ချမ်းသာမှုတစ်ရပ်ကို ရရှိစေ၏။ ကျမ်းတော်မြတ်ကုရ်အာန်(၇၆:၁၁)က ဤသို့ဖော်ညွှန်းထားလေသည်။

فَوَقَاهُمُ اللَّهُ شَرَّ ذَلِكَ الْيَوْمِ وَلَقَّاهُمْ نَضْرَةً وَسُرُورًا

အလ္လာဟ်အရှင်မြတ်သည် သူတို့(သုခဘုံသား) အပေါ်ဝယ်ထိုနေ့၏ ဘေးဆိုးမှ လွတ်ငြိမ်းချမ်းသာစေတော်မူပေလိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့အား ရွှင်လန်းချမ်းမြေ့မှုနှင့်လည်းကောင်း၊ ပျော်ရွှင်ကြည်နူးမှုနှင့်လည်းကောင်း တွေ့ဆုံကြုံကြိုက်စေတော်မူမည်ဖြစ်သည်။ (ကုရ်အာန် ၇၆:၁၁)

(စူရာဟ်ယာစီးန် ၃၆:၅၇-၅၈-၅၉)

لَهُمْ فِيهَا فَاكِهَةٌ وَلَهُم مَّا يَدَّعُونَ

သူတို့အတွက် ယင်းသုခဘုံတွင် သစ်သီးဝလံများရှိလေသည်။ ထို့ပြင်မက သူတို့အတွက် သူတို့လိုလားတောင့်တသော အရာဟူသမျှလည်း အဆင်သင့်ရှိလေသည်။ (ကုရ်အာန် ၃၆:၅၇)

سَلَامٌ قَوْلًا مِن رَّبٍّ رَّحِيمٍ

ဖန်းဆင်းခံတို့အတွက် လိုအပ်ချက်အဝဝကို လိုလေသေးမရှိအောင် ထောက်ပံ့ဖြည့်ဆည်းပေးထားပြီးသော၊ အနန္တစကြဝဠာကို ပြုစုပျိုးထောင်တော်မူသော"ရဟ်မာန်"အရှင် အလ္လာဟ်အရှင်မြတ်၏ စကားတော်တစ်ရပ်သည်ကား "ငြိမ်းချမ်းသာယာမှုရှိပါစေ"ဟူ၍ဖြစ်သည်။
(ကုရ်အာန် ၃၆:၅၈)

**ရှင်းလင်းချက်။** အမှန်တကယ်၌မူ''ဂျန္နသ်''အမတသုခဘုံ ဆိုသည်မှာမူ ပူလောင်ခြင်း၊ ဆွေးမြေ့ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ လောဘ၊ မောဟ၊ ဒေါသ၊ တဏှာရာဂတို့ ချုပ်ငြိမ်းရာ၊ တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်က ပေးဆပ်သော ငြိမ်းချမ်းရာဌာနတစ်ခုသာဖြစ်သည်။

وَامْتَازُوا الْيَوْمَ أَيُّهَا الْمُجْرِمُونَ

အို-ပြစ်မှုကျူးလွန်ခဲ့သူ ရာဇဝတ်သားအပေါင်းတို့ ယခုအချိန်ဝယ်သင်တို့သည် (သုခဘုံသားတို့နှင့်)တသီးတခြား ခွဲခြားနေကြတော့။
(ကုရ်အာန် ၃၆:၅၉)

**ရှင်းလင်းချက်။** ကမ္ဘာ့တရားစီရင်မည့်နေ့သည်ကား အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုး၊ ကုသိုလ်နှင့် အကုသိုလ်၊ အလင်းနှင့် အမှောင်စသည့် ဆန့်ကျင်ဘက်သဘောတရားတို့ကို သီခြားစီ ခွဲခြမ်းစိတ်ဖြာ ထုတ်လိုက်သော အခါသမယပင်ဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆း၆၀)**

أَلَمْ أَعْهَدْ إِلَيْكُمْ يَا بَنِي آدَمَ أَن لَّا تَعْبُدُوا الشَّيْطَانَ
إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ

**အို--အာဒမ်၏သားစဉ်မြေးဆက်အပေါင်းတို့၊ ငါအရှင်မြတ်သည် သင်တို့အား"ရှိုင်သွာန်"မိစ္ဆာစနစ်ကို ဆည်းကပ်အားထားခြင်း မပြုကြရန် အသိပေး၊သတိပေးခဲ့သည်မဟုတ်လော။ စေကန်အမှန် ယင်း"ရှိုင်သွာန်" သည် သင်တို့အတွက် ကြီးကျယ်ထင်ရှားသောရန်သူဖြစ်သည်။**

**(ကုရ်အာန်၃၆း၆၀)**

**ရှင်းလင်းချက်။** ''ရှိုင်သွာန်''ဆိုသည်မှာ လူသားတို့အတွက်ပျက်စီးရာ ပျက်စီးကြောင်းကို ရှေးရှုအကောင်အထည်ဖော်ပေးထားသော စနစ်တစ်ရပ် **(Destructive Element)**သာ ဖြစ်သည်။ ယင်းစနစ်သည် အလ္လာဟ့်လမ်းစဉ်နှင့်လုံးဝ ဗီလာဆန့်ကျင်ဖက်ဖြစ်သည်။ ကျမ်းတော်မြတ် ကုရ်အာန်တစ်အုပ်လုံး၌ ''ရှိုင်သွာန်''စနစ်ကို ရှုံ့ချဆန့်ကျင်ထားလေသည်။ သို့ဖြစ်ရာ လူသားတစ်ဦးအနေဖြင့် ကျမ်းတော်မြတ်ကုရ်အာန်ကို မျက်ကွယ်ပြု၊ မေ့လျော့လိုက်သည်နှင့် တစ်ပြိုင်နက်''ရှိုင်သွာန်''၏ ပူးကပ်ဝင်ရောက်စီးနင်းခြင်းကို ခံရလေတော့သည်။

---

**(စူရာဟ်ယာစီးန် ၃၆း၆၁-၆၂)**

وَأَنْ اعْبُدُونِي هَذَا صِرَاطٌ مُّسْتَقِيمٌ

**သင်တို့သည် ငါအလ္လာဟ်အရှင်မြတ်ကိုသာ ယုံကြည်အားထားရိုကျိုး လိုက်နာကြလေကုန်။ ဤသည်ကား ဖြောင့်မတ်မှန်ကန်သော သစ္စာတရား လမ်းစဉ်ဖြစ်သည်။ (ကုရ်အာန် ၃၆း၆၁)**

وَلَقَدْ أَضَلَّ مِنكُمْ جِبِلًّا كَثِيرًا أَفَلَمْ تَكُونُوا تَعْقِلُونَ

**မလွဲကေန်ပင် ထို"ရှိုင်သွာန်"မိစ္ဆာသည် သင်တို့အနက်မှ အမြောက်အများကို လွဲမှားသော လမ်းကြောင်းဖက်သို့ ပုံသွင်းပုံဖော်ပေးခဲ့လေပြီ။ သို့ပါလျက် သင်တို့အသိတရား မရှိကြပေဖူးလော။**

**(ကုရ်အာန် ၃၆း၆၂)**

**ရှင်းလင်းချက်။** ကျမ်းတော်မြတ်ကုရ်အာန်ကို မျက်ကွယ်ပြု ကျောခိုင်းထားသူများအတွက် ''ရှိုင်သွာန်''ကအဆင်သင့် စောင့်ဆိုင်းလျက်ရှိပေသည်။ ''ရှိုင်သွာန်''က လူသားတစ်ဦးအပေါ် ဝင်ရောက်ပူးကပ်ပုံအဆင့်ဆင့်ကို ကျမ်းတော်မြတ်ကုရ်အာန် (၄း၁၁၉)တွင် အောက်ပါအတိုင်းဖော်ညွှန်းထားလေသည်။

وَلأُضِلَّنَّهُمْ وَلأُمَنِّيَنَّهُمْ وَلآمُرَنَّهُمْ فَلَيُبَتِّكُنَّ آذَانَ الأَنْعَامِ وَلآمُرَنَّهُمْ فَلَيُغَيِّرُنَّ خَلْقَ اللّهِ وَمَن يَتَّخِذِ الشَّيْطَانَ وَلِيًّا مِّن دُونِ اللّهِ فَقَدْ خَسِرَ خُسْرَانًا مُّبِينًا

ကျွန်ုပ်(ရှိုင်သွာန်)သည် ယင်းလူသားတို့အား အချည်းအနှီးဖြစ်စေသည့် လွဲမှားသော လမ်းဖက်သို့ အမှန်တကယ် ရောက်ရှိစေမည် ဖြစ်သည်။ တစ်ဖန် ယင်းသူတို့အား ကျွန်ုပ်က မက်လုံးများနှင့်မြူဆွယ်ပြီး၊ လိုချင်တပ်မက်မှုကိုလည်း အမှန်တကယ်ဖြစ်စေပါမည်။ ထို့ပြင်မက ကျွန်ုပ်သည်သူတို့အား ကျွန်ုပ်ဖက်မှ အမိန့်များကိုလည်း ပြဋ္ဌာန်းပေးပါမည်။ ထိုသောအခါဝယ် ယင်းလူသားတို့သည် ခြေလေးချောင်း သတ္တဝါတို့၏နားရွက်များကို ဖြတ်တောက်ကြပေလိမ့်မည်။ ကျွန်ုပ်က သူတို့ကို အမိန့်များထပ်မံထုတ်ပြန်ပေးမည်။ ထိုအခါဝယ် ထိုလူသားတို့၏ သွင်ပြင်လက္ခဏာသည် မူလအလ္လာဟ်အရှင်မြတ် ပုံဖော်စီရင်ထားသည့်အတိုင်း မဟုတ်တော့ဘဲ ပြောင်းလဲသွားကြလိမ့်မည်။ မည်သူမဆို **"ရှိုင်သွာန်"**ကို ဝလီ (အားကိုးအာထားရာပုဂ္ဂိုလ်) အဖြစ်သို့ တင်မြှောက်လက်ခံထားရှိပါလျှင် ထိုသူသည် ကြီးကျယ်ထင်ရှားသော ဆုံးရှုံးမှုကို ရင်ဆိုင်ကြုံတွေ့ရပေမည်။

(ကုရ်အာန် ၄း၁၁၉)

အထက်ပါ"အာယသ်"တော်ကိုလေ့လာကြည့်ပါက"ရှိုင်သွာန်" အနေဖြင့် လူသားတို့ အဆင့်(၃)ဆင့်ဖြင့် ဝင်ရောက်ပူးကပ်ဖျက်ဆီးသွားသည်ကို တွေ့ရပေသည်။

ပထမအဆင့်အနေဖြင့် **"ရှိုင်သွာန်"က လူသားတို့အား လမ်းမှားဖက်ကို တိုက်တွန်းနှိုးဆော်လေသည်။** သို့သော် သာမန်အသိတရား၊ သတိတရားရှိသူတို့က ယင်းပထမအဆင့်ကို တွန်းလှန်ကာကွယ်သွားနိုင်ပေသည်။ ဤအဆင့်တွင်

''ရှိုင်သွာန်''၏ စည်းရုံးလှုံ့ဆော်ခြင်းခံရသူတို့မှာ အလွန်ညံ့ဖျင်းသော အဆင့်နိမ့်သူများဖြစ်သည်။

ဒုတိယအဆင့်တွင်မူ''ရှိုင်သွာန်''က လူသားတို့အား တစ်ဆင့်တက်၍ **မက်လုံးများ၊ တံစိုးလက်ဆောင်များ ၊ လာဘ်လာဘများဖြင့် စည်းရုံးသိမ်းသွင်းလေသည်။ ဥပမာအားဖြင့်၊ ဘယ်လိုအချိန်မှာ ဘယ်လိုနမားဇ်နှစ်ရကအသ် ဖတ်လိုက်ရုံဖြင့် ဟဂ်ျပြုလုပ်ခြင်း၏အကျိုးကျေးဇူးကို ရရှိသည်ဟုလည်းကောင်း၊ ပုတီးကုံးတစ်ပတ်ပြည့်အောင် ဘာကိုဖတ်ပြီး စိတ်လိုက်ရုံမျှနှင့် ဘဝတစ်ခုလုံး အောင်မြင်သွားမည်ဟုလည်းကောင်း အစရှိ**သည်အားဖြင့် မက်လုံးအမျိုးမျိုးပေး၍ သူလိုရာဖက်ဆီသို့ စည်းရုံးသိမ်းသွင်းလေသည်။

ဤဒုတိယအဆင့်တွင်မူ လူသား ရာခိုင်နှုန်းအတော်များများ၏ မူလဗိဇစိတ်ဓာတ်ပေါ်လာပြီး ''ရှိုင်သွာန်'' နောက်သို့ကောက်ကောက်ပါအောင် လိုက်သွားကြလေသည်။

တတိယအဆင့်တွင်မူ''ရှိုင်သွာန်''၏စီမံကိန်းက အတော်ပင်လေးနက်ကြီးမားကျယ်ဝန်းလှပေသည်။ ယင်းတတိယအဆင့်တွင်''ရှိုင်သွာန်''သည် အလ္လာဟ်အရှင်မြတ်နှင့် အပြိုင်အမိန့်များ ထုတ်ပြန်လာတော့သည်။ အလ္လာဟ့်ပြဋ္ဌာန်းချက်သည် မလုံလောက်ဟုဆိုကာ ''ရှိုင်သွာန်''ကလည်း သူ့ဖက်မှပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အမိန့်အာဏာများထုတ်ပြန်လာ၏။ ဥပမာ–ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤသို့၊ဤပုံပြဋ္ဌာန်းထားသည် မှန်သော်ငြားလည်း ထို့သို့၊ထိုပုံ လုပ်ဆောင်မှသာ အစ္စလာမ့်ရှရီအသ်နှင့် ကိုက်ညီမည်ဟူသော အယူအဆများ၊ လုပ်ထုံးလုပ်နည်းများ၊ အဆိုအမိန့်များသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို နှိုင်းယှဉ်အားပြိုင်နေသော''ရှိုင်သွာန်''၏အမိန့်ပညတ်ချက်များသာဖြစ်သည်။ ယင်းတတိယအဆင့်တွင်မူ လူသားအားလုံးနီးပါးသည် ''ရှိုင်သွာန်''၏ဆွဲဆောင်မှုနောက်သို့ အကြောက်တရားကို အခြေခံကာ၊ အသိမဲ့စွာဖြင့် လိုက်ပါသွားကြလေတော့သတည်း။

အထက်ပါ''အာယသ်''တော် (၄း၁၁၉)တွင်ပါဝင်သော ''ထိုသောအခါဝယ်၊ ယင်းလူသားတို့သည် ခြေလေးချောင်းသတ္တဝါတို့၏ နားရွက်များကို ဖြတ်တောက်ကြလိမ့်မည်'' ဟူသည့်စကားရပ်သည် အရဗ်တို့၏ ဥပမာအလင်္ကာမြောက် သုံးနှုန်းထားသော ခိုင်းနှိုင်းချက်တစ်ရပ်သာ ဖြစ်သည်။ ယင်းစကားရပ်သည် မြန်မာစကားပုံ **''ကျွဲပါးစောင်းတီးသည်''**ဟူသောစကားပုံနှင့် ဆင်တူပေသည်။ ''ရှိုင်သွာန်''စီးနင်း၊ ပူးကပ်ခြင်းခံရသူတို့၏လုပ်ရပ်များကို အသေအချာ လေ့လာကြည့်လျှင် သူ့လုပ်ရပ်များသည် အထူးသဖြင့် အစွဲလာမ့်ရေးရာကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် **''ကျွဲပါးစောင်းတီးသကဲ့သို့''** အချိုးအနှီးသဏ္ဍာန် ဖြစ်နေရလေသည်။ လူတစ်ယောက်အနေဖြင့် ''ရှိုင်သွာန်''၏ ဝင်ရောက်စီးနင်း ပူးကပ်ခြင်းကိုခံရပြီဆိုလျှင် စိတ်ပိုင်းဆိုင်ရာအခြေအနေ ပြောင်းလဲသွားသလို ပြင်ပသွင်ပြင် ဟန်အမူအရာတို့သည်လည်း ပြောင်းလဲသွားလေတော့သည်။

**(ဇူရာဟ်ယာစ်းန် ၃၆း၆၃-၆၄)**

هَذِهِ جَهَنَّمُ الَّتِي كُنتُمْ تُوعَدُونَ

**ဤသည်ကား ဂျဟန္နမ်ငရဲဘုံသာဖြစ်သည်။ ယင်းငရဲဘုံသည် သင်တို့အတွက် အလ္လာဟ်အရှင်မြတ်က ကတိပေးချိန်းဆိုးထားသော ဌာနပင်ဖြစ်သည်။ (ကုရ်အာန် ၃၆း၆၃)**

اصْلَوْهَا الْيَوْمَ بِمَا كُنتُمْ تَكْفُرُونَ

**ယနေ့သော်ကား သင်တို့၏ မယုံကြည်သွေဖီဆန်ကျင့်မှုက သင်တို့ကို လောင်မြိုက်ပါလေ။ (ကုရ်အာန် ၃၆:၆၄)**

**ရှင်းလင်းချက်။** မိမိ၏လုပ်ရပ်က မိမိကိုဒုက္ခပေးခြင်းသာဖြစ်သည်။ မိမိယုံကြည်ချက်ကြောင့် မိမိဇာတ်သိမ်းမလှခြင်းဖြစ်သည်။ လူတစ်ယောက်သည် အခြားသူတစ်ယောက်အပေါ် မကျေနပ်ချက်တစ်ရပ်ကြောင့် ဒေါသတကြီးတုန့်ပြန်မည်ဆိုပါက ဒေါသ၏လောင်မြိုက်မှုကို သူတစ်ပါး မထိတွေ့ခင် မိမိကဦးစွာ ထိတွေ့ခံစားရမည်ဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆:၆၅)**

الْيَوْمَ نَخْتِمُ عَلَى أَفْوَاهِهِمْ وَتُكَلِّمُنَا أَيْدِيهِمْ وَتَشْهَدُ أَرْجُلُهُمْ بِمَا كَانُوا يَكْسِبُونَ

**ယင်းကိယာမသ်နေ့တွင် ငါအလ္လာဟ်အရှင်မြတ်သည် သူတို့၏ နှုတ်လျှာများအပေါ် တံဆိပ်ခတ်နှိပ်၍ ချိတ်ပိတ်တော်မူမည်။ သို့ဖြစ်ရာ သူတို့ ကျူးလွန်ဆောင်ရွက်ခဲ့သော လုပ်ရပ်အဝဝကို သူတို့လက်များက ငါ့အားလျှောက်တင်ကြသလို သူတို့၏ခြေထောက်များကလည်း သက်သေခံထွက်ဆိုကြပေမည်။ (ကုရ်အာန် ၃၆:၆၅)**

**ရှင်းလင်းချက်။** အထက်ပါအာယသ်တော်က လူသားတစ်ဦးအနေဖြင့် အလ္လာဟ် အရှင်မြတ်ကို လှည့်ဖြားမှု မပြုနိုင်ကြောင်းကို ရည်ညွှန်းထားသော တင်စားသုံးနှုန်းထားသည့် "အာယသ်"တော်ဖြစ်သည်။ ဤဒုန္နယာ မျက်မှောက်လောကတွင် လူအချင်းချင်းသည် မိမိတို့၏ လုပ်ကိုင် ဆောင်ရွက်မှုနှင့်ပတ်သတ်ပြီး နှုတ်လျှာအားကိုးဖြင့် အမျိုးမျိုး လိမ်လည်၊ လှည့်ပတ်ပြောဆိုနိုင်ကြပေသည်။ ဆရာကို တပည့်က လိမ်နိုင်သည်။ မိဘကို သားသမီးက လှည့်ဖြားနိုင်သည်။ တရားသူကြီးကို တရားခံက ညာနိုင်သည်။

သို့သော် ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်၌ နှုတ်လျှာ များပိတ်သွားပြီး၊ မိမိ၏ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးက မိမိတို့ကျူးလွန်ခဲ့သမျှ ကို အမှန်အတိုင်းထွက်ဆိုသွားမည်ဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်မှ အလ္လာဟ် အရှင်မြတ်ကို မလိမ်နိုင်ကြောင်း၊ မညာနိုင်ကြောင်း အထက်ပါအာယသ်တော်က လူသားကို မျက်းဝါးထင်ထင် ကွင်းကွင်းကွက်ကွက်မြင်နိုင်စေရန် ခိုင်းနှိုင်းတင်စား ဖော်ပြထားခြင်းသာ ဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆:၆၆-၆၇)**

وَلَوْ نَشَاء لَطَمَسْنَا عَلَى أَعْيُنِهِمْ فَاسْتَبَقُوا الصِّرَاطَ فَأَنَّى يُبْصِرُونَ

**အကယ်၍ ငါအလ္လာဟ်အရှင်မြတ်သည် သူတို့၏မျက်စေ့များကို ကွယ်စေခဲ့မည်ဆိုလျှင် သူတို့သည် ဘယ်လမ်းဆီသို့၊ ဘယ်လိုအမြင်ဖြင့် အားသွန်ခွန်စိုက် ပြေးနိုင်ကြဦးမည်နည်း။**

**(ကုရ်အာန် ၃၆:၆၆)**

وَلَوْ نَشَاء لَمَسَخْنَاهُمْ عَلَى مَكَانَتِهِمْ فَمَا اسْتَطَاعُوا مُضِيًّا وَلَا يَرْجِعُونَ

**အလားတူပင် အကယ်၍ငါအလ္လာဟ်အရှင်မြတ်က သူတို့၏သွင်ပြင်လက္ခဏာကို သူတို့၏လက်ရှိအနေအထား၌ပင် ပုံစံပြောင်းလဲ (သို့မဟုတ်) အသွင်ပြောင်းလဲလိုက်မည်ဆိုပါက၊ သူတို့သည် ရှေ့ခရီးကို မဆက်နိုင်သလို နောက်ကြောင်းကိုလည်း ပြန်လှည့်နိုင်တော့မည် မဟုတ်ပေ။ (ကုရ်အာန် ၃၆:၆၇)**

**ရှင်းလင်းချက်။** အလ္လာဟ်အရှင်မြတ်က မြင်ခြင်း၊ကြားခြင်းအစရှိသည်တို့ကို မျက်စေ့၊ နား အစရှိသည့် အာရုံခံအင်္ဂါများအားဖြင့် အာရုံခံနိုင်အောင် လူသားအား **''အမာနသ်''**အဖြစ်ချီးမြှင့်ပေးထားပြီး ဖြစ်သည်။ လူသားက ယင်းတို့ကို မှန်မှန်ကန်ကန် အသုံးပြုနိုင်ရန် လိုအပ်ပေသည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်ကသာ ယင်းအာရုံခံ အင်္ဂါများကို မချီးမြှင့်ခဲ့လျှင်သော်လည်းကောင်း၊ ချီးမြှင့်ပြီးမှ ရုပ်သိမ်းလိုက်မည်ဆိုလျှင်သော် လည်းကောင်း၊ လူသားသည် မိမိ၏ဘဝ ခရီးကို ရှေ့ဆက်ပြီး မည်သို့လှမ်းချီနိုင်မည်နည်း။

ကျမ်းတော်မြတ်ကုရ်အာန်(၉၅း၄) တွင်ဤသို့ပြထားသည်။

لَقَدْ خَلَقْنَا الْإِنسَانَ فِي أَحْسَنِ تَقْوِيمٍ

ငါအရှင်မြတ်သည် လူသားအား အကောင်းမြတ်ဆုံး၊ အတင့်တယ်ဆုံးသော အချိုးအစားအားဖြင့်၊ ကေန်အမှန်ပင် တည်ဆောက်စီရင်ဖြစ်ထွန်းစေခဲ့ပြီးဖြစ်သည်။ (ကုရ်အာန် ၉၅း၄)

အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများအနက် လူသားသည် အချိုးအစား အကျဆုံး၊ တည်ဆောက်ပုံအကောင်းဆုံးဖြစ်သည်။ ဤကမ္ဘာဂြိုလ်ကို လူသားက အုပ်ချုပ်ချယ်လှယ်နိုင်မှုအရေးတွင် ယင်းလူသား၏သွင်ပြင်လက္ခဏာသည် အခြား ဖန်ဆင်းခံများထက် ပိုမိုအချိုးကျ၊ တင့်တယ်ခြင်းကလည်း၊ အချက်တစ်ချက်အဖြစ် ပါဝင်နေပေသည်။

အကယ်၍ အလ္လာဟ်အရှင်မြတ်ကသာ လူသား၏အချိုးအစားကျနေမှုကို ပုံသဏ္ဍာန် အသွင်ပြောင်းလိုက်သည်ဆိုပါစို့။ သို့ဆိုလျှင် လူသားမျိုးနွယ်ဆက် တစ်ခုလုံး ဤကမ္ဘာဂြိုလ်၏ပတ်ဝန်းကျင်နှင့် သဟဇာတ မဖြစ်တော့သည့် အားလျော်စွာ ဤကမ္ဘာမြေပေါ်မှ တမဟုတ်ချင်း ပျောက်ကွယ်သွားမည်သာဖြစ်သည်။ ဥပမာ– ရှေးဦးသတ္တဝါ ''ဒိုင်နိုဆော''ကြီးများသည် တိုးတက်လာသော ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်တော့သည့် ဤကမ္ဘာပေါ်မှ ပျောက်ကွယ်သွားပြီးဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆း၆၈)**

وَمَنْ نُعَمِّرْهُ نُنَكِّسْهُ فِي الْخَلْقِ أَفَلَا يَعْقِلُونَ

**ငါအလ္လာဟ်အရှင်မြတ်၏ စီရင်ဖြစ်ထွန်းစေမှုစနစ်ထဲတွင် အသက် ရှည်သူရှိသလို အသက်အရွယ် တိုတောင်းသူလည်း ရှိလေသည်။ သို့ဖြစ်ရာ သူတို့သည် ယင်းအချင်းအရာအပေါ် စဉ်းစားသမှု မပြုကြလေ သလော။ (ကုရ်အာန် ၃၆း၆၈)**

**ရှင်းလင်းချက်။** ဤကမ္ဘာပေါ်တွင် လူ့သက်တမ်းသည် အချိန်ကာလ အမျိုးမျိုး ရှိသည်။ အချို့သည် နှစ်(၁၀၀)ဝန်းကျင်ခန့်အထိ အသက်ရှည်ကြပြီး၊ အချို့က နှစ်(၃၀)ဝန်းကျင်ခန့်နှင့် ကွယ်လွန်သူများရှိသည်။ အချို့မှာမွေးပြီး နာရီပိုင်း၊ရက်ပိုင်းနှင့်ပင် ကွယ်လွန်သွားကြပေသည်။

အဘယ်ကြောင့် လူ့သက်တမ်းသည် အမျိုးမျိုးကွဲပြားခြားနားနေရသနည်း။ ထိုသို့အမျိုးမျိုးကွဲပြားခြားနားစေရန် မည်သူက မည်သည့်စနစ်အားဖြင့် စီမံနေသနည်း။ သို့မဟုတ် ဤသို့သက်တမ်းအမျိုးမျိုး ကွဲပြားခြားနားနေခြင်းသည် တိုက်ဆိုင်မှု တစ်ရပ်လော။ ယင်းမေးခွန်းများအပေါ် အဘယ်ကြောင့် စူးစမ်းသုံးသပ်အဖြေထုတ်ခြင်း မပြုကြလေသနည်း။

**(စူရာဟ်ယာစီးန် ၃၆း၆၉)**

وَمَا عَلَّمْنَاهُ الشِّعْرَ وَمَا يَنبَغِي لَهُ إِنْ هُوَ إِلَّا ذِكْرٌ وَقُرْآنٌ مُّبِينٌ

**ငါအရှင်မြတ်သည် သူ(တမန်တော်မြတ်)အား ကဗျာ၊ လင်္ကာ စပ်ဆိုခြင်း အတတ်ပညာကို သင်ပေးခဲ့သည် မဟုတ်ချေ။ အလားတူ တမန်တော်မြတ်သည် ကဗျာ၊လင်္ကာနှင့်လည်း စပ်အပ်ခြင်းအလျဉ်း မရှိခဲ့ပေ။ ငါအရှင်မြတ်သည် တမန်တော်(ﷺ)ထံ ထုတ်ပြန်ပို့ချသော အရာမှာ"ဇိကိရ်"ဟူသောရှင်းလင်း ထင်ရှားပြတ်သားသည့် ကျမ်းတော်မြတ်ကုရ်အာန်သာလျှင် ဖြစ်သည်။ (ကုရ်အာန် ၃၆း၆၉)**

**ရှင်းလင်းချက်။** တမန်တော်(ﷺ)အပေါ် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချသော ''ဝဟီ''နှင့် ပတ်သက်၍ စတင်ထုတ်ပြန်သော အချိန်ကာလမှစ၍ ယနေ့အချိန်အထိ လူသားတို့ဖက်မှ အမျိုးမျိုးသော သတ်မှတ်ချက်

များ၊ စွပ်စွဲဝေဖန်ပုတ်ခတ်မှုများ၊ အယူအဆများ ရှိလေသည်။ အချို့က"**ဝဟီ**"ဆိုသည်မှာ ကဗျာရှူး၊ စာရူးတစ်ယောက်၏ ကဗျာ၊ လင်္ကာတစ်ပုဒ်ဟုဆိုကြသည်။ တချို့က "**ဝဟီ**"ဆိုသည်မှာ **"ရဟူဒီ နှင့် နဆွရာနီ(ခရစ်ယာန်)တို့၏ကျမ်းများကို လေ့လာဖတ်ရှုပြီး ကူးယူဖော်ပြထားသော မိန့်မှာချက်များဖြစ်သည်"** ဟု သတ်မှတ်ကြပြန်သည်။ အချို့ကမူ "ဝဟီ"ဆိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်သာမကဘဲ၊ အခြားအကြောင်းအရာ အမျိုးမျိုးကိုလည်း ရည်ညွှန်းသည်ဟု ဆိုကြပြန်သည်။

သို့သော် အထက်ပါအာယသ်တော်က"ဝဟီ"ဆိုသည်မှာစိတ်ကူးယဉ်ကဗျာတစ်ပုဒ် မဟုတ်သည်ကိုလည်းကောင်း၊ ရဟူဒီနှင့် ခရစ်ယာန်ကျမ်းများမှ ကူးယူ၍ ပြန်ဆိုထားခြင်းမဟုတ်သည်ကိုလည်းကောင်း၊ အခြားသောအကြောင်း အရာများ မဟုတ်သည်ကိုလည်းကောင်း၊ ရှင်းလင်းပြထားသလို "ဝဟီသည်အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ထံ ထုတ်ပြန်ပို့ချသော၊ ရှင်းလင်းထင်ရှားပြတ်သားသည့် ကျမ်းတော်မြတ်ကုရ်အာန်သာလျှင်ဖြစ်ကြောင်းကို အတိအလင်းဖော်ထုတ်ပြနေပေသည်။

တမန်တော်မြတ်အနေနှင့်လည်း မိမိထံ ထုတ်ပြန်ပို့ချခြင်းခံရသည့်"ဝဟီ" သည် ကျမ်းတော်မြတ်ကုရ်အာန်သာ ဖြစ်ကြောင်းကို ကုရ်အာန်(၆း၁၉)တွင် အောက်ပါအတိုင်း ပြဆိုထားပေသည်။

. . وَأُوحِيَ إِلَيَّ هَذَا الْقُرْآنُ لأُنذِرَكُم بِهِ وَمَن بَلَغَ . .

ကျွန်ုပ်တမန်တော်ထံသို့ "ဝဟီ" ထုတ်ပြန်ပို့ချပေးခြင်းခံရသောအရာမှာ ဤကုရ်အာန်ကျမ်းပင်ဖြစ်သည်။ ယင်းကုရ်အာန်အားဖြင့် သင်တို့အားလည်းကောင်း၊

ယင်းကုရ်အာန်ကျမ်းမြတ်ကို လက်ခံရရှိသူ အဆင့်ဆင့်အားလည်းကောင်း၊ သတိပေး၊ သွန်သင်ဆုံးမ၊ တရားပြသွားမည်ဖြစ်သည်။ (ကုရ်အာန် ၆း၁၉)

**(စူရာဟ်ယာစီးန် ၃၆း၇၀)**

لِيُنذِرَ مَن كَانَ حَيًّا وَيَحِقَّ الْقَوْلُ عَلَى الْكَافِرِينَ

**ရှင်သန်နေသူတို့အတွက် တမန်တော်မြတ်က ယင်းကုရ်အာန်အားဖြင့် သတိ ပေးဆုံးမတော်မူပေမည်။ ထို့ပြင် သွေဖီဆန့်ကျင့်သူ"ကာဖိရ်" များအပေါ်၌လည်း ယင်းကုရ်အာန်သည် ထင်သာမြင်သာဖြစ်သော မှာတမ်းတစ်ရပ် ဖြစ်သည်။ (ကုရ်အာန် ၃၆း၇၀)**

**ရှင်းလင်းချက်။** ကျမ်းတော်မြတ်ကုရ်အာန်သည် ရှင်သန်လှုပ်ရှား ရုန်းကန်နေကြသူများအတွက် အသိတရား၊ သတိတရား ရယူစရာဖြစ်သည်။ နှလုံးသားသေနေသူများ၊ သွေဖီဆန့်ကျင်သူများအတွက်မူ မိမိတို့၏ လွဲမှားသော လုပ်ရပ်များအတွက် မည်သို့သောအကျိုးဆက် ရှိမည်ကို အသိပေးသော မှာတမ်းတစ်ရပ်ဖြစ်သည်။

**(စူရာဟ်ယာစီးန် ၃၆း၇၁)**

أَوَلَمْ يَرَوْا أَنَّا خَلَقْنَا لَهُمْ مِمَّا عَمِلَتْ أَيْدِينَا أَنْعَامًا فَهُمْ لَهَا مَالِكُونَ

**ငါအလ္လာဟ်အရှင်မြတ်သည် ငါ၏အမိန့်အာဏာတော်အားဖြင့် သူတို့ အကျိုးငှာ ကျွဲ၊ နွား တိရစ္ဆာန်အစရှိသည်တို့ကို စီရင်ဖြစ်ထွန်းစေတော်မူခဲ့**

သည်။ ပြီးနောက် ယင်းနှင့်ပတ်သက်သောပိုင်ဆိုင်မှုများကို သူတို့အား ပေးခဲ့သည်ကို အသိအမြင်မရှိခဲ့ကြလေသလော။ (ကုရ်အာန် ၃၆း၇၁)

(စူရာဟ်ယာစီးန် ၃၆း၇၂-၇၃)

وَذَلَّلْنَاهَا لَهُمْ فَمِنْهَا رَكُوبُهُمْ وَمِنْهَا يَأْكُلُونَ

ထို့ပြင်မက ယင်းတိရစ္ဆာန်များအပေါ် လူသားတို့က လွှမ်းမိုး ခြယ်လှယ်စေနိုင်ပြီး အချို့ကို အစီးအနင်းအဖြစ် ထားရှိတော်မူခဲ့၏။ အချို့ကိုမူ စားသုံးရန်အတွက်ဖြစ်သည်။ (ကုရ်အာန် ၃၆း၇၂)

وَلَهُمْ فِيهَا مَنَافِعُ وَمَشَارِبُ أَفَلَا يَشْكُرُونَ

ယင်းလူသားတို့အတွက် ထိုတိရစ္ဆာန်များတွင် အသုံးဝင်အကျိုးရှိမှုများ ရှိသလို သောက်သုံးရန် (နို့ရည်)တို့လည်း ရှိပေသည်။ သို့ပေရာ သူတို့ကျေးဇူးတရားကို မသိတတ်လေကြသလော။

(ကုရ်အာန် ၃၆း၇၃)

**ရှင်းလင်းချက်။** အလ္လာဟ်အရှင်မြတ်သည် လူသားတို့အတွက် အပင်နှင့်သစ်သီးဝလံ အမျိုးမျိုး၊ ဆန်စပါး၊ ဂျုံအစရှိသော ကောက်ပဲသီးနှံများကို ဖြစ်ထွန်း ထားစေခဲ့သလို တိရစ္ဆာန်တို့၏ နို့၊ အသားအစရှိသည်တို့ကိုလည်း၊ လူသားကို မှီဝဲစားသုံးနိုင်ကြစေရန် စီရင်ဖြစ်ထွန်းထားစေခဲ့သည်။ သို့သော်ငြားလည်း လူသားသည် အစစ်အမှန်ကို မေ့လျော့လျက် အတုအယောင်များအပေါ်တွင် ကိုးကွယ်အားထား၊ ဆည်းကပ်ပူ

ဖော်နေကြခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတရားကို မေ့လျော့လျက်ရှိပေသည်။

**(ဆူရာဟ်ယာစီးန် ၃၆း၇၄)**

وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لَعَلَّهُمْ يُنصَرُونَ

**ယင်းလူသားတို့သည် မိမိတို့အတွက်အကူအညီ ရရှိမည်ဟု မျှော်လင့်လျက် အလ္လာဟ်အရှင်မြတ်ကို ပစ်ပယ်ပြီး၊ အခြားအရာများကို ကိုးကွယ်ဆည်းကပ်ရာ အဖြစ်အားထားလျက်ရှိလေသည်။ (ကုရ်အာန် ၃၆း၇၄)**

**ရှင်းလင်းချက်။** ကျမ်းတော်မြတ်ကုရ်အာန် (၄၁း၅၁) တွင်ဤသို့ပြဆိုထား၏။

وَإِذَا أَنْعَمْنَا عَلَى الْإِنسَانِ أَعْرَضَ وَنَأَى بِجَانِبِهِ وَإِذَا مَسَّهُ الشَّرُّ فَذُو دُعَاءٍ عَرِيضٍ

ငါအလ္လာဟ်အရှင်မြတ်က လူသားအပေါ်ထောက်ပံ့ အကျိုးပြုသောအခါ ယင်းလူသားသည် ကျေးဇူးတရားကို မေ့လျော့ကာ မျက်နှာလွှဲဖယ်သွားလေသည်။ သို့သော် သူ့အပေါ်သို့ ဘေးဒုက္ခတစ်စုံတစ်ရာကျရောက်ပြီဆိုလျှင် ရှည်လျားစွာဖြင့် ဆုမွန်ဒုအာတောင်းလေတော့သည်။ (ကုရ်အာန် ၄၁း၅၁)

လူသား၏ စိတ်အခြေအနေတစ်ရပ်မှာကား အဆင်ပြေချောမွေ့နေလျှင် ကျေးဇူးတရားကို မေ့လျော့တတ်ကြသည်။ "ငါနှင့်ငါသာမန္နိုင်းရာ"ဟု ထင်မြင်ယူဆတတ်ကြ၏။ မာနထားပြီး ဂုဏ်မောက်ကြသည်။ သို့သော် ဘေးဒုက္ခတစ်စုံတစ်ရာ ကျရောက်လာပြီဆိုလျှင် တတ်ထားသမျှ၊ သိထားသမျှ၊ ဂါထာမန္တရားများကို ပါးစပ်မှ

အမြုပ်ထွက်အောင် ဖတ်ရွတ်လေတော့သည်။ ရသမျှဒုအာများကို ရှည်လျားစွာဖြင့် လက်တစ်ဆုံးမြှောက်ပြီး တောင်းကြလေတော့သည်။

ယနေ့မွတ်စလင်မ် ပတ်ဝန်းကျင်တွင် ထင်ရှားသော သွင်ပြင်လက္ခဏာ တစ်ရပ်ကို တွေ့ရပေသည်။ လူတစ်ယောက်သည် စီပွားရေး အဆင်ပြေနေပြီဆိုပါက အလ္လာဟ်ကိုလည်းမေ့သည်။ ရစူလ်ကိုလည်းမေ့သည်။ မိမိ၏ပတ်ဝန်းကျင် လူမှုရေး တာဝန်များကိုလည်း မေ့သည်။ နောက်ဆုံး မိမိ၏ဘဝအမှန်ကိုပါ မေ့ပစ်လိုက်ပြီး မာနထောင်လွှားလာတော့သည်။ ဂုဏ်မောက်လာတော့သည်။ စကားအသံကလည်း မာထန်လာသည်။ မိမိကိုယ်မိမိ ကိုးကွယ်လာသည်။

သို့သော် မမျှော်လင့်ဘဲ ဘေးဒုက္ခတစ်စုံတစ်ရာကြောင့် စီးပွားရေးထိခိုက် လာပြီဆိုပါက ''ပုတီးတစ်ကုံးကို လက်ကကိုင်၍ ဦးထုပ်တစ်လုံးဆောင်းကာ ဗလီသို့ (၅)ကြိမ်မှန်မှန် ပြေးလေတော့သည်။'' တရားကျဖွယ် ကောင်းလှပါသည်။

**(စူရာဟ်ယာစီးန် ၃၆း၇၅)**

## لَا يَسْتَطِيعُونَ نَصْرَهُمْ وَهُمْ لَهُمْ جُندٌ مُّحْضَرُونَ

**သူတို့အား အကူအညီပေးမည်ဟု ထင်ထားသောကိုးကွယ်ရာများ သည်ပြဿနာတစ်ရပ်ကို မျက်မှောက်၌ ကြုံဆုံရပြီဆိုလျှင် တစ်စုံတစ်ရာ ကို အကူအညီပေးရန် အမှန်တကယ်ပင် တတ်စွမ်းနိုင်ခြင်းမရှိပေ။ (ကုရ်အာန် ၃၆း၇၅)**

**ရှင်းလင်းချက်။** မိမိလက်ဖြင့် မိမိဖန်တီး၊ဖန်ဆင်းလိုက်သော ကိုးကွယ်ရာ ဆိုသည်မှာ မိမိအပေါ်တွင် ယင်းအရာက အားကိုးအားထားနေရ မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိက ဖန်ဆင်းရှင်ဖြစ်နေ

သောကြောင့် ဖြစ်ပေသည်။ မိမိအားသာလျှင် သူကအားသာနေမည်ဖြစ်ပြီး မိမိအားနည်းသွားလျှင် သူကလည်း ချိနဲ့သွားမည်သာဖြစ်သည်။ ထိုကဲ့သို့သော မိမိ၏ဖန်ဆင်းခံကိုးကွယ်ရာများက မိမိကို အဘယ်ကဲ့သို့ ကူညီပံ့ပိုးပေးနိုင်မည်နည်း။

**(စူရာဟ်ယာစီးန် ၃၆း၇၆)**

فَلَا يَحْزُنكَ قَوْلُهُمْ إِنَّا نَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ

**သို့ဖြစ်ရာ သူတို့၏လုပ်ကြံပြောဆိုမှုသည် အသင့်အားစိတ်သောက ဖြစ်စေရန်အကြောင်း တစ်စုံတစ်ရာမျှပင်ရှိမည်မဟုတ်ပေ။ ကေန်မုချ ငါအလ္လာဟ်အရှင်မြတ်သည် သူတို့၏လျှို့ဝှက်စွာလုပ်ကြံမှုများကို သိရှိသလို ပေါ်လွင်ထင်ရှားစွာသော ဆောင်ရွက်မှုများကိုလည်း သိရှိတော်မူလေသည်။ (ကုရ်အာန် ၃၆း၇၆)**

**ရှင်းလင်းချက်။** သစ္စာတရား၊ အမှန်တရားအပေါ် လျှောက်လှမ်းနေသူတစ်ဦးအတွက် မဟုတ်မမှန် ပြောဆိုခံရမှုများ၊ လုပ်ကြံဖန်တီးမှုများ၊ သွားပုပ်လေလွင့် ပြောဆိုခံရမှုများကို အမှန်တကယ်ပင် ကြုံတွေ့ရမည်ဖြစ်သည်။ မိမိသာအမှန်တရားပေါ်တွင် ခိုင်ခိုင်မြဲမြဲ ရပ်တည်နေမည်ဆိုပါက ယင်းသို့သော လုပ်ကြံပြောဆိုမှုများမှာ ရေပွက်ပမာ ပျောက်ကွယ်သွားပေမည်။ အလ္လာဟ်အရှင်မြတ်သည် အရာရာကို အကြွင်းမဲ့ သိမြင်တော်မူသောအရှင် ဖြစ်သည်။

(ရှူရာဟ်ယာစီးန် ၃၆း၇၇)

أَوَلَمْ يَرَ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ

**ငါအရှင်မြတ်က မနုဿလူသားတို့အတွက် ကာလလ ရေကြည် တစ်စက်တစ်ပေါက်မှ စီရင်ဖြစ်ထွန်းစေခဲ့သည်ကို ယင်းလူသားသည် မစူးစမ်းမလေ့လာမိလေသလော။ သို့ပေငြားလည်း ကာလလ ရေကြည် အဆင့်မှလူသားအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားသောအခါ ဂုဏ်မောက် ပြီး အလွန်အမင်း အငြင်းသန်သူ၊ အတိုက်အခံပြုသူ အထင်အရှားဖြစ်သွား လေတော့သည်။ (ကုရ်အာန် ၃၆း၇၇)**

**ရှင်းလင်းချက်။** လူသားသည် မိမိဘဝအမှန်ကို မေ့လျော့တတ်သူဖြစ်သည်။ အခြေအနေအရ အကျိုးပေးသည့်အပေါ် အဆင်ပြေလာလျှင် ဂုဏ်မောက်ကြတော့သည်။ သို့ဖြစ်ပေရာ အထက်ပါအာယသ် တော်က လူသား၏မူလအခြေအနေမှန်ကို သိမြင်နိုင်ရန် ညွှန်ပြနေ ခြင်းသာဖြစ်သည်။ ချမ်းသာသူသည်လည်းကောင်း၊ ဆင်းရဲသူသည် လည်းကောင်း၊ ရုပ်ချောသူသည်လည်းကောင်း၊ ရုပ်ဆိုးသူသည် လည်းကောင်း၊ အုပ်ချုပ်သူသည်လည်းကောင်း၊ အုပ်ချုပ်ခံသည် လည်းကောင်း၊ ပညာတတ်သူသည်လည်းကောင်း၊ ပညာမဲ့သူသည် လည်းကောင်း၊ ယောကျ်ားသည်လည်းကောင်း၊ မိန်းမသည်လည်း ကောင်း၊ အားလုံးသောလူသားတို့၏အစ ဖြစ်တည်ရာမှာ ကာလလ ရေကြည်တစ်စက်တစ်ပေါက်မှသာလျှင် ဖြစ်သည်။ သို့သော် လူသည်မိမိ၏မူလအစဖြစ်တည်ရာကို ဘယ်သောအခါမျှ ပြန်လည် သုံးသပ်တွေးမြင်ခြင်း မရှိချေ။

**(စူရာဟ်ယာစီးန် ၃၆း၇၈)**

وَضَرَبَ لَنَا مَثَلًا وَنَسِيَ خَلْقَهُ قَالَ مَنْ يُحْيِي الْعِظَامَ وَهِيَ رَمِيمٌ

**ယင်းလူသားသည် သူ၏မူလစတင်ဖြစ်ထွန်းလာခဲ့မှုကို မေ့လျော့သွားပြီး ဖြစ်သည့်အပြင် ငါအရှင်မြတ်နှင့်ပတ်သက်၍လည်း ပုံဖော်ခိုင်းနှိုင်းပြောဆိုလေတော့သည်။ ထိုလူသားက 'ဆွေးမြေ့ကျိုးကြေသွားပြီဖြစ်သော အရိုးများကို မည်သူက ပြန်လည်အသက်သွင်းနိုင်မည်နည်း' ဟု မေးခွန်းထုတ်လေသည်။ (ကုရ်အာန်–၃၆း၇၈)**

**ရှင်းလင်းချက်။** မိမိ၏ဘ၀အမှန်ကို မေ့လျော့ပြီး ဂုဏ်မောက်နေသူများသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကိုလည်းကောင်း၊ စွမ်းဆောင်နိုင်မှုအ၀ကို လည်းကောင်း၊ မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုအရပ်ရပ်တို့ကို 'ကေယာမသ်'နေ့တွင် စစ်ဆေးပြီး ထိုက်တန်စွာ အရေးယူမည်ဆိုသည်ကိုလည်းကောင်း လုံး၀အသိမဲ့မေ့လျော့နေကြလေသည်။ သူတို့က 'ငါတို့သည် ကွယ်လွန်သေဆုံးနိဂုံးချုပ်ပြီးနောက် ငါတို့၏အသားများသည် မြေကြီးဖြစ်သွား၍ အရိုးများမှာလည်းဆွေးမြေ့သွားမည်သာ ဖြစ်သည်။ ဘယ်သူကများ ငါတို့၏ပျက်စီးသွားပြီဖြစ်သည့်အရိုးများကို ပြန်လည်အသက်သွင်းနိုင်ပြီး စစ်ဆေးမေးမြန်းနိုင်ပါမည်နည်း'ဟု ထင်မြင်ယူဆစောဒကတက်ကြလေသည်။ ဤသည်ကို ကျမ်းမြတ်ကုရ်အာန်၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

وَكَانُوا يَقُولُونَ أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَبْعُوثُونَ

ငါတို့သေဆုံးပြီးနောက် ငါတို့၏အသွေးအသားများ၊အရိုးများသည် မြေမှုန့်များ ဖြစ်သွားကြမည်သာဖြစ်သည်။ သို့ဖြစ်ရာ ငါတို့သည် ပြန်လည်အသက်ရှင်နိုင်ပါ့ မလားဟု သူတို့က ပြောဆိုလျက် ရှိနေကြပေသည်။ (ကုရ်အာန်–၅၆း၄၇)

သို့သော် လူသားကို မရှိရာမှရှိရာသို့ဖြစ်ထွန်းစေပြီး ပြုစုပျိုးထောင်ခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည်သာလျှင်ဖြစ်သလို သက်ရှိမှ သက်မဲ့ဘဝသို့ နိဂုံးချုပ်ပေး လိုက်သည်မှာလည်း အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ကွယ်လွန် သေဆုံးသွားသူတစ်ဦးကို ပြန်လည်ရှင်သန်စေပြီး သူ၏လုပ်ရပ်များနှင့်ပတ်သက်၍ 'ကိယာမသ်'ကမ္ဘာ့တရားစီရင်မည့်နေ့တွင် အဘယ့်ကြောင့် တရားခွင်သို့တင်ရန် မဖြစ်နိုင်ရမည်နည်း။ အလ္လာဟ်အရှင်မြတ်သည် အရာရာကို တတ်စွမ်းနိုင်သော အရှင်သာလျှင် ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန် (၇၅း၃)နှင့် (၇၅း၄)တို့တွင် ဤသို့ ဖော်ပြထားလေသည်။

أَيَحْسَبُ الْإِنسَانُ أَلَّن نَجْمَعَ عِظَامَهُ

လူသားသည် သူ၏အရိုးများကို ငါအရှင်မြတ်က ပြန်လည်စုစည်းရန် မဖြစ်နိုင် ဟု ထင်မြင်ယူဆနေလေသလော။ (ကုရ်အာန်–၇၅း၃)

بَلَىٰ قَادِرِينَ عَلَىٰ أَن نُّسَوِّيَ بَنَانَهُ

ထိုသို့အလျဉ်းမဟုတ်ပေ။ ငါအလ္လာဟ်အရှင်မြတ်သည် သူ၏လက်ဆစ်၊ ခြေဆစ်များကိုပင်လျှင် မူလအတိုင်း ပြန်လည်အချိုးကျစေရန် တတ်စွမ်းနိုင်သော အရှင်ဖြစ်ပေသည်။ (ကုရ်အာန်–၇၅း၄)

(စူရာဟ်ယာစီးန် ၃၆း၇၉–၈၀)

قُلْ يُحْيِيهَا الَّذِي أَنشَأَهَا أَوَّلَ مَرَّةٍ وَهُوَ بِكُلِّ خَلْقٍ عَلِيمٌ

**အသင်တမန်တော် မြွက်ဟကြေငြာလိုက်ပါ။ ယင်းအရိုးများကို ပထမဦးဆုံး စီရင်ဖြစ်ထွန်းစေခဲ့သော အရှင်မြတ်ကသာလျှင် နောက်တစ်ကြိမ် ပြန်လည်အသက်သွင်းတော်မူမည် ဖြစ်သည်။ အလ္လာဟ် အရှင်မြတ်သည် စီရင်ဖြစ်ထွန်းစေမှုအလုံးစုံ ကိုအကြွင်းမဲ့သိရှိ နားလည် တော်မူပေသည်။ (ကုရ်အာန်–၃၆း၇၉)**

الَّذِي جَعَلَ لَكُم مِّنَ الشَّجَرِ الْأَخْضَرِ نَارًا فَإِذَا أَنتُم مِّنْهُ تُوقِدُونَ

**အလ္လာဟ်အရှင်မြတ်သည် အစိမ်းရောင်ရှိသော သစ်ပင်မှ သင်တို့အတွက် မီးလောင်ကျွမ်းမှုကိုစီမံဆောင်ရွက်ထားပြီးဖြစ်သည်။ သို့ဖြစ်ပေရာ သင်တို့သည် ယင်းသစ်ပင်မှရရှိသောလောင်ကျွမ်းစေမှုကို မီးမွေး အသုံးပြုကြလေကုန်သတည်း။ (ကုရ်အာန်–၃၆း၈၀)**

**ရှင်းလင်းချက်။** လူသားသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုအသက်ရှူထုတ်ကြ၏။ အသက်ရှူသွင်းရာတွင် အောက်ဆီဂျင်ကိုရှူသွင်းကြ၏။ လူသားတို့ ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သစ်ပင်များကရှူသွင်းပြီး အောက်ဆီဂျင်ကို သစ်ပင်များက ပြန်ထုတ်ပေးသည်။ ယင်းအောက်ဆီဂျင်ကို လူသားတို့က ရှူသွင်းပြန်သည်။ ဤသို့ဖြင့် လူသားနှင့်အစိမ်းရောင်ရှိသော သစ်ပင်၊ သစ်ပင်နှင့် လူသားသည် ဂေဟာစနစ်အဖြစ် အပြန်အလှန်အကျိုးပြုလျက်ရှိပေသည်။ လူ၏ ခန္ဓာကိုယ်အတွင်း၌ သွေးလှည့်ပတ်မှုစနစ်ရှိသည်ဖြစ်ရာ ရှူသွင်း

လိုက်သော အောက်ဆီဂျင်သည် သွေးအတွင်းရှိ ဟီမိုဂလိုဘင်၏ သယ်ဆောင်မှုအားဖြင့် ခန္ဓာကိုယ်အနှံ့အပြားကို ရောက်ရှိသွားလေသည်။ ထိုအောက်ဆီဂျင်ဓါတ်အားဖြင့် လူသားသည် လှုပ်ရှားသွားလာရှင်သန်နိုင်ပေသည်။

အခြားရှုထောင့်တစ်ရပ်မှ ကြည့်မည်ဆိုပြန်လျှင် အောက်ဆီဂျင်သည် မီးလောင်မှုကို အားပေးသည်။ မီးလောင်မှုကိုအားပေးသော ယင်အောက်ဆီဂျင်ကို လူသားတို့က အစိမ်းရောင်ရှိသော သစ်ပင်များမှရရှိလေသည်။

**(စူရာဟ်ယာစီးန် ၃၆း၈၁–၈၂–၈၃)**

أَوَلَيْسَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِقَادِرٍ عَلَى أَنْ يَخْلُقَ مِثْلَهُم
بَلَى وَهُوَ الْخَلَّاقُ الْعَلِيمُ

**မဟာစကြဝဠာနှင့် ကမ္ဘာဂြိုဟ်ကို စီရင်ဖြစ်ထွန်းစေခဲ့သော အလ္လာဟ် အရှင်မြတ်သည် သူတို့အားယင်းကဲ့သို့ပင် ပြန်လည်တည်ဆောက် အသက်သွင်းရန် စွမ်းဆောင်နိုင်သူမဟုတ်ပေဘူးလော။ ဤသို့လုံးဝ မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် စီရင်ဖြစ်ထွန်းစေမှု အရပ်ရပ်ကို အကြွင်းမဲ့ သိမြင်တော်မူပေသည်။ (ကုရ်အာန် ၃၆း၈၁)**

إِنَّمَا أَمْرُهُ إِذَا أَرَادَ شَيْئًا أَنْ يَقُولَ لَهُ كُنْ فَيَكُونُ

**အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည်ကား တစ်စုံတစ်ရာကို ဖြစ်တည်ရန် ဆန္ဒရှိရည်စူးသည့်အပေါ် "ဖြစ်စေ" ဟုမိန့်တော်မူလိုက်ရုံမျှဖြင့် ယင်းအရာသည် ဆင့်ကဲဖြစ်ထွန်းလာရလေသည်။**

**(ကုရ်အာန်၃၆း၈၂)**

فَسُبْحَانَ الَّذِي بِيَدِهِ مَلَكُوتُ كُلِّ شَيْءٍ وَإِلَيْهِ تُرْجَعُونَ

**သို့ဖြစ်ရာ ခပ်သိမ်းကုန်သော အချုပ်အခြာအာဏာသည် ချီးကျူးမှုအပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်ထံ တော်၌သာ ရှိပေသည်။ သင်တို့အားလုံးသည် ထိုအရှင်ထံတော်သို့သာ ဦးတည်ပြန် သွားကြရမည်ဖြစ်သည်။ (ကုရ်အာန် ၃၆း၈၃)**

**ရှင်းလင်းချက်။** လူသားတစ်ဦးချင်းသည်၊ မိမိတို့၏နောက်ဆုံးပန်းတိုင်ခရီးကို သိရှိရန် လိုအပ်ပေသည်။ ယနေ့ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ် နေသောပြဿနာ အားလုံး၏အရင်းအမြစ်မှာ ယင်းလူသားတို့သည် မိမိတို့၏နောက်ဆုံး ဦးတည်ရာ ပန်းတိုင်ခရီးကိုမေ့လျော့နေခြင်း ကြောင့်ပင်ဖြစ်သည်။ နောက်ဆုံးဦးတည်ရာ ပန်းတိုင်ခရီးကို မေ့လျော့နေခြင်းမှာ အလ္လာဟ်အရှင်မြတ်ကို မေ့လျော့နေခြင်းသာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ကို မေ့လျော့နေခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ အလ္လာဟ် အရှင်မြတ်၏ ချီးကျူးမှုအပေါင်းမှ ကင်းစင်မှုတို့ကို သတိမမူခြင်း သာဖြစ်သည်။

# နိဂုံး

စူရာဟ်ယာစီးန်သည် ရည်းမှန်းချက်ပျောက်နေသူ၊ ဦးတည်ချက် ပျောက်နေသူ၊ ပန်းတိုင်ပျောက်နေသူတို့အား ရည်မှန်းချက်အစစ်အမှန်၊ ဦးတည်ချက် တိတိကျကျနှင့် မှန်ကန်သော၊ အတုအယောင်မဟုတ်သော၊ ပန်းတိုင်အစစ်အမှန်ဆီသို့ ဖိတ်ခေါ်ညွှန်ပြနေပေသည်။ ဤသည်ကား "စူရာဟ်ယာစီးန် " နှင့်ပတ်သက်သည့် အလ္လာဟ်အရှင်မြတ်၏ဆန္ဒတော် ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်က "**စူရာဟ်ယာစီးန်**"ထဲ၌ မိမိသတင်းပေးလိုသော သတင်းများကိုခပ်သိမ်းကုန်သော လူသားတို့အတွက် ယင်းလူသားတို့၏ လက်တစ်ကမ်း၌သာရှိသော သဘာဝပတ်ဝန်းကျင်ကို အခြေပြုပြီး ဥပမာအလင်္ကာမြောက်စွာဖြင့် တစ်နည်း၊ ဝက်ဝုတ္တိအလင်္ကာမြောက်စွာ တင်စားသုံးနှုန်းထားမှုနှင့်တစ်ဖုံ၊ ခိုင်းနှိုင်းဖော်ပြထားလေသည်။ ယင်းခိုင်းနှိုင်းတင်ပြထားချက်များကို နားလည်အောင် ကြိုးစားအားထုတ်ခြင်းက အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်ကို သိရှိအောင်ပြုလုပ်ခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် 'ဇိကိရ်'ပြုလုပ်ခြင်းဖြစ်သည်။

"**စူရာဟ်ယာစီးန်**" နှင့်ပတ်သက်၍ "**ဖဇီလသ်**"ခေါ်အကျိုးကျေးဇူးအများအပြားကို ပညာရှင်အချို့က အမျိုးမျိုးအဖုံဖုံတင်ပြထားကြပေသည်။ ဥပမာ "**စူရာဟ်ယာစီးန်**"ကို အကြိမ် မည်မျှဖတ်လျှင် "**ဂျဟာန္နမ်**"တွင် ငရဲမီးမလောင်ဟုတစ်မျိုး၊ လာဘ်လာဘ မည်ရွေ့မည်မျှဝင်မည် ဟုတစ်ဖုံ၊ မျက်နှာပွင့်မည်ဟု

တစ်သွယ်၊ အမျိုးမျိုးတင်ပြပြောဆိုကြလေသည်။ သို့သော် အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်ကို သိရှိနားလည်သွားခြင်းဟူသော ''ဖဒီလသ်''အကျိုးကျေးဇူးသည်သာ အမြင့်မြတ်ဆုံးသော ''ဖဒီလသ်''အကျိုးကျေးဇူးဖြစ်လာသည်။

သို့ဖြစ်ရာ ''စူရာဟ်ယာစီးန်''ကို အဓိပ္ပာယ်နားမလည်ဘဲ အကြိမ်ထောင်နှင့်ချီ၍ ဖတ်ရွတ်ခြင်းထက် အဓိပ္ပာယ်သိနားလည်စွာဖြင့် တစ်ကြိမ်တည်း ဖတ်ရွတ်ပြီး သိရှိနားလည်သည့်အလျောက် လိုက်နာကျင့်သုံးခြင်းသာ အမြတ်ဆုံး ဖြစ်ပါသတည်း။

မူဖ်သီ ဦးစန်းအောင် (B.Sc)

بسم الله الرحمن الرحيم

# سورة يٰسٓ

ကုရ်အာန် အသိပညာပြန့်ပွားရေးကော်မတီ
ဆုတောင်းပြည့် အစ္စလာမ်ဝတ်ကျောင်းတော်

(ဂျမာအသ်သားများအတွက်သာကန့်သတ်)

[ဓမ္မဒါန]